# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# (၁၉) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်**

**(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၀.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ်ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၇-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော်ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၅ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၁ ဦးအနက် ၁၉ ဦးကတော့ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၂) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၃) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၄) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၅) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၁ ရက်၊

(၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၇) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊

(၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ) ဦးဒီလုံး ခွင့် ၂ ရက်၊

(၉) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၁၁) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၁၂) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၁၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၁၄) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၁၅) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၁၆) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၃ ရက်၊

(၁၇) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၃ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသိန်းဝင်း ခွင့် ၁ ရက်၊

(၁၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၁ ရက်၊

(၂၀) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၂၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၃ ရက်၊

(၂၂) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

**သုံးခွဲမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် စိုက်ဘဏ်မှစိုက်ပျိုးစရိတ်များထုတ်ချေးခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသူများ

အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့် အနေနဲ့ သုံးခွဲမြို့နယ်က လယ်သမားအချို့ ၂၀၁၃-၂၀၁၄ စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်ပြီးတော့မှ အခက်အခဲဖြစ်နေတဲ့အချက်တွေကိုလာရောက်တင်ပြတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးက တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ စိုက်ပျိုးရာသီမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တချို့မြို့နယ်တွေမှာတော့ လယ်သမား သူရှိတဲ့ဧကအတိုင်း စိုက်ပျိုးစရိတ်အပြည့်အဝချေးပေးတာကို တွေ့ရပါတယ်။ သုံးခွဲမြို့နယ်မှာတော့ စိုက်ပျိုးစရိတ်တွေထုတ်ချေးတဲ့နေရာမှာ ၁၀ ဧကအထိသာ ထုတ်ချေးပြီးတော့မှ ၁၀ ဧကထက်ပိုတဲ့မြေအတွက်ထုတ်ချေးခြင်းမရှိပါဘူး။ အဲ့လိုမရှိတဲ့အတွက် လယ်သမားတွေက ၁၀ ဧကထက်ပိုတဲ့မြေတွေကို အမည်အမျိုးမျိုးနဲ့ခွဲစိတ်ပြီးတော့မှ အမည်ပေါက် တွေလုပ်ရတယ်။ အဲ့လို လုပ်တဲ့အခါမှာလည်း မြေတိုင်းတာတာတို့အစရှိတဲ့လုပ်ငန်းတွေလုပ်တဲ့အတွက် ငွေကြေးတွေလည်း ကုန်ကျတာတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ မေးချင်တဲ့မေးခွန်း(၁)အနေနဲ့ ကတော့ သုံးခွဲမြို့နယ်မှာ လယ်သမားတစ်ဦးချင်းစိုက်ပျိုးနိုင်တဲ့မြေပမာဏအတိုင်း သတ်မှတ်နှုန်းထား ဖြင့် နောင်ကာလတွေမှာငွေထုတ်ချေးခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးလိုပါတယ်။ မေးခွန်း(၂)အနေနဲ့ကတော့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးတဲ့နေရာမှာ လယ်သမားတစ်ဦးလျှင် ကျပ် ၂၀၀၀ ပေးဆောင်နေရတယ်လို့တင်ပြကြပါတယ်။ အဲ့ဒီငွေကြေးဟာ တရားဝင်ပေးဆောင်ရန် သတ်မှတ်ထားတဲ့ငွေဟုတ်/မဟုတ်သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကျွန်တော် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏မေးမြန်းချက်နှင့်ပတ်သက်ပြီးတော့ ရှင်းလင်း ဖြေကြားပါ့မယ်ခင်ဗျား။ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ စပါးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ၅၀၀၀၀ ကျပ်နှုန်းထုတ်ချေးပေးခဲ့ပြီး

နှေစပါးတစ်ဧကလျှင် ၈၀၀၀၀ ကျပ်နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစိုက်စပါးတစ်ဧကလျှင် ၁၀၀၀၀၀ ကျပ်နှုန်းထုတ်ချေးပေးလျက်ရှိပါတယ်။၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် တောင်သူ တစ်ဦးချင်း၏ ဦးပိုင်လုပ်ကွက်အလိုက် မြေပုံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော လယ်ယာ-၁ ပုံစံများဖြင့် တောင်သူတစ်ဦးချင်း၏ဦးပိုင်လုပ်ကွက်တစ်ခုချင်းအား စာရင်းကောက်ယူပြုစုခဲ့စဉ်က ဖော်ပြပါရှိသည့် တောင်သူအမည်၊ ဦးပိုင်လုပ်ကွက်များ၊ ဧရိယာများစသည်တို့မှာ ပြင်ဆင်ပြောင်းလဲ ၍ မရခြင်းကြောင့် ၁၀ ဧကထက်ပိုသောမြေများအား သားသမီးများအမည်ဖြင့် ဦးပိုင်ပေါက်အမည် ပြင်ဆင်လျှောက်ထားခြင်းများမရှိကြောင်း၊ သုံးခွမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏စိစစ်ချက် အရသိရှိရပါတယ်။ တောင်သူလယ်သမားများအား ချေးငွေထုတ်ချေးပေးရာတွင် တောင်သူ လယ်သမားများ၏ဆန္ဒအရသာ ချေးယူစေရာ၌ ငွေကြေးအရင်းအနှီးအခက်အခဲရှိနိုင်ကြသည့် လုပ်ကွက်ငယ် ၁၀ ဧက အထိလုပ်ကိုင်နိုင်သူများကိုသာ ထုတ်ချေးခြင်းဖြစ်ပါတယ်။ ထိုသို့ ထုတ်ချေးရာတွင် ချေးငွေစိစစ်ရေးအဖွဲ့၏ထောက်ခံချက်ဖြင့် ငွေချေးယူသည့်အစုအဖွဲ့ဝင်အချင်းချင်း စုပေါင်းအာမခံချက်ဖြင့် ထုတ်ချေးကြောင်းနှင့် ဧကလွှာဖြင့်ထုတ်ချေးခြင်းမပြုကြောင်း၊ ငွေချေးယူသည့် တောင်သူလယ်သမားများအနေဖြင့် မြို့နယ်ဘဏ်ခွဲများသို့ ကိုယ်တိုင်လာရောက်ချေးယူခြင်း၊ ပေးဆပ်ခြင်းပြုရမည်ဖြစ်ပါကြောင်း တောင်သူလယ်သမားများမှ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးအတွက် တစ်ဦးချင်းကိုယ်တိုင် ချေးငွေအဆိုပြုလွှာများကို အစုအဖွဲ့လိုက်ပြုစုပြီး ကျေးရွာအုပ်စုအလိုက် ဖွဲ့စည်းထားသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဌာနမှ ဒုလက်ထောက်ဦးစီးမှူး၊ ဆိုင်ရာသီးနှံတာဝန်ခံ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အုပ်စုမြေတိုင်းစာရေးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ချေးယူသူတောင်သူလယ်သမားအစုအဖွဲ့၏ ကိုယ်စားလှယ်တစ်ဦးက အတွင်းရေးမှူးအဖြစ်ပါဝင်သည့် ချေးငွေစိစစ်ရေးအဖွဲ့၏ထောက်ခံချက်ဖြင့် မြို့နယ်ဘဏ်ခွဲသို့တင်ပြပြီးမှ မြို့နယ်ဘဏ်ခွဲမှစိစစ်ခွင့်ပြုချက်ဖြင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးခြင်းဖြစ်ကြောင်း၊ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရာတွင်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေကောင်တာတွင် တောင်သူလယ်သမားတစ်ဦးချင်းလက်ဝယ်သို့ တိုက်ရိုက်ထုတ်ပေးခြင်းဖြစ်ရာ ငွေကြေးမသမာမှုများ မရှိကြောင်းသိရပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရေး လုပ်ငန်းဆောင်ရွက်ရာတွင် တောင်သူတစ်ဦးချင်း၏ ဦးပိုင်လုပ်ကွက်ဧကစာရင်း မှန်ကန်ရေးအတွက် တောင်သူလယ်သမားအမည်၊ ဦးပိုင်လုပ်ကွက်များ၊ ဧကစာရင်းများအတိုင်း စိစစ်ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားသည်မှ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြု လက်မှတ်ထုတ်ပေးသည်အထိ ပေးဆောင်ရမည့် လယ်ယာမြေမှတ်ပုံတင်ကြေး ၅၀၀ ကျပ်မှတစ်ပါး အခြားမည်သည့် ငွေကြေးတစ်စုံတစ်ရာမျှ ကောက်ခံမှုများမဖြစ်ပေါ်စေရေးနှင့် တရား မဝင်ငွေကြေး ကောက်ခံ တောင်းခံယူမှုများ ဖြစ်ပေါ်လာပါက ထိထိရောက်ရောက် စုံစမ်းစစ်ဆေး အရေး ယူသွားရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၁-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀/လယ-၁၆/(၀၀၅/၂၀၁၃) ဖြင့် တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များထံ ညွှန်ကြားထားရှိပြီး ညွှန်ကြားချက် များကိုလည်း ကြေးတိုင်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများအားလုံးအား သိရှိရန်ဆောင်ရွက်ထားပြီး ဖြစ်ပါသဖြင့် ဌာနဝန်ထမ်းများမှ မမှန်မကန်ဆောင်ရွက်နေခြင်း၊ မမှန်မကန်ငွေ တောင်းခံနေခြင်း များရှိ ပါက ဝန်ထမ်းအမည်တိကျစွာဖြင့် တိုင်ကြားလာလျှင် အဖြစ်မှန်ကိုစစ်ဆေးဖော်ထုတ်ပြီး ထိရောက်စွာ စံနမူနာပြအရေး ယူသွားမည်ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမား များသို့ စိုက်ပျိုးရာသီအလိုက်၊ သီးနှံအလိုက် စိုက်ပျိုးစရိတ်အတွက် ငွေထုတ်ချေးရာတွင် တောင်သူ လယ်သမားများ၏ ချေးငွေအပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့် အကြောင်း နဲ့မျှ ငွေကြေးတစ်စုံ တစ်ရာဖြတ်တောက် ခြင်း၊ တောင်းယူခြင်း၊ ကောက်ခံခြင်း၊ ခုနှိမ်ခြင်း၊ သဒ္ဒါကြေး လက်ခံခြင်း၊ အလှူခံခြင်းစသည့်ကိစ္စများ လုံးဝဆောင်ရွက်ခြင်းမပြုလုပ်ရန် လမ်းညွှန်ထား ရှိပြီး ဖြစ်ပါတယ်။ မြို့နယ်များ၏ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ သက်ဆိုင်ရာ ဘဏ်ဝန်ထမ်းတစ်ဦးဦးမှ ငွေကောက်ခံ ဆောင်ရွက်ခွင့်မရှိ၍ ငွေကောက်ခံခဲ့ပါက ငွေတောင်းခံကြောင်း မြို့နယ်ဘဏ်ခွဲ အမည် နှင့် ဝန်ထမ်းများကို တိတိ ကျကျတိုင်ကြားပါက အဖြစ်မှန်ကို စစ်ဆေးဖော်ထုတ်ပြီး ပြင်းထန်စွာ အရေး ယူဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့်လည်း တရားမဝင်ငွေကြေး ကောက်ခံမှုများပြုလုပ်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့်တိုင်ကြားလာပါက အချိန်နှင့်တပြေးညီ ဥပဒေနဲ့အညီဆောင်ရွက်ခြင်းမရှိသော ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် ငွေကြေးအရင်းအနှီး မတတ်နိုင်သော လယ်ယာမြေ ၁၀ ဧကအောက် လုပ်ကွက်ငယ် တောင်သူများကိုသာ ထိရောက်အောင်ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခြေခံလူတန်းစား

များ၏ အခက်အခဲများကို ပြေလည်စေရေးအတွက် နိုင်ငံတော်၏အတည်ပြုချက်ရယူပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအရ ချေးငွေများထုတ်ချေးရခြင်းဖြစ်ပါတယ်။ လယ်ယာမြေ ၁၀ ဧကအထက်ပိုင်ဆိုင်သော ငွေရှင်၊ ကြေးရှင်၊ လယ်ရှင်ကြီးများအနေဖြင့် ယခင်ချေးငွေ တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းချေးစဉ်က ငွေပမာဏနည်းသည့်အတွက် ချေးငွေထုတ်ချေးရန် စိတ်ဝင်စားမှုမရှိခဲ့ကြပါ။ ယခု စပါးသီးနှံတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းထုတ်ချေးပေးနေပြီဖြစ်ပါ၍ လယ်ပိုင်လယ်ရှင်ကြီးများအနေဖြင့် ၎င်းတို့၏ငွေကြေးလှည့်ပတ်သုံးစွဲရန် လိုအပ်ချက်ကို ဇနီး၊ သားသမီးများ၏အမည်ဖြင့်လယ်အမည်ပေါက်ခွဲခြင်း၊ လူဦးရေစာရင်းခွဲခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် ချေးငွေရရှိရေးအတွက် လယ်ယာမြေပိုင်ဆိုင်မှုများကို ခွဲဝေဆောင်ရွက်ကြခြင်း ဖြစ်နိုင်ပါတယ်။ လုပ်ကွက်ကြီးသည့် လယ်ရှင်ကြီးများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိပါက အခြားအစိုးရအသိ အမှတ်ပြုဘဏ်များတွင်လည်း လယ်ယာမြေဥပဒေအရ ပေါင်နှံခြင်းအားဖြင့် ချေးငွေများကို ရရှိနိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာမြေ ၁၀ ဧကအထက် ပိုင်ဆိုင်ကြသော လယ်ရှင်ကြီးများကို စိုက်ပျိုးစရိတ်ထုတ်ချေးပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တောင်သူလယ်သမားများအား နှစ်စဉ်ချေးငွေဆပ်စနစ်အစား နှစ်ရှည် ၂ နှစ်ဆပ်စနစ်ဖြင့် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ပြည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တောင်သူလယ်သမားများကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကနေ စိုက်ပျိုးထုတ်လုပ်မှုအထောက်အကူ ဖြစ်စေရန်စတဲ့ ရည်ရွယ်ချက်ကောင်းများစွာနဲ့ စိုက်စရိတ်များ ထုတ်ချေးပေးနေပါတယ်။ ယနေ့အစိုးရသစ်လက်ထက်မှာ စိုက်ပျိုးစရိတ်ကို နှစ်စဉ်တိုးပြီး ချေးပေးခဲ့တဲ့အတွက် အခုဆိုရင် လယ်တစ်ဧကကို ကျပ် ၁ သိန်းအထိ တိုးမြှင့်ချေးပေးနေတဲ့အတွက် နိုင်ငံတော်အစိုးရအပေါ် တောင်သူလယ်သမားများက ကျေးဇူးတင်မဆုံးဖြစ်နေကြရပါတယ်။ ဒါပေမယ့် ချေးငွေပြန်ဆပ်ရတဲ့စနစ်က သီးနှံပေါ်ချိန်နှစ်စဉ်

ပြန်ဆပ်ရတဲ့စနစ် ဖြစ်နေတာကြောင့် အကြောင်းအမျိုးမျိုးကြောင့် သီးနှံပျက်စီးတဲ့အချိန်၊ ရာသီဥတုကြောင့်စိုက်ချိန်နောက်ကျပြီးတော့ သီးနှံမပေါ်ခင်ငွေပြန်အပ်ရတဲ့ အခါမျိုးတွေ၊ သီးနှံလက်ဝယ်ရရှိပါလျက်နဲ့ သီးနှံဈေးကျနေခြင်း၊ ဈေးနိမ့်၍ အဝယ်ခံရခြင်း၊ ကြိုက်ဈေးကိုစောင့်၍ မရောင်းနိုင်ခြင်းစတဲ့ အခက်အခဲများကို တောင်သူဦးကြီးများ တွေ့ကြုံနေရတတ်ပါတယ်။ နိုင်ငံတော်ရဲ့ စေတနာကလည်းပေးကားပေး၏ မရဆိုသလို ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် သီးနှံပေါ်ချိန် နှစ်စဉ်ချေးငွေပေးဆပ်ရတဲ့စနစ်မှ နှစ်ရှည်အနည်းဆုံး ၂ နှစ် ပေးဆပ်ရတဲ့စနစ်သို့ ပေးဆပ်ခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ တောင်သူလယ်သမားများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၏ မေးမြန်းချက်ကို ရှင်းလင်းဖြေကြားပါမယ်ခင်ဗျား။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နှစ်စဉ်သီးနှံထုတ်လုပ်မှုချေးငွေနှင့် နှစ်တို၊ နှစ်ရှည်ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးပါတယ်။ သီးနှံထုတ်လုပ်မှုချေးငွေအဖြစ် မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ချိန်တွင် စိုက်ပျိုးစရိတ်အတွက် ငွေချေးပြီး သီးနှံပေါ်၍ ရိတ်သိမ်းရောင်းချပြီး တောင်သူလယ်သမားများ ငွေပေါ်ချိန်တွင် ပြန်လည်ကောက်ခံသည့်စနစ်ဖြစ်ပါတယ်။ ဥပမာ မိုးစပါးကို နိုဝင်ဘာလကနေ ဒီဇင်ဘာလတို့တွင် ရိတ်သိမ်းမည်ဖြစ်ရာ မိုးချေးငွေကောက်ခံရေးကာလကို ဇန်နဝါရီလမှ မတ်လအထိ သတ်မှတ်ထားပါတယ်။ ၎င်းကာလသည် တောင်သူလယ်သမားများ စပါးရောင်းချရေးလက်ဝယ်တွင် ငွေကြေးရှိသည့်အခြေအနေဖြစ်ပါတယ်။ ငွေထုတ်ချေးရာတွင်လည်း စောစီးစွာထုတ်ချေးခြင်း သို့မဟုတ် နောက်ကျမှ ထုတ်ချေးခြင်းများမရှိရန် သတိပြုဆောင်ရွက်ရပါတယ်။ တောင်သူများ စိုက်ပျိုးချိန်ထက်စောစီးစွာ ကြိုတင်ချေးပါက လုပ်ငန်းအတွက် အသုံးမပြုဘဲ အခြားကိစ္စများအတွက် အသုံးပြုခြင်းများ ဖြစ်သွားနိုင်သကဲ့သို့ နောက်ကျမှ ချေးပါကလည်း လုပ်ငန်းအတွက် အသုံးမပြုနိုင်တော့သည် အခြေအနေမျိုးဖြစ်သွားတတ်ပါတယ်။ ထို့နည်းတူစွာ ငွေကောက်ခံရာတွင်လည်း အချိန်ကိုက်အချိန်မီ သီးနှံပေါ်ချိန်ငွေရှင်ချိန်တွင် ပြန်လည်ကောက်ခံရခြင်းဖြစ်ပါတယ်။ လက်ဝယ်တွင် ငွေမရှိတော့သည့်အချိန်လွန်မှ

ကျော်လွန်ကောက်ခံပါက လယ်သမားများလက်ဝယ်သီးနှံလည်း မရှိ၊ ငွေလည်းမရှိတော့လျှင် ကောက်ခံရေးလွန်စွာခက်ခဲပြီးနိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ပါတယ်။ သီးနှံပေါ်ပြီး ရိတ်သိမ်းချိန်ပြီးသည့်အချိန်တွင် ကောက်ခံ၍မရပါက အချိန်ကြာလေလေ ပိုခက်လေလေဖြစ်ပြီး ကြွေးကျန်သူ တောင်သူလယ်သမားများ ဥပဒေအရအရေးယူခံရဖွယ်ရှိပါတယ်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ နှစ်စဉ်ရာသီအလိုက်ထုတ်ချေးသည့် သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေမှာ နှစ်ချင်းဆပ်ချေးငွေဖြစ်၍ ရာသီအလိုက် သတ်မှတ်ထားသည့်ကာလတွင် ပြန်လည်ပေးဆပ်ရပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မတည်ငွေရင်းတစ်ခုတည်းဖြင့် ငွေချေးရန်မလုံလောက်သော ကြောင့် နှစ်စဉ်နှစ်တိုင်းပင် မြန်မာ့စီးပွားရေးဘဏ်မှ အတိုးဖြင့်ချေးယူပြီး လယ်သမားများသို့ တစ်ဆင့်ပြန်လည်ထုတ်ချေးပေးနေခြင်း ဖြစ်ပါတယ်။ ထိုချေးငွေများအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် မြန်မာ့စီးပွားရေးဘဏ်သို့ သုံးလပတ်တစ်ကြိမ် အတိုးပေးသွင်းရပါတယ်။ တောင်သူလယ်သမားများထံမှ ရာသီအလိုက် သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများအား အပြည့်အဝ ပြန်လည်ကောက်ခံရရှိမှသာလျှင် မြန်မာ့စီးပွားရေး ဘဏ်သို့ ငွေရင်းနှင့်တကွ ကျသင့်သည့် အတိုးကို အချိန်မီပြန်လည်ပေးဆပ်နိုင်မည်ဖြစ်ပါတယ်။ နှစ်ချင်းဆပ်ချေးငွေကို ချေးငွေကာလတစ်နှစ်သာ သတ်မှတ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှလည်း ၎င်း၏ ချေးငွေများကို တစ်နှစ်သာခွင့်ပြုပါတယ်။ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ချေးငွေပြန်ဆပ်ရန် အမှန်တကယ်အခက်အခဲရှိသည့် ဒေသများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ စိစစ်ထောက်ခံချက်၊ အာမခံချက်များဖြင့် စိုက်ပျိုးစရိတ်ငွေများပြန်လည်ပေးဆပ်ရန် ရက်သတ်မှတ်ခြင်းကို ကာလအနည်းငယ် ရွှေ့ဆိုင်းပေး နိုင်ပါတယ်။ သို့ဖြစ်ပါ၍ အမှန်ရာသီဥတုဖောက်ပြန်မှုကြောင့် အမှန်တကယ်သီးနှံအထွက်ဆုံးရှုံးမှု ဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တင်ပြရန်လိုအပ်ပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့မှ မြေပြင်အခြေအနေအမှန်အား ကွင်းဆင်းစိစစ်၍ တွေ့ရှိချက်အပေါ် လိုအပ်ချက်ကို ထောက်ခံတင်ပြပေးရန် လိုအပ်ပါတယ်။ လက်ရှိအခြေအနေတွင် တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရာသီအလိုက်လိုအပ်သော စိုက်ပျိုးစရိတ်ငွေများကို ပြင်ပမှငွေတိုးကြီးစွာဖြင့် ပေါင်နှံချေးငှား သုံးစွဲရသည့်အစား အလွန်သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးနှံအမယ်အလိုက်နှုန်းထားသတ်မှတ်၍ ထုတ်ချေးရယူသုံးစွဲလျက်ရှိပါတယ်။ သီးနှံအလိုက် ချေးငွေနှုန်းထားသတ်မှတ်ထုတ်ပေးခြင်းသည် စိုက်ပျိုးချိန်အမီ ငွေအရင်းအနှီးလိုအပ် ချက်ကို အထိုက်အလျောက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ သီးနှံစိုက်ပျိုးရန် ထုတ်ချေးပေးခြင်း

ဖြစ်ပါတယ်။ ရာသီအလိုက်သီးနှံပေါ်ချိန်တွင် ငွေပြန်ဆပ်ပြီးမှ နောက်သီးနှံအတွက် ချေးငွေအသစ် ထုတ်ပေးသည့်စနစ်သည် တောင်သူများလက်ဝယ်ရှိငွေကို အလွယ်တကူ အခြားတစ်နေရာတွင် သုံးစွဲခြင်း၊ ဥပမာ လွယ်လွယ်ကူကူပင် လောင်းကစားပစ်ခြင်း၊ အရက်သေစာသောက်စားပစ်ခြင်း၊ အခြားအထွေထွေလိုအပ်ချက်များတွင်သုံးစွဲကုန်ကျသွားခြင်းများကြောင့် နိုင်ငံတော်သို့ ချေးငွေပြန်လည်ပေးဆပ်ရန်တာဝန်မကျေခြင်းစသည့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် အချိန်ကိုက်ပြန်လည်ကောက်ခံခြင်းစနစ်ကို အကျိုးမျှော်ကိုးပြီး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေကို စနစ်တကျစိုက်ပျိုးစီမံအသုံးချတတ်သည့် တောင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင်အကြွေးတင်သည့်ဘဝမှ လွတ်မြောက်စွာ အောင်မြင်ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ပေးဆပ်ချိန်ကာလ ၂ နှစ်၊ ၁ နှစ် စသည်အားဖြင့် ကာလရှည်ထုတ်ချေးပေးပါကငွေကို အလွယ်တကူသုံးစွဲတတ်သည့် အလေ့အထကြောင့် ချေးငွေပြန်မဆပ်နိုင်ခြင်း၊ နိုင်ငံတော်ငွေကြေးဆုံးရှုံးနိုင်ခြင်း၊ နောက်သီးနှံစိုက်ပျိုးချိန်တွင် ယခင်ချေးငွေမပြေကျေသေးသည့်အတွက် ချေးငွေအသစ်ရရှိရန် အခက်အခဲကြီးမားသည့်အကျိုးကွင်းဆက်များဖြစ်ပေါ်လာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ စိုက်ပျိုးရာသီအချိန်မီ ငွေထုတ်ချေးခြင်း၊ သီးနှံပေါ်ချိန်ငွေရှင်ချိန်တွင် ငွေပြန်လည်ကောက်ခံခြင်း၊ လက်ရှိအခြေအနေတွင် အကောင်းဆုံးချေးငွေစနစ်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြောက်ယမားဆည် လက်ယာတူးမြောင်း ရေသောက်ဧရိယာဧက ၉၀၀၀ စီမံကိန်းရပ်ဆိုင်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် မြောက်ယမားဆည် လက်ယာတူးမြောင်းရေသောက်ဧရိယာဧက ၉၀၀၀ စီမံကိန်းဟာ ဒေသခံတောင်သူလယ်သမားများအတွက် စီမံကိန်းစတင်လုပ်ဆောင်စဉ်ကာလတွင်ပင် ဆုံးရှုံးနစ်နာမှုများပေါ်ပေါက်နေသောကြောင့် ပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ဒီစီမံကိန်းကို ဆက်လက်လုပ်ဆောင်ခြင်းအား ရပ်ဆိုင်းရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့် ပတ်သက်ပြီး

တော့မေးမြန်းမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မြောက်ယမားဆည် လက်ယာတူးမြောင်းရေသောက်ဧရိယာ ဧက ၉၀၀၀ စီမံကိန်းဟာ မူလပထမရေးဆွဲထားတဲ့ စီမံကိန်းအစီအစဉ်မြေပုံဟောင်းအတိုင်းဖောက်လုပ်နေခြင်းမဟုတ်ပါဘူး။ မြေပုံဟောင်းအရဆိုလို့ရှိရင် ယခုထက်ပို၍ရေသောက်ဧရိယာဧကဟာ ပိုပြီးတော့ရရှိနိုင်မှာဖြစ်ပါတယ်။ ယခုဖောက်လုပ်နေတဲ့ လုပ်ငန်းစဉ်အရဆိုလို့ရှိရင် ရေသောက်ဧရိယာဟာ များစွာလျော့ပါးသွားမှာလည်း ဖြစ်ပါတယ်။ စာရင်းကိန်းဂဏန်းအရ ရေသောက်ဧရိယာမှာ ဧက ၉၀၀၀ လို့ဆိုပေမယ့်လို့ ရေရရှိနိုင်မှုအနေအထားမရှိတဲ့ လယ်ယာမြေဧရိယာဧကဟာ ၂၀၀၀ ခန့်ရှိနေပါတယ်။ လက်ယာတူးမြောင်းမဖောက်မီက ဒေသရဲ့ ရေစီးရေလာဟာ ကောင်းမွန်ခဲ့ပြီး နှစ်စဉ်စိုက်ပျိုးအောင်မြင်လျက် ရှိတဲ့မိုးစပါး စိုက်ပျိုးမြေဧရိယာဟာ ဧက ၄၀၀၀ ခန့်ရှိပါတယ်။ ကျေးညင်းကြီးရွာရဲ့ အနောက်ဘက်မှာရှိတဲ့ ဘဲဆည်ကနေဆည်ရေသောက်ပြီးတော့လည်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့်တိုးတက်ပြီး ရေရရှိလာမယ့်ဧရိယာဧကဟာ ၂၀၀၀ ကနေ ၂၅၀၀ ခန့်လောက်ပဲ ရှိနေပါတယ်။ အဲ့ဒီမှာလက်ယာတူးမြောင်း စီမံကိန်းစတင်ဆောင်ရွက်လိုက်တဲ့ အတွက်ကြောင့် လက်ရှိအောင်မြင်ဖြစ်ထွန်းနေတဲ့ ဧက ၇၀၀၀ လောက်ကလည်း ပျက်စီးဆုံးရှုံးသွားပြီလည်းဖြစ်ပါတယ်။ ဒီလိုပျက်စီးဆုံးရှုံးသွားတဲ့လယ်ယာမြေတွေဟာ တောင်သူလယ်သမားမိသားစုတွေအတွက် ပြန်လည်အစားထိုးမရနိုင်တဲ့ ထာဝရဆုံးရှုံးနစ်နာမှုများဖြစ်ပါတယ်။ ဒါကြောင့် ယခုဆောင်ရွက်နေတဲ့ စီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန်သင့်/မသင့် သေချာစွာကွင်းဆင်းစစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများရဲ့ အသံကိုနားထောင်ပြီးမှ လေ့လာဆန်းစစ်၍ ဆက်လက်လုပ်ဆောင်ရန် သင့်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခုလက်ရှိ လက်ယာတူးမြောင်းစီမံကိန်းဖော်ဆောင်နေဆဲကာလမှာလည်း တူးဖော်ဖောက်လုပ်ခံထားရတဲ့ နေရာဒေသတွေဟာ သဘာဝရေမြောင်းများ၊ သဘာဝဆည်များနှင့် နှစ်စဉ်မိုးစပါး စိုက်ပျိုးလုပ်နိုင်တဲ့ ရေလမ်းများဟာ ပျက်စီးဆုံးရှုံးနေပြီး ကန့်လန့်ဘောင်ရဲ့ အောက်ဘက်မှာရှိတဲ့ မိုးစပါးရေသောက်ကွင်းတွေဟာ သဘာဝမိုးရေကို လုံလောက်စွာမရနိုင်တဲ့အခြေအနေမှာ ရှိနေတာကို တွေ့ရပါတယ်။ ကန့်လန့်ဘောင်ရဲ့ အထက်ဘက်မှာကျပြန်တော့လည်း မူလရေလမ်းကြောင်းတွေ ပိတ်ဆို့ကုန်တဲ့အတွက်ကြောင့် သီးနှံများရေနစ်ပျက်စီးဆုံးရှုံးမှုတွေ ကြုံတွေ့ရမှာဖြစ်ပါတယ်။ ရေဆိုးထွက်ပေါက်တွေ လုပ်ထားတယ်လို့ပြောပေမယ့် လူကြီးလာရင် မြင်နိုင်တဲ့နေရာလောက်မှာပဲ ဒီလိုရေဆိုးထွက်ပေါက်တွေကို ဖောက်လုပ်ထားတဲ့အတွက်ကြောင့် အခုနှစ်မိုးရာသီ မိုးသည်းထန်စွာရွာခဲ့တဲ့အချိန်တုန်းက ကန့်လန့်ဘောင်ရဲ့အထက်ဘက်က ကျောင်းသန်းရွာဟာ ရေနစ်မြုပ်ပြီး

ရေကြီးရေလျှံမှုနှင့် ရေဘေးဒုက္ခတွေ ဖြစ်ခဲ့ရတာဟာ ကျွန်မတို့ ယခုအချိန်မှာတင်ပြနိုင်တဲ့ သာဓကပဲ ဖြစ်ပါတယ်။ ဒါကြောင့် လက်ယာ တူးမြောင်းစီမံကိန်းဟာ အောင်မြင်မှုခန့်မှန်းချက်တိုးတက်ဖို့ မရှိပေမယ့် ဆုံးရှုံးထိခိုက်နိုင်တာကတော့ ခန့်မှန်းတာထက်ပိုနိုင်ပါတယ်။ မလျော့နိုင်တဲ့ အနေအထား ကိုလည်းတွေ့နေရတဲ့အတွက်ကြောင့် လက်ယာတူးမြောင်း ဆက်ဖောက်သင့်/မဖောက်သင့်ကို စဉ်းစားရမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သောဥက္ကဋ္ဌကြီးရှင်။ ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံ လယ်သမားများရဲ့ အကျိုးဖြစ်ထွန်းမှုတွင် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အမြောက်အမြားအကုန်ကျခံပြီး စီမံကိန်းများဖော်ဆောင်တဲ့အခါမှာ ဘဏ္ဍာငွေသုံးစွဲရတဲ့ ပမာဏ၊ ဒေသခံပြည်သူများကို အကျိုးဖြစ် ထွန်းစေတဲ့ ပမာဏ၊ စီမံကိန်းကြောင့်ဖြစ်ပေါ်လာတဲ့ ထိခိုက်ဆုံးရှုံးမှု၊ နစ်နာမှုပမာဏ၊ စီမံကိန်းအပေါ်ဒေသခံများရဲ့ လက်ခံမှုနှင့် တုံ့ပြန်မှုစသည်တို့ကို အသေးစိတ် လေ့လာပြီးမှသာ ဆက်လက်လုပ်ဆောင်သင့်/မသင့်ကို စဉ်းစားဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ပြည်သူများ အကျိုးဖြစ်ထွန်း မှုနှင့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေသုံးစွဲရတဲ့ ပမာဏက ပြည်သူများအကျိုးဖြစ်ထွန်းမှု နည်းပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေသုံးစွဲရတဲ့ ပမာဏကများနေပြီးတော့ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမှုနည်းပါး တဲ့အတွက်ကြောင့်မို့လို့ ဒီမြောက်ယမားဆည် လက်ယာတူးမြောင်းဖောက်လုပ် ခြင်းစီမံကိန်းဟာ ဆက်လက်ဆောင်ရွက်ရန် မသင့်တော်ကြောင်းနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းရန် အစီအစဉ်ရှိ/မရှိနှင့် ဒေသခံများရဲ့အကျိုးစီးပွားကို မည်ကဲ့သို့ကာကွယ် စောင့်ရှောက်မည်ကိုသိရှိလို ပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ် ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ မြောက်ယမားရေလှောင်တမံနှင့်ပတ်သက်ပြီးတော့ မေးမြန်းချက်ကို ဆက်လက်ရှင်းလင်းဖြေကြား အပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် မြောက်ယမားရေလှောင်တမံကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ဆည်ရေသောက်ဧရိယာ ၁၂၀၀၀ ဧကကို ဆည်ရေပေးဝေ စိုက်ပျိုး နိုင်ခဲ့ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် မြောက်ယမားရေကူရေလှောင်တမံကို ထပ်မံတည်ဆောက်ခဲ့ပြီး ရေပိုမိုလှောင်နိုင်ခြင်းကြောင့် မူလစိုက်ပျိုးမြေဧရိယာ ၁၂၀၀၀ ဧကမှ ၂၂၀၀၀ ဧကသို့ တိုးချဲ့စိုက်ပျိုး

နိုင်သည့်အပြင် စိုက်ပျိုးမြေ ဧရိယာ ၉၀၀၀ ဧကခန့်ကိုလည်း ထပ်မံ၍ ဆည်ရေပေးဝေနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြောက်ယမား လက်ယာတိုးချဲ့ရေသောက်စနစ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် မတ်လကုန်အထိ တူးမြောင်းတူးဖော်ခြင်းလုပ်ငန်း ၃၆ ရာခိုင်နှုန်းနှင့် တူးမြောင်းအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ မြောက်ယမားလက်ယာ တိုးချဲ့ရေသောက်စနစ်ကို တည်ဆောက်ခြင်းကြောင့် လယ်ယာမြေဧက ၇၀၀ ခန့် ဆုံးရှုံးမည်ဖြစ်သော်လည်း စီမံကိန်းလုပ်ငန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးပါက စိုက်ပျိုးမြေဧရိယာ ၉၀၀၀ ဧကခန့်ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်ပါသောကြောင့် ဆုံးရှုံးမှုနှင့် အကျိုးသက်ရောက်မှုတို့ကို နှိုင်းယှဉ်ပါလျှင် အကျိုးသက်ရောက်မှု ပိုမိုရရှိနိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ မြောက်ယမားလက်ယာတိုးချဲ့ ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းသည် တည်ဆောက်ဆဲကာလဖြစ်သည့်အတွက် ရေသောက်စနစ်အတွင်း ရေနုတ်မြောင်းနှင့် ရေဆိုးထုတ်အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခြင်း မရှိသေးပါသဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီတွင် စီမံကိန်းဧရိယာအတွင်းရှိ ကြောင်သန်းကျေးရွာအနီး ပတိမ်ကန်ရိုးတစ်ဝိုက်တွင် ခေတ္တရေကြီးမှုဖြစ်ပေါ်ခဲ့သော်လည်း ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် ချက်ချင်းစီမံဆောင်ရွက်ပေးခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိခဲ့ပါကြောင်းနှင့် စီမံကိန်းဒေသတစ်ခုလုံးပြီးစီးပါက ရေစီးရေလာ ပိုမိုကောင်းမွန်သွားမည်ဖြစ်ပြီး ရေကြီးနစ်မြုပ်မှုကို ကာကွယ်ပေးသွားနိုင်မှာဖြစ်ပါတယ်။

မြောက်ယမားလက်ယာတိုးချဲ့ ရေသောက်စနစ်ကို တည်ဆောက်ပေးခြင်းအားဖြင့် ပုလဲမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာနိုင်ခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြေမှုကို အထောက်အကူပြုနိုင်ခြင်း၊ သီးထပ်စိုက်ပျိုးခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာနိုင်ခြင်းနှင့် အလုပ်အကိုင်အဆင်ပြေစေမည်ဖြစ်၍ ဆင်းရဲနွမ်းပါးမှုများ လျော့နည်းစေရေးကို အထောက်အကူပြုနိုင်ခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည့်အတွက် စီမံကိန်းကို မူလလျာထားချက်အတိုင်း ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားသင့်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံတောင်သူများမှ ကန့်ကွက်စာပေးပို့မှုများရှိနေပါသဖြင့် လတ်တလောအခြေအနေတွင် လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ယာယီရပ်နားထားပါတယ်။ ဒေသခံတောင်သူလယ်သမားများ၏ စီမံကိန်းဆောင်ရွက်ရန် လိုလားမှုအခြေအနေ၊ အမှန်တကယ် မြေပြင်အကျိုးပြုနိုင်မှုအခြေအနေနှင့်

ဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ အသေးစိတ်ညှိနှိုင်းစိစစ်စီမံပြီး၊ ဆက်လက်အကောင်အထည် ဖော်နိုင်ရန် သင့်/မသင့်အပေါ် ညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး ရေကြီးရေပေါသော ဒေသတွင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းအစား ရေထိန်း တံခါးပါ ရေနုတ်မြောင်း၊ တာ၊ ပေါင်၊ လမ်းအဖြစ် စီမံကိန်းများ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်အတွင်းမှာရှိတဲ့ လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလေးစားပါကြောင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး ရေကြီး ရေများရေပေါသောဒေသတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းအစား ရေထိန်းတံခါးပါ ရေနုတ်မြောင်းဖြင့် တာဖြစ်၊ ပေါင်ဖြစ်၊ လမ်းဖြစ် ဘက်စုံရေနုတ်မြောင်းရေတင်စီမံကိန်းများ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ လယ်ယာမြေစုံစမ်းရေးကော်မရှင်ဝင်တစ်ဦးအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြစ်ရေတင် စီမံကိန်းရှိသော ခရိုင် ၄ ခရိုင်ကိုရောက်ရှိခဲ့ပါတယ်။ ၎င်းဒေသမှာရှိတဲ့ တောင်သူလယ်သမားများရဲ့ လယ်ယာမြေကိစ္စကို စုံစမ်းရာမှ မြေရေတင်စီမံကိန်းအကြောင်း အတော်များများလေ့လာကြားသိခဲ့ရတဲ့ အတွက် ဒီမေးခွန်းကိုမေးမြန်းဖို့အထိ ဖြစ်လာခဲ့ရခြင်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ မြစ်ရေ တင်စီမံကိန်းပေါင်း ၂၀ ရှိပါတယ်။ ပုသိမ်ခရိုင်မှာ စီမံကိန်း ၅ ခု၊ ဟင်္သာတခရိုင်မှာ ၁၁ ခု၊ မအူပင် ခရိုင်မှာ ၄ ခု၊ စုစုပေါင်း ၂၀ ရှိပါတယ်။ ၎င်းမြစ်ရေတင်စီမံကိန်းအတော်များများဟာ နိမ့်သောမြေ ဒေသ (Low Land) မြင့်သောဒေသတွေမှာပြုလုပ်ထားပြီး ဒေသခံတောင်သူလယ်သမားများရဲ့ သီးနှံ ပုံစံနှင့် ရေမြေဒေသအခြေအနေနှင့် ကိုက်ညီမှုနည်းပါးကြောင်း၊ အကျိုးရှိသင့်သလောက်မရှိကြောင်း၊ ဒေသခံတောင်သူလယ်သမားများမှ တင်ပြတိုင်ကြားလာပါတယ်။ တစ်နည်းအားဖြင့် ဒေသခံ တောင်သူ လယ်သမားများဟာ မြေပြဿနာကြောင့်၊ ရေပြဿနာကြောင့် တစ်ပူပေါ်နှစ်ပူဆင့်သလို ခံစားနေကြ ပါတယ်။ အထက်မြန်မာပြည်နှင့် အခြားနေရာဒေသတွေမှာ မြစ်ရေတင်စီမံကိန်းဟာ အောင်မြင်သင့်

သလောက် အောင်မြင်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာတော့ အောင်မြင်မှုနည်းပါးကြောင်း တွေ့ရှိရပြီး လက်ရှိအခြေအနေမှာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအများစုဟာ (၁) မူလရည်မှန်းချက်အတိုင်းရေမပို့နိုင်ခြင်း၊ (၂) လျှပ်စစ်မီးမရ၍ ရေမတင်နိုင်ခြင်း၊ (၃) မြောင်းဧရိယာထုကြီး၍ ကုန်ကျစရိတ်များခြင်း၊ (၄) မြေဧရိယာများစွာအသုံးပြုရခြင်း (၅) တချို့မြောင်းတွေက ရေစိမ့်အားရှိနေခြင်း၊ (၆) မြောင်းအတွင်း ရေမနေခြင်း၊ (၇) မိုးများသောဒေသဖြစ်၍ အသုံးဝင်မှုနည်းပါးခြင်း စသည့်အားနည်းမှုများစွာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၆-၆-၂၀၁၃ ရက်နေ့က မအူပင်မြို့နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသို့ ကျွန်တော်သွားရောက်၍ ၎င်းတို့ဆောင်ရွက်ထားရှိသော ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းအကြောင်း စုံစမ်းမေးမြန်းလေ့လာခဲ့ပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များရှင်းလင်းတင်ပြမှုမှာ ကောင်းမွန်သော်လည်း စီမံကိန်းရှင်းပြရသူ၏အကြောင်းအကျိုးဆက်နွယ်မှု သဘာဝမကျကြောင်း မှားလျှင်ပြင်ရမည့်အစား စွတ်အတင်းကာကွယ်ပြောဆိုမှုများရှိကြောင်း ပြန်လည်သုံးသပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မအူပင်မြို့နယ်ဒေသဟာ တိုးမြစ်၊ ရာဇူဒိုင်မြစ်၊ ပန်းလှိုင်မြစ် မြစ်သုံးမြစ်ဖြာဆင်းသောဒေသ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရေများသော၊ ရေကြီးသော၊ ရေပေါသော ဒေသဖြစ်ပါတယ်။ နှစ်စဉ်မြစ်ရေတိုက်စားခြင်း၊ ရေကြီးနှစ်မြုပ်ခြင်း၊ အခါမဲ့မိုးရွာသွန်းမှုကြောင့် မိုးဦးစပါးများပျက်စီးခြင်းရှိသည့်အပြင် ဒယ်အိုးလိုပုံသဏ္ဌာန်မျိုးရှိ၍ ရေဝင်ရေဝပ်များသောဒေသဖြစ်ပါကြောင်း အထူးသတိထားမိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မအူပင်မြို့နယ် ကျုံစုတ်မြစ်ရေတင်သည် တိုးမြစ်မှတစ်ဆင့် ပန်တစ်ကွေ့ချောင်းမှရေကို ပေ ၂၀၀ နီးပါး အမြင့်ထိရေတင်ရသည့် ရေပေးသော စီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းဧရိယာ ဧက ၉၀၀၀ ဟုရည်မှန်းသော်လည်း စီမံကိန်း၏လက်ရှိဆောင်ရွက်ထားမှုမှာ ဧက ၂၀၀ ခန့်သာ ရေတင်နိုင်မှုရှိခဲ့ပါတယ်။ မြင်လွယ်အောင်ပြောရရင်တော့ ရှင်းအောင်ပြောရရင်တော့ ဒယ်အိုးနှုတ်ခမ်းသားကအမြင့်ကို ရေမြောင်းပေါင် ပြုလုပ်ပြီးနိမ့်သောနေရာသို့ ဒယ်အိုးအတွင်းသို့ ရေဝင်ရေဝပ်ဧရိယာရှိသောနေရာသို့ ရေပေးနေတဲ့ အခြေအနေမျိုးလက်တွေ့တွေ့ရှိနေရပါတယ်။ ဒါကြောင့် စီမံကိန်းအပေါ် သေသေချာချာပြန်လည်သုံးသပ်ဖို့လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ အမှန်တကယ်ဆောင်ရွက်သင့်သည်မှာ ဒယ်အိုးလိုဖြစ်နေသော ရေဝင်ရေဝပ်ဧရိယာများသော မြစ် ၃ မြစ်ဖြာဆင်းသော မအူပင်ဒေသဟာ

ရေထိန်းတံခါးပါ ရေနုတ်မြောင်းများ များများပြုလုပ်ပြီးမြောင်းဖြစ်၊ ပေါင်ဖြစ်၊ တာဖြစ်၊ လမ်းဖြစ် ဘက်စုံစီမံကိန်းမျိုး ဆောင်ရွက်ပေးပါက ဒေသခံတောင်သူလယ်သမားများ အလွယ်တကူရေထုတ်နိုင်ခြင်း၊ အလွယ်တကူရေတင်နိုင်ခြင်း၊ မိုးစပါး၊ ဆောင်းသီးနှံနှင့် နွေစပါး နှစ်သီး သို့မဟုတ် သုံးသီးထိ စိုက်ပျိုးနိုင်ကြောင်း တန်ဖိုးရှိသော သွားလာမှုလွယ်ကူစေပြီး ဖွံ့ဖြိုးတိုးတက်သော ရွှေဒေသကြီးဖြစ်လာနိုင်ကြောင်း လေ့လာသတိထားမိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျုံးစုတ်မြစ်ရေတင်စီမံကိန်း ဘာ့ကြောင့်မအောင်မြင်သလဲလို့ တာဝန်ရှိပုဂ္ဂိုလ်များကို မေးတဲ့အခါမှာလည်း ၎င်းတို့ဖြေကြားမှုမှာ မိုးများသောဒေသဖြစ်ခြင်း၊ တောင်သူများမှ တောင်းဆိုမှုမရှိ၍ ဆက်မလုပ်ဘဲရပ်ထားကြောင်း ပြောပြ၍သိရှိရပါတယ်။ ပြောပြချက်နှင့် လေ့လာတွေ့ရှိချက်ပေါင်းစပ်၍ သုံးသပ်ရရင် စီမံကိန်းရေးဆွဲစဉ်က အခြေခံအချက်အလက်များ စနစ်တကျလေ့လာတိုင်းထွာမှု အားနည်းမှုရှိနိုင်ကြောင်း ယူဆမိပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်ရှိအခြေအနေမှာ သတ္တိရှိရှိနှင့် မှားရင်ပြင်ပြီး အမှန်ဖြစ်အောင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မှားတာကိုအမှားအတိုင်းထားခြင်း ဘာမှမလုပ်ဘဲနေခြင်းသည် လယ်သမားအတွက်ရော၊ နိုင်ငံတော်အတွက်ရော ပိုမိုဆုံးရှုံးစေပါတယ်။ ဌာနအပေါ်လည်း ယုံကြည်မှုအားနည်းစေပါတယ်။ ဒါကြောင့် ဒါကို ဒီဇိုင်းပြင်ပြီးတော့ ၂၀၁၉-၂၀၂၀ မှာဆက်ပြီးလုပ်မယ်လို့ တင်ပြလာတာကို သိရှိရပါတယ်။ ဒါကိုလည်း စဉ်းစဉ်းစားစား လုပ်ပေးပါလို့ ကျွန်တော့်အနေနဲ့ ဒီနေရာက တင်ပြလိုပါတယ်။ မြန်မာနိုင်ငံတွင် မြေအသုံးချမှု၊ ရေအသုံးချမှု၊ နည်းပညာအသုံးချမှုဆိုပြီး ၃ မျိုးရှိသည့်အနက် ဧရာဝတီတိုင်းဒေသကြီးက ရေကိုအကျိုးရှိရှိ အသုံးချနိုင်ပါက စိုက်ပျိုးရေး အထူးအောင်မြင်သော ဧရာဝတီတိုင်းဒေသကြီးဖြစ်လာမည်ဟု ကျွန်တော်ယုံကြည်မိပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်၊ မြန်အောင်၊ ဓနုဖြူ စသည့် မြို့နယ်ဒေသများတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် လက်ရှိအခြေအနေတွင် ဒေသခံကျေးလက်တောင်သူလယ်သမား ရုတ်တရက် မိုးရွာသွန်းမှုကြောင့် သီးနှံများပျက်စီးများပြားခြင်း အထူးသဖြင့် နှစ်စဉ်ရေကြောင့် ပျက်စီးမှုပိုမိုများလာကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ရေပေါသော၊ ရေများသော၊ ရေကြီးသောဒေသတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းအစား လက်တွေ့ကျသော ရေထိန်းတံခါးပါ ရေနုတ်မြောင်းဖြစ်၊ တာဖြစ်၊ ပေါင်ဖြစ်၊ လမ်းဖြစ် ဘက်စုံစီမံကိန်းများ ဆောင်ရွက်ပေးပါက သားရွှေအိုးထမ်းလာတာမြင်ရသလို အကျိုးတရား ၃ မျိုးရရှိနိုင်ပါကြောင်း စိုက်ပျိုးရေးကဏ္ဍကြီးအောင်မြင်၍ ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်းနိဂုံးချုပ်အနေဖြင့် ဘက်စုံရေနုတ်မြောင်းဖြစ်၊ တာဖြစ်၊ ပေါင်ဖြစ်၊ လမ်းဖြစ် စီမံကိန်းမျိုး

ပြောင်းလဲဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ သိရှိလိုပါကြောင်း ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၏ မေးမြန်းချက်ကို ကျွန်တော်ဆက်လက်ရှင်းလင်းဖြေကြားပါမယ်ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်တွင် မြစ်ရေတင်စီမံကိန်း ၃ ခု၊ မအူပင်မြို့နယ်တွင် မြစ်ရေတင်စီမံကိန်း ၃ ခု ရှိပါတယ်။ မြန်အောင်မြို့နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော ဆင်ကျုံးချောင်းနှင့် ရိုးကြီးချောင်းတို့မှာ သဲနုန်းပို့ချမှုကြောင့် တိမ်ကောလျက်ရှိပြီး လွယ်ကူစွာ ရေမနုတ်နိုင်သောကြောင့် ချောင်း ဝဲ/ယာရှိ လယ်မြေများ ရေကြီးနစ်မြုပ်လေ့ရှိပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ဆင်ကျုံးချောင်းနှင့် ရိုးကြီးချောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ်၊ ပွင့်လင်းရာသီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ မအူပင်မြို့နယ်နှင့် ဓနုဖြူမြို့နယ် အတွင်းမြစ်ရေတင်လုပ်ငန်းများနှင့် ဆက်စပ်ဧရိယာများအတွင်းနွေစပါးရေရရှိရေးနှင့် မိုးရာသီရေကြီး ရေနစ်မြုပ်မှုလျော့နည်းစေရန် အောက်ဖော်ပြပါ ရေသွင်း/ရေနုတ်မြောင်းဟောင်းများ၊ သဘာဝချောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် ရေတံခါးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါတယ်။

မအူပင်မြို့နယ်အတွင်း မအူပင်-ကျိုက်လတ် ကားလမ်းဘေး(ဝဲ/ယာ)မြောင်းတူးဖော်ခြင်း၊ ကျုံစုတ်-ကညင်ဝမြောင်းတူးဖော်ခြင်း၊ လက်တက်ကြီးမြောင်းတူးဖော်ခြင်း၊ လက်တက်ကြီး လက်တံမြောင်းတူးဖော်ခြင်း၊ ခုနှစ်အိမ်တန်းမြောင်းတူးဖော်ခြင်း၊ အလန်းချောင်းတူးဖော်ခြင်း၊ မအူပင်မြို့နယ်၊ မင်းဘောရေတံခါး အဆင့်မြှင့်ပြုပြင်ခြင်းနှင့် ရေတံခါးအဝင်/အထွက် မြောင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်ဖို့ရှိပါတယ်။ ဓနုဖြူမြို့နယ်အတွင်း ကျုံပိုင်းမှ ကျူတောရိုး၊ သဇင်ကုန်းအထိ အကျော်ချောင်းတူးဖော်ခြင်း၊ ထန်းတပင်လက်တက်ချောင်းတူးဖော်ခြင်း၊ မြစ်ထွက်လက်တက်ချောင်းတူးဖော်ခြင်း၊ ဒယောနှင့် ညောင်အိုင်လက်တက်ချောင်း တူးဖော်ခြင်းစတဲ့လုပ်ငန်းကိုလည်း ဆက်လက်

ဆောင်ရွက်သွားဖို့ရှိပါတယ်။ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စု အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး၊ ရန်ပုံငွေရရှိပါက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီသက်တမ်းတိုးခြင်း၊ ကော်မတီအမည်ပြင်ဆင်ခြင်း၊ ကော်မတီ ဖျက်သိမ်းခြင်း၊ ကော်မတီအဖွဲ့ဝင်များ ပယ်ဖျက်၊ ပြောင်းရွှေ့၊ ထည့်သွင်းတာဝန်ပေးအပ်ခြင်း တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများမှ ကော်မတီတစ်ခုသက်တမ်းတိုးခြင်း၊ ကော်မတီပြင်ဆင်ခြင်း၊ ကော်မတီတစ်ခုဖျက်သိမ်းခြင်း၊ ကော်မတီအဖွဲ့ဝင်များအား ပယ်ဖျက်၊ပြောင်းရွှေ့၊ထည့်သွင်းတာဝန်ပေး ခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်မှာ ၇-၈-၂၀၁၂ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့တဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့သက်တမ်းကို တစ်နှစ် ပြည့်မြောက်သောနေ့ရဲ့ နောက်တစ်ရက်ဖြစ်သော ၇-၈-၂၀၁၃ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ၅-၉-၂၀၁၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ တရား စီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီရဲ့အမည်အား တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြား စာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီဟု ပြင်ဆင်သတ်မှတ်လိုက်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်ဆက်တည်းမှာပဲ ပြည်သူ့လွှတ်တော်က ၅-၉-၂၀၁၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့တဲ့ ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအား ၇-၈-၂၀၁၃ ရက်နေ့တွင် ဖျက်သိမ်းလိုက်ပါတယ်။ ယင်းဖျက်သိမ်းလိုက်တဲ့ ကော်မတီအဖွဲ့ဝင် ၁၂ ဦးဖြစ်သော ထားဝယ် မဲဆန္ဒနယ်မှ ဦးကြည်မင်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်းတို့အား စီမံကိန်းများနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးအေးဖေအား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးအား ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း အား တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ချောင်းဆုံ မဲဆန္ဒနယ်မှ ဦးလှမောင်အား အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံ

ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်(ခ)ဦးဖြူနှင့် ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်တို့အား ကျန်းမာရေးမြှင့်တင်မှု ကော်မတီသို့အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ တနသ်ာရီမဲဆန္ဒနယ်မှ ဦးယုံဘီးအား ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်မှု စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ လောင်းလုံမဲဆန္ဒနယ်မှ ဦးအောင်စိုး အား ပညာရေးမြှင့်တင်မှုကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တပ်မတော်သား ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးသန်းဇော်ဦး နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့အား တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်း ကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်ကြောင်း အသိပေးပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖျက်သိမ်းလိုက်တဲ့ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီမှ ကျန်အဖွဲ့ဝင် ၃ ဦးဖြစ်သော ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ တင်မောင်ကြိုင်၊ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်တို့သည် မူလ ကော်မတီများတွင် အဖွဲ့ဝင်အဖြစ်ဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်ကြောင်းနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ အတွင်းရေးမှူး ဦးမျိုးဆွေအား တွဲဖက် အတွင်းရေးမှူးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ကြောင်း အသိပေးတင်ပြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီမှ ဒေါက်တာရိုအုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဦးသန်းဝင်း၊ နိုင်ငံသားများရဲ့မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီမှ ဦးမောင်ဦး၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ဦးကိုကြီး၊ စီမံကိန်း များနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ဦးစိုးမြင့်နှင့် ဒေါ်တင်နွယ်ဦး၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီမှ ဦးလှထွန်းဦး၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံ ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ဦးအောင်ဆန်း၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီမှ ဦးအူးရယ်(ခ) ဦးဦးရယ်၊ ဦးဌေးမောင်နှင့် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီမှ ဦးမြင့်စိုး၊ ဦးသောင်းနှင့် ဦးသန်းထွန်း၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်မှုစိစစ်ရေးကော်မတီမှ ဦးခင်ဝင်း၊ ပညာရေးမြှင်တင်မှုကော်မတီမှ ဦးသိန်းညွှန့်တို့အား ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း အသိပေးတင်ပြပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါ့အပြင် တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန်မန်နှင့် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တို့အား တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ရေးကော်မတီတွင်လည်းကောင်း၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းအား နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီတွင်လည်းကောင်း၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီအား တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့တာဝန်ပေးကြောင်း အသိပေးတင်ပြပါတယ်။ ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်းအား လက်ရှိကော်မတီတွင် ကော်မတီဝင်အပြင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ်အား လက်ရှိကော်မတီတာဝန်အပြင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်းအား လက်ရှိကော်မတီတာဝန်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ထည့်သွင်းတာဝန်ပေးကြောင်း အသိပေးတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အချိန်၊ ၁၂း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော တောင်သူ လယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကတင်သွင်းသော တောင်သူလယ်သမား များရဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်း အဝေး နဝမနေ့ ၉-၇-၂၀၁၃ ရက်နေ့တွင် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ် ပါတယ်။ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အဆင့်ဆင့်ရေးဆွဲ ဆွေးနွေးခြင်းများအကြောင်းကို လွှတ်တော်အားရှင်းလင်းတင်ပြရန်အတွက် စိုက်ပျိုး ရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် တက်ရောက်လာကြ သူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ဖြစ်ပြီးတော့ လွှတ်တော်ရဲ့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ဥက္ကဋ္ဌတာဝန်များကို ဆောင်ရွက်နေသူလည်း ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ ယခုလိုကျွန်တော်တို့ရဲ့ လွှတ်တော်ကော်မတီကိုယ်စား ယခုကဲ့ သို့ဒီလွှတ်တော်အတွင်းမှာရှင်းလင်းတင်ပြခွင့်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို အထူး ကျေးဇူးတင်ပါကြောင်း ဦးစွာဖော်ပြအပ်ပါတယ်။ ကျွန်တော်တို့ယခုဆက်လက်ဆွေးနွေးမယ့် တောင်သူလယ်သမားများနဲ့ ပတ်သက်တဲ့အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေဟာ ကျွန်တော်တို့တောင်သူလယ်သမားအများစုရှိနေတဲ့ လယ်ယာစီးပွားရေးကဏ္ဍကိုလည်းပဲ အဓိကအခြေခံထားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့ ဥပဒေတစ်ခု ဖြစ်ပါတယ်။ ထို့အတူပဲ ဒီဥပဒေကောင်းတစ်ခုထွက်လာအောင် ဝိုင်းဝန်းကြိုးစားနေတဲ့ ပြည်သူ့ လွှတ်တော်မှာလည်းပဲ အင်မတန်မှတာဝန်ကြီးကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီဥပဒေ ကိုသတင်းစာထဲမှာလည်း ဖော်ပြပြီးတော့ စတင်ရေးဆွဲစဉ်ကဖော်ပြခဲ့တဲ့ ဒီရည်ရွယ်ချက်တွေ ထဲမှာ

တော့တောင်သူလယ်သမားများ ချေးငွေအတွက်အရင်းအနှီး ရရှိဖို့လိုအပ်တဲ့ နည်းပညာနဲ့ သွင်းအားစုများရရှိဖို့ ထွက်ရှိလာတဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေအပေါ်မှာ သင့်တင့်မျှတတဲ့ ဈေးနှုန်းများကို ရရှိဖို့ဆိုပြီးတော့ ဒါဦးတည်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ နောက်ကျွန်တော်တို့ ဒါ့အပြင် အခြေခံကျတဲ့လုပ်ကွက်ငယ်တောင်သူလယ်သမားများကို ဦးစားပေးပြီး ဆောင်ရွက်ဖို့နဲ့ တောင်သူလယ်သမားများအနေနဲ့ ဥပဒေအရခံစားခွင့်ရှိတဲ့ ကိစ္စများ အပြည့်အဝခံစားခွင့် ရရှိနိုင်ဖို့ အခြားထိခိုက်နစ်နာမှုများ မခံစားရရေးအတွက် တောင်သူလယ်သမားများရဲ့ အခွင့်အရေးများကိုပါ ကာကွယ်ပေးနိုင်အောင် ဒီဥပဒေကို အားလုံးက ဝိုင်းဝန်းအကြံပြုပြီးတော့ ဖြည့်စွက်ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ဆက်လက်ပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ပြန်ပြီးတော့ သတိရအောင်တင်ပြချင်တာကတော့ ပထမအကြိမ်ပြည်သူ့လွှတ်တော်ရဲ့ ဒုတိယပုံမှန်အစည်းအဝေးကျင်းပနေတဲ့ ကာလပေါ့။ ရက်အားဖြင့်ပြောရရင်တော့ ၂၃-၉-၂၀၁၁ ရက်နေ့မှာ ဇလွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ်ကနေပြီးတော့ လွှတ်တော်ကို တောင်သူလယ်သမားများရဲ့အကျိုးကို ရည်ရွယ်ပြီးတော့ အဆိုတစ်ရပ်တင်သွင်းခဲ့ပါတယ်။ ဒီအဆိုမှာ သီးနှံတွေကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်ပြီးတော့ အနိမ့်ဆုံးဈေးအာမခံမှု Minimum Purchase Grantee Prize ကိုဈေးကွက်စီးပွားရေး မူဘောင်အတွင်းမှ ပြည်ထောင်စုအစိုးရရဲ့ ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ပေးရန် အဆိုဖြစ်ပါတယ်။ ဒီအဆိုကိုလည်းပဲ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ထောက်ခံပြီးတော့ အတည်ပြုပေးခဲ့ပါတယ်။ ဒီမှာကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ကိုပြန်ပြီးတော့ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က) အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်။ (ခ) စိုက်ပျိုးထုတ်လုပ်သော ကောက်ပဲသီးနှံများ သင့်တင့်မျှတသော တန်ဖိုးရရှိအောင်ဆောင်ရွက်ရမယ်လို့ ဖော်ပြထားတာလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ အခုဦးတင်ထွတ်တင်ပြပြီးတော့ လွှတ်တော်ကအတည်ပြုပေးခဲ့တဲ့ အဆိုဟာ အချိန်ကာလနဲ့ကြည့်မယ်ဆိုရင် ၂ နှစ်နီးပါးကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ ဥပဒေအရ ခိုင်ခိုင်မာမာဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိသေးတာကိုလည်းပဲ အားလုံးတွေ့မြင်ကြမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အနေနဲ့ စောစောကပြောတဲ့ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးရယ်၊ အကျိုးစီးပွား ရယ်ကို ကာကွယ်မြှင့်တင်ဖို့အတွက် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းကစပြီးတော့ လိုအပ်တာတွေကို ကြိုတင် ဆွေးနွေးပြီးတော့

စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အစည်းအဝေးတွေကိုတော့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ် ဧပြီလဆန်းပိုင်း ကစပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီမှာလည်းပဲ ကျွန်တော်တို့ တောင်သူလယ်သမားများနှင့် သက်ဆိုင်တဲ့အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်တဲ့အစိုးရဝန်ကြီးဌာနတွေ၊ စီးပွားရေး ပညာရှင်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေ၊ နောက်သက်ဆိုင်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေ နောက်လယ်ယာကိုလက်တွေ့လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားကြီးတွေ ပါဝင်ပြီးတော့ တိုင်ပင်ဆွေးနွေးမှုတွေကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ နောက်ပြီးတော့လည်းပဲ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူပြည်သားတွေအားလုံး အကြံဉာဏ်ပေးနိုင်ဖို့အတွက် လည်းပဲ ၁၂-၇-၂၀၁၃ ရက်နေ့ သတင်းစာများမှာ ဒီဥပဒေကြမ်းကို ဖော်ပြပြီးတော့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာလည်းပဲ ကျွန်တော်တို့နေပြည်တော်မှာရှိတဲ့ ကော်မတီရဲ့ လွှတ်တော်ရုံးကို ဖိတ်ပြီးတော့ တောင်သူလယ်သမားတွေ၊ သက်ဆိုင်တဲ့အဖွဲ့အစည်းတွေ အားလုံးကိုလည်းပဲ ကျွန်တော်တို့ ဖိတ်ခေါ်ပြီးတော့ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုလုပ်မယ့်အကြောင်းကိုလည်းပဲ သတင်းစာတို့၊ ရေဒီယိုတို့ကလည်းပဲ ကျွန်တော်တို့ ဖော်ပြခဲ့ပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လ ၂၇ ရက်နေ့မှာ ရန်ကုန်မှာလည်းပဲ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြီးမှူးပြီးတော့ စုစုပေါင်းအင်အား ၅၀၀ ခန့်ရှိပါတယ်။ အစည်းအဝေးကြီးတစ်ရပ်လုပ်ပါတယ်။ အဲ့ဒီထဲမှာ ပညာရှင်တွေလည်းပါပါတယ်။ တောင်သူလယ်သမားတွေလည်းပါပါတယ်။ နိုင်ငံရေးပါတီတွေလည်းပါပါတယ်။ အသင်းအဖွဲ့တွေလည်းပါပါတယ်။ စိတ်ဝင်စားတဲ့ လူပုဂ္ဂိုလ်များလည်းပါပါတယ်။ စုစုပေါင်းဆိုရင် ဆွေးနွေးတဲ့လူပေါင်း ၂၉ ဦးရှိပြီးတော့ အဲ့ဒီဆွေးနွေးချက်တွေကနေပြီးတော့ ကောင်းတဲ့အကြံပြုချက်တွေကိုလည်းပဲ ကျွန်တော်တို့ လွှတ်တော်ကော်မတီကနေတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့လွှတ်တော်ကော်မတီအနေနဲ့လည်းပဲ ထပ်မံပြီးတော့ လိုအပ်တဲ့အဖွဲ့အစည်းတွေ၊ တောင်သူလယ်သမားတွေကို ထပ်မံဆက်သွယ်ဖိတ်ခေါ်ပြီးတော့ အခု သြဂုတ်လ ၃ ရက်နေ့မှာ ကျွန်တော်တို့ဒီမှာရှိတဲ့ ဥပဒေကြမ်းကော်မတီရော၊ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနတွေရော၊ ပညာရှင်တွေရော ထပ်ပြီးတော့လည်းပဲ အစည်းအဝေးထပ်ပြီး ဆွေးနွေးဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ ပါတယ်။ ဒါတွေကို လွှတ်တော်အဖွဲ့အစည်းနဲ့ ပြန်ပြီးတော့ ဖော်ပြလို့ရှိရင်တော့ ကျွန်တော်တို့ အခုလိုလုပ်တဲ့အခါမှာ ပါတဲ့အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် နောက်စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမားကွန်ရက်၊ ခေတ်သစ်တောင်သူလယ်သမားအစည်းအရုံးမြန်မာ၊ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့၊ တောင်သူလယ်သမားဖွံ့ဖြိုး

တိုးတက်ရေးပါတီ၊ လွတ်လပ်သောတောင်သူလယ်သမားများ အသင်းအဖွဲ့တွေ သူတို့ပါခဲ့ပါတယ်။ နောက်တကယ့်ပညာရှင်တွေ အပိုင်းမှာဆိုလို့ရှိရင်လည်းပဲ ဒေါက်တာဦးမြတ်၊ မြန်မာနိုင်ငံရှေ့နေများ ကွန်ရက်က ဦးလှထွန်း၊ နောက်စီးပွားရေးပညာရှင် ဦးလှမြင့်၊ နောက် ဒေါက်တာတင်ထွတ်ဦး၊ ဒေါက်တာဇော်ဦးတို့အပါအဝင် တစ်ခြားဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များလည်း ပါခဲ့ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့တချို့လည်း မလာရောက်နိုင်တဲ့ တောင်သူလယ်သမားတွေဟာ ကျွန်တော်တို့ဆီကို စာနှင့်ရေးပြီးတော့ လွှတ်တော်ကော်မတီကို ပို့တာတွေလည်း ရှိပါတယ်။ တချို့ကလည်းပဲ ကျွန်တော်တို့ဆက်သွယ်လို့ရတဲ့ ဖုန်းနံပါတ်နဲ့ ကျွန်တော်တို့နဲ့ တယ်လီဖုန်းပေါ်မှာ ပြောပြီးတော့ တကယ့်နယ်က တောင်သူလယ်သမားတွေပြောပြီးတော့ အကြံပြုတာတွေလည်းရှိပါ တယ်။ ဒါတွေအပြင် ကျွန်တော်တို့ ပိုပြီးတော့လည်းပြည့်စုံအောင်ဆိုပြီးတော့ မိမိပတ်ဝန်းကျင်နဲ့ နိုင်ငံတကာမှာရှိတဲ့ အတွေ့အကြုံတွေလည်းပဲ လေ့လာမှတ်သားဆွေးနွေးခဲ့ပါတယ်။ ဒီမှာဆိုရင် ကျွန်တော်တို့ World Bank ကနေထုတ်တဲ့ Report တွေရှိပါတယ်။ ဒါဆိုရင်ကျွန်တော်တို့ ဘတ်ဂျက် ကိစ္စနဲ့ Prize ကိစ္စဆိုင်ပါတယ်။ နောက် **out firm** ကထုတ်တဲ့ Paper တွေရှိပါတယ်။ ဒါဆို အခြေခံကျတဲ့တောင်သူလယ်သမားတွေနဲ့ စပ်ဆိုင်တဲ့ကိစ္စတွေ ပါပါတယ်။ နောက်ကျွန်တော်တို့ UN အဖွဲ့အစည်းအချို့ကထုတ်တဲ့ဟာတွေ နောက်အိန္ဒိယနိုင်ငံအပါအဝင် ပတ်ဝန်းကျင်အိမ်နီးချင်း နိုင်ငံတွေရဲ့ ဆောင်ရွက်တဲ့စာရွက်စာတမ်းတွေ၊ အတွေ့အကြုံတွေ ဒီအပေါ်မှာလည်းပဲ အားလုံးကို ကျွန်တော်တို့တတ်နိုင်သမျှ စုစည်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါကြောင့်ကျွန်တော်တို့မှာ အစည်းအဝေးမှတ်တမ်းတွေလည်း ရှိပြီးတော့ ကျွန်တော်တို့ပြုလုပ်ခဲ့တဲ့အစည်းအဝေးဟာ ၁၅ ကြိမ် အထက်မှာရှိပြီးတော့ ဒီလိုဆွေးနွေးတဲ့လူပုဂ္ဂိုလ်ပေါင်းဟာ ၁၅၀ ရှိပါတယ်။ ယခုလွှတ်တော်ကနေပြီး တော့အခုလိုကျွန်တော်တို့တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားအတွက် အခုလို ဆွေးနွေးပေးတဲ့ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေ၊ လူပုဂ္ဂိုလ်တွေအားလုံးကိုလည်းပဲ အထူးပဲကျေးဇူး တင်ပါတယ်လို့ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စား ကျွန်တော်တို့လွှတ်တော်ကော်မတီကနေပြီး တော့တင်ပြအပ်ပါတယ်။ နောက်ကျွန်တော်ဆက်ပြီးတော့ လက်ရှိအခြေအနေမှာ တင်ပြချင်တာ ကတော့ အခုမြန်မာနိုင်ငံမှာ ကျွန်တော်တို့ မြန်မာပြည်တောင်ပိုင်းမှာ မိုးများပြီးတော့ အလယ်ပိုင်းမှာ မိုးခေါင်တာအားလုံး တွေ့ပါတယ်။ အလယ်ပိုင်းမှာသီးနှံပျက်စီးတဲ့ သတင်းတွေလည်းပဲ ကျွန်တော်တို့ တွေ့ပါတယ်။ ဒီဇူလိုင်လနောက်ဆုံးပတ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မန္တလေး၊ နွားထိုးကြီးကိုရောက်တဲ့အခါမှာ တောင်သူလယ်သမားတွေစိုက်ထားတဲ့ အထူးသဖြင့်

နှမ်းခင်းတွေပေါ့နော်။ နှမ်းခင်းတွေပျက်တယ်။ မပျက်ဘဲနဲ့ကျန်ခဲ့တဲ့ နှမ်းခင်းတွေကလည်း အထွက်နှုန်း လျော့သွားမှာကို တွေ့ရမှာဖြစ်ပါတယ်။ နောက်ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဩဂုတ်လဆန်းပိုင်း မှာစစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးကိုရောက်တဲ့အခါမှာလည်းပဲ ဒီမှာစစ်ကိုင်းတိုင်းထဲကမြို့နယ် အချို့တော်တော်များများမှာရာသီဥတုဖောက်ပြန်ပြီးတော့အောင်ရေမရတာတွေ တောင်သူလယ်သမား တွေစိုက်ထားတဲ့ နှမ်းတွေ၊ ပဲတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုတွေတွေ့ရတဲ့အတွက် ကူညီဆောင်ရွက်မှု တွေလုပ်ပေးခဲ့တာလည်းပဲ တွေ့ရပါတယ်။ ဒါ့အပြင်ကျွန်တော်တို့ ဒီလိုအခြေအနေမျိုးတွေ အပါအဝင် သဘာဝဘေးအန္တရာယ် ကြောင့်သော်လည်းကောင်း၊ နောက်ပိုးမွှားကျရောက်မှုနှင့် အခြား အကြောင်းကြောင်းများ သော်လည်းကောင်း လယ်ယာမြေနဲ့ စိုက်ပျိုးသီးနှံတွေ ထိခိုက်ပျက်စီးမှု ကြုံတွေ့နေရတဲ့ အထူးသဖြင့်တော့ ဒီလုပ်ကွက်ငယ် တောင်သူလယ်သမားတွေကို ဦးစားပေးပြီးတော့ အထောက်အပံ့တွေ ခံစားနိုင်အောင် အဲ့ဒီအတွက်ကို ကျွန်တော်တို့အခုဖြစ်ပေါ်လာမယ့် ဥပဒေကနေ ပြီးတော့ကူညီဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ဒါယုံကြည်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဒီဥပဒေဟာလည်းပဲ အခုတောင်သူလယ်သမားတွေစိုက်နေတဲ့ စပါးသီးနှံဟာ လာမယ့်စက်တင်ဘာ၊ အောက်တိုဘာဆိုလို့ရှိရင် စပါးတွေပေါ်တော့မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဒီပေါ်လာ တဲ့စပါးတွေဟာ သင့်တင့်မျှတတဲ့ဈေးနှုန်းတွေ ရရှိပြီးတော့ တောင်သူလယ်သမားတွေဟာ ဒီဥပဒေရဲ့ အကျိုးကို မြန်မြန်ခံစားနိုင်အောင် ကျွန်တော်တို့လည်းပဲ ကြိုးစားပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်ဒီမှာပန်ကြားချင်တာကတော့ အခုဒီဥပဒေဖြစ်ဖို့အတွက် အရင်တုန်းက ဥပဒေမူကြမ်းအပြင် စောစောကကျွန်တော်ပြောတဲ့ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေ၊ တောင်သူလယ်သမားတွေ၊ အဖွဲ့အစည်းအသီးသီးက အကြံပြုဖြည့်စွက်ထားတဲ့ အချက်တွေပေါ့နော်။ ဒီအချက်တွေပါဝင်ပြီးတော့ ဥပဒေကောင်းဟာ ကျွန်တော်တို့ အခု ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးအတွင်း မီအောင်၊ ပြီးစီးအောင်ပေါ့နော် ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များကလည်းပဲ ဝိုင်းဝန်းပြီးတော့ ကြိုးစားဆောင်ရွက်ပေးဖို့လည်းပဲ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြအပ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့လိုလားတဲ့ တောင်သူလယ်သမားတွေရဲ့ အခြေခံ အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်တာတွေ၊ သူတို့ရဲ့လိုအပ်တဲ့အကျိုးစီးပွားတွေကို မြှင့်တင်ပေး နိုင်မှာဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊

နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အစဉ်လိုက်အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းတဲ့အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိတဲ့အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ချက်တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့သဘောထား ရယူဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ (ဃ) အရ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၇၈ ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၄၅ ချက်အား ဥပဒေကြမ်းကော်မတီမှစတင်တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ (ဃ) အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမဦးစွာ ကျွန်တော်တို့ဇယားမှာ ကျန်ထားတဲ့ အမှတ်စဉ် (၈)နှင့် (၉) ကို ဖြည့်စွက်ပေးဖို့ ကြိုတင်မေတ္တာရပ်ခံလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖြန့်ဝေထားတဲ့ ဇယား ၂ စာမျက်နှာ ၂ ရဲ့ အမှတ်စဉ် (၈) ရဲ့ မူလပြဋ္ဌာန်းချက် ၄ က စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတာက မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ပါတယ်။ အဲဒီအောက်မှာ မြေပုံမဲဆန္ဒနယ် ဦးဖေသန်းက ပယ်ဖျက်ထား ပါတယ်။ အဲဒီရဲ့အောက်မှာ နောက်တစ်ယောက် ပြင်ဆင်ထားတဲ့နာမည်စာရင်းကို ကျွန်တော်တင်ပြလို ပါတယ်။ အဲဒီမှာပြင်ဆင်တဲ့ အမည်စာရင်းကတော့ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်ဖြစ်ပါတယ်။ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်က မူလအဆိုပြုချက်မှာပါတဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း

များတွင် ပါဝင်ဆောင်ရွက်နေသူဆိုတဲ့ စကားလုံးရဲ့ရှေ့မှာ သတ်မှတ်ထားသော အရင်းအနှီးဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဟု ထည့်သွင်းရမှာဖြစ်ပါတယ်။ ပြန်လည်ပြီးတော့မှ တင်ပြပါဦးမယ်ခင်ဗျား။ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်ကတော့ သတ်မှတ်ထားသော အရင်းအနှီးဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ပါတယ်။ ဆက်လက်ပြီး အမှတ်စဉ်(၉) ကိုတင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်စဉ်(၉)ရဲ့မူလပြဋ္ဌာန်းချက်မှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသောထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက်များကိုယ်တိုင်ထုတ်လုပ်ရောင်းချသူဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီပြင်ဆင်ထားတာကတော့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကိုအသုံးပြု၍ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များထုတ်လုပ်ရောင်းချသူဖြစ်ပါတယ်။ စာမျက်နှာ ၃ မှာအဲဒီအပိုဒ်ကိုပဲ ဦးဖေသန်းက ပြင်ဆင်ထားပါတယ်။ အဲဒီအပိုဒ်မှာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့ ဖြည့်စွက်ချက်ကျန်ထားခဲ့တာဖြစ်ပါတယ်။ အဲဒါကလည်းပဲ သူက အမှတ်စဉ် (၈)မှာပါတဲ့အတိုင်းပဲ မူလအမှတ်စဉ်(၅)ရဲ့ရှေ့မှာ သတ်မှတ်ထားသော အရင်းအနှီးဖြင့်လို့ထည့်တာဖြစ်ပါတယ်။ သတ်မှတ်ထားသောအရင်းအနှီးဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ၎င်းတို့နှင့်ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များကိုယ်တိုင်ထုတ်လုပ်ရောင်းချသူလို့ထည့်သွင်းပေးရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တောင်သူလယ်သမားများရဲ့အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြချက် ၄၅ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ စာမျက်နှာ ၁ အမှတ်စဉ်(၄) အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)အားပယ်ဖျက်ခြင်း၊ စာမျက်နှာ ၃ အမှတ်စဉ်(၁၁) ပုဒ်မ ၂ ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ် (၁)နှင့် (၈)၊ စာမျက်နှာ ၄ အမှတ်စဉ်(၁၅) ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)၊ စာမျက်နှာ ၄ အမှတ်စဉ် (၁၆) ပုဒ်မ ၂ ပုဒ်မခွဲ(ည)၊ စာမျက်နှာ ၄ အမှတ်စဉ်(၁၇) အခန်း(၂) အခန်းခေါင်းစဉ်၊ စာမျက်နှာ ၄ အမှတ်စဉ် (၂၀) အသစ်ဖြည့်စွက်ချက်ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)၊ စာမျက်နှာ ၅ အမှတ်စဉ်(၂၁) အခန်း(၃) အခန်းခေါင်းစဉ်၊ စာမျက်နှာ ၆ အမှတ်စဉ် (၂၅) ပုဒ်မ ၅ ပုဒ်မခွဲ(ဂ) ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၆ အမှတ်စဉ်(၂၆) ပုဒ်မ ၅ ပုဒ်မခွဲ(င)၊ စာမျက်နှာ ၆ အမှတ်စဉ် (၂၇) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)၊ စာမျက်နှာ ၆ အမှတ်စဉ်(၂၈) ပုဒ်မ ၅ ပုဒ်မခွဲ(စ)၊ စာမျက်နှာ ၇ အမှတ်စဉ် (၃၁) ပုဒ်မ ၅ ပုဒ်မခွဲ(ည)၊

စာမျက်နှာ ၇ အမှတ်စဉ်(၃၂) ပုဒ်မ ၅ ပုဒ်မခွဲ( န)၊ စာမျက်နှာ ၇ အမှတ်စဉ် (၃၃) ပုဒ်မ ၅ ပုဒ်မခွဲ(ဌ)၊ စာမျက်နှာ ၇ အမှတ်စဉ်(၃၄) ပုဒ်မ ၅ ပုဒ်မခွဲ(ချ)၊ စာမျက်နှာ ၈ အမှတ်စဉ် (၃၇) ပုဒ်မ ၆၊ စာမျက်နှာ ၈ အမှတ်စဉ်(၃၈) အခန်း(၄) အသစ်ဖြည့်စွက်ခြင်း အခန်း(၄) ပုဒ်မ ၈ ပုဒ်မခွဲ(က)မှ (စ)အထိ ပုဒ်မ (၉) ပုဒ်မခွဲ(က)၊ စာမျက်နှာ ၉ အမှတ်စဉ် (၄၀) ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ စာမျက်နှာ ၈ အမှတ်စဉ် (၃၈) ဒီအပိုဒ်မှာ အခန်း(၄) ကိုထပ်မံအသစ်ဖြည့်စွက်ထားတယ်။ အဲဒီဟာကို ဖတ်ကြားရှင်းလင်းတင်ပြပေးပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၈ အမှတ်စဉ်(၃၈) အသစ်ဖြည့်စွက်ခြင်း ဒီအပိုဒ်ကတော့ ကျွန်တော်တို့ တောင်သူလယ်သမားများရဲ့ အခွင့်အရေးတွေကို အကာအကွယ်ပေးဖို့နဲ့ သူတို့ရဲ့အကျိုးစီးပွားကို မြှင့်တင်ပေးဖို့အတွက် မူလပြဋ္ဌာန်းချက်မှာမပါတဲ့အတွက် တောင်သူလယ်သမားများအကျိုးဖြစ်ထွန်းစေရန် အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အခန်း(၄) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း၊ ပုဒ်မ ၈ တောင်သူလယ်သမားများသည် အောက်ပါအခွင့်အရေးများကို ခံစားခွင့်ရှိသည်။ (က) အဖွဲ့အစည်းအသီးသီးထံမှ သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ (ခ) နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို မထိခိုက်စေရေးအတွက် မိမိတို့တရားဝင်လုပ်ပိုင်ခွင့်ရရှိသော လယ်ယာမြေပေါ်တွင် ဥပဒေနှင့်အညီ လွတ်လပ်စွာစိုက်ပျိုးခွင့် (ဂ) စိုက်ပျိုးထွက်ရှိသော သီးနှံများကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့် (ဃ) ဥပဒေနှင့်အညီ အာမခံထားရှိခွင့် (င) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ အသင်းအဖွဲ့များဖွဲ့စည်းခွင့် (စ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားကျရောက်မှု နှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း၊ လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီး မှုများ ကြုံတွေ့ရသော လုပ်ကွက်ငယ်တောင်သူလယ်သမားများအား အထူးဦးစားပေးအကူအညီ အထောက်အပံ့ရရှိခံစားခွင့်၊ အပိုဒ် ၉ ဦးဆောင်အဖွဲ့သည် (က) တောင်သူလယ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ လိုအပ်သလို ကူညီပံ့ပိုးဆောင်ရွက်ပေးရမည်။ စာမျက်နှာ ၉ အပိုဒ်ခွဲငယ် (ဂ) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန်ကူညီဆောင်ရွက်ပေးရမည်။ (ဃ) တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော မြေယာသိမ်းဆည်းခြင်းများပြုလုပ်ခြင်းမှ ကာကွယ်ပေးရမည်။ (င) လယ်ယာလုပ်သားများ၏ အခွင့်အရေးများကို ကူညီစောင့်ရှောက်ပေးရမည်။ ပုဒ်မ ၁၀ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ် တောင်သူ

လယ်သမားများ၏ အကျိုးစီးပွားကို ဦးစားပေးကူညီဆောင်ရွက်ရမည်။ ပုဒ်မ ၁၁ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ဖြည့်ဆည်းပေးနိုင်ရန် ကူညီဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ကျန်တာဆက်ပြီးတော့ မူလပုံစံအတိုင်းပဲ ဆက်တင်ပြပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီး စာမျက်နှာ ၉ အမှတ်စဉ် (၄၀) ပုဒ်မ ၉ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ စာမျက်နှာ ၉ အမှတ်စဉ် (၄၁) မူလပုဒ်မ ၈ စာမျက်နှာ ၁၀ အမှတ်စဉ် (၄၅) မူလ ပုဒ်မ ၁၀ စာမျက်နှာ ၁၀ အမှတ်စဉ် (၄၆) မူလ ပုဒ်မ ၁၁ အမှတ်စဉ် (၁၀) စာမျက်နှာ ၁၀ အမှတ်စဉ် (၄၇) မူလပုဒ်မ ၁၂ တို့ကို ပယ်ဖျက်ခြင်းဖြစ်ပါတယ်။ စာမျက်နှာ ၁၁ အမှတ်စဉ် (၅၀) အခန်း(၅) မူလပုဒ်မ ၁၃ ပုဒ်မခွဲ(က)အား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၁ အမှတ်စဉ် (၅၁) မူလပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ)၊ စာမျက်နှာ ၁၁ အမှတ်စဉ် (၅၃) အသစ်ဖြည့်စွက်ချက်၊ စာမျက်နှာ ၁၁ အမှတ်စဉ် (၅၄) အသစ်ဖြည့်စွက်ချက်၊ စာမျက်နှာ ၁၂ အမှတ်စဉ် (၅၈) မူလပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)၊ စာမျက်နှာ ၁၂ အမှတ်စဉ် (၅၉) မူလပုဒ်မ ၁၄ ပုဒ်မခွဲ (င)၊ စာမျက်နှာ ၁၂ အမှတ်စဉ် (၆၀) အခန်း(၆) မူလအခန်း(၆)ခေါင်းစဉ်၊ စာမျက်နှာ ၁၂ အမှတ်စဉ် (၆၁) ပုဒ်မ ၁၆၊ စာမျက်နှာ ၁၂ အမှတ်စဉ် (၆၂) မူလပုဒ်မ ၁၇ အား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၃ အမှတ်စဉ် (၆၃) မူလပုဒ်မ ၁၇ ပုဒ်မခွဲ(က)နှင့်(ခ)အား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၃ အမှတ်စဉ် (၆၄) ပုဒ်မ ၁၈ အားပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၃ အမှတ်စဉ် (၆၅) ပုဒ်မ ၁၉ အား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၃ အမှတ်စဉ် (၆၆) အသစ်ဖြည့်စွက်ခြင်း၊ စာမျက်နှာ ၁၃ အမှတ်စဉ် (၆၇) ပုဒ်မ ၂၀၊ စာမျက်နှာ ၁၄ အမှတ်စဉ် (၆၈) ပုဒ်မ ၂၁၊ စာမျက်နှာ ၁၄ အမှတ်စဉ် (၆၉) အသစ်ဖြည့်စွက်ခြင်း၊ စာမျက်နှာ ၁၄ အမှတ်စဉ် (၇၀) မူလပုဒ်မ ၂၂ အား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၄ အမှတ်စဉ် (၇၁) ပုဒ်မ ၂၃ အားပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၄ အမှတ်စဉ် (၇၂) မူလပုဒ်မ ၂၄ အား ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၅ အမှတ်စဉ် (၇၅) အခန်း (၈) မူလပုဒ်မ ၂၇၊ စာမျက်နှာ ၁၅ အမှတ်စဉ် (၇၆) အသစ်ဖြည့်စွက်ခြင်း၊ စာမျက်နှာ ၁၆ အမှတ်စဉ် (၇၇) ပုဒ်မ ၂၈ ပုဒ်မခွဲ (က)၊ စာမျက်နှာ ၁၆ အမှတ်စဉ် (၇၈) မူလပုဒ်မ ၂၈ ပုဒ်မခွဲ (ခ)တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၄၅ ချက်အား လွှတ်တော်မှအတည် ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြင်ဆင်ချက် ၇၈ ချက်အနက်က ဥပဒေကြမ်းကော်မတီက ၄၅ ချက်ပြင်ဆင်ဖို့တင်ပြထားတာရှိပါတယ်။ ဒါနှင့်ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အပေါ် ကန့်ကွက်ရန်ရှိပါသလား။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ဖြည့်စွက်ချက် ၄၅ ချက်အပေါ်မှာ ပြန်လည်ပြီးလေ့လာကြည့်တဲ့အခါမှာ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေပုဒ်မများနဲ့ကိုက်ညီမှုရှိခြင်း၊ အသစ်ထပ်မံထည့်ရမည့်လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းထားတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်အသစ်ပြင်ဆင်ချက် များကို ကန့်ကွက်ရန် မရှိပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သဘောထားပြောပါ။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့မှ အဆိုပြုပြဋ္ဌာန်းချက်ကိုပြင်ဆင်တင်ပြထားတဲ့ဇယားကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ မွေးမြူတဲ့တောင်သူလယ်သမားများရဲ့အကျိုးစီးပွားအလို့ငှာ အားလုံးကိုလေ့လာကြည့်တဲ့အခါမှာ အခု ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ တင်သွင်းထားတဲ့အချက်တွေက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန်မရှိပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘဏ္ဍာရေး၊ ငွေရေး၊ ကြေးရေးနဲ့ဆိုင်တဲ့ သက်ဆိုင်ရာဌာနများက သဘောထားပြောပါ။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက်ကို သဘောထားပြောဆိုဖို့ဖြစ်ပါတယ်။

**ဒေါက်တာ လင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်တင်သွင်းထားတဲ့ အထဲကနေပြီးတော့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုတာတစ်ခုရှိပါတယ်။ အဲ့ဒါကတော့ ဥပဒေကြမ်းရဲ့အခန်း (၆) ပုဒ်မ ၂၁ မှာ ဥပဒေကြမ်းကော်မတီရဲ့

ပြင်ဆင်ချက်အနေနဲ့ လိုအပ်ချက်အရဖွဲ့စည်းသော လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် တောင်သူများထံမှဝယ်ယူပြီးသည့် လယ်ယာထုတ်ကုန်များ ပြန်လည်ဖြန့်ဖြူးရောင်းချရာတွင် (က) အရှုံး ပေါ်ပါက ဦးဆောင်အဖွဲ့က တာဝန်ပေးအပ်သောအဖွဲ့ဖြင့် သတ်မှတ်ချက်များနဲ့အညီစိစစ်၍ ကြောင်းကျိုးဆီလျော်မှုရှိလျှင် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံနိုင်ရန်စီစဉ်ဆောင်ရွက်ရမည်။ ပုဒ်မခွဲ(ခ)အရ အကျိုးအမြတ်ရရှိပါက ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေသို့ထည့်သွင်းရမည်ဆိုပြီးပါရှိပါတယ်။ ဒီအချက် ၂ ချက်ကိုတော့ ကျွန်တော့်အနေနဲ့ ကန့်ကွက် ရန်မရှိပါဘူး။ သို့သော်လည်း ဒီပြင်ဆင်ချက်မှာပါဝင်တဲ့ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ရဲ့ အရောင်းအဝယ်ကိစ္စရပ်များမှာ အရှုံးအမြတ်ကိစ္စတွေပါဝင်လာတဲ့အတွက် စာရင်းစစ်ဆေးရေး ကိစ္စတွေထည့်သွင်းသင့်တယ်လို့ယူဆမိပါတယ်။ ဒါ့အတွက် အခန်း(၆) ပုဒ်မ ၂၁ အပိုဒ်ခွဲ(ဂ)အနေနဲ့ ဖြည့်စွက်အကြံပြုလိုပါတယ်။ အကြံပြုချက်ကတော့ လိုအပ်ချက်အရဖွဲ့စည်းသော လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် တောင်သူများထံမှဝယ်ယူပြီးသည့် လယ်ယာထုတ်ကုန်များပြန်လည်ဖြန့်ဖြူး ရောင်းချရာတွင် (ဂ) ဖြစ်ပေါ်လာမည့်အရောင်းအဝယ်အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင် အဖွဲ့မှသတ်မှတ်ပေးသော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးခံနိုင်ရေးဆောင်ရွက်ရမည်ဆိုပြီးတော့ ဖြည့်စွက်အကြံပြုတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒေါက်တာ လင်းအောင် ခုနက စာမျက်နှာရယ်၊ စာပိုဒ်ရယ် အားလုံး ကြားအောင် ပြန်ပြီးတော့တင်ပြပေးပါ။

**ဒေါက်တာ လင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ စာမျက်နှာ ၁၄ ဖြစ်ပါ တယ်။ အမှတ်စဉ် (၆၈) ဖြစ်ပါတယ်။ အခန်း(၆) ပုဒ်မ ၂၁ ဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော် ဖြည့်စွက် လိုတဲ့အချက်ကတော့ လိုအပ်ချက်အရဖွဲ့စည်းသော လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် တောင်သူများထံမှ ဝယ်ယူပြီးသည့် လယ်ယာထုတ်ကုန်များ ပြန်လည်ဖြန့်ဖြူးရောင်းချရာတွင် အပိုဒ်ခွဲ (ဂ) အနေနဲ့ ဖြစ်ပေါ်လာမည့်အရောင်းအဝယ် အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့မှ သတ်မှတ်ပေးသော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ရမည်ဆိုပြီးတော့ ဖြည့်စွက်ဖို့ အကြံပြုတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဝန်ကြီးဌာနရဲ့ပြင်ဆင်ပေးချက်ဖြစ်တဲ့ ဖြစ်ပေါ်လာမည့်အရောင်းအဝယ်အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့မှ သတ်မှတ်ပေးသော စာရင်းစစ်အဖွဲ့ဖြင့် စာရင်းစစ်ဆေးခံနိုင်ရေး ဆောင်ရွက်ရမည်ဆိုတဲ့အချက်ဟာ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနဲ့ညီညွတ်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းဟာ ပိုမိုပြည့်စုံကောင်းမွန်တဲ့အတွက် ဒီအချက်ကိုသဘောတူညီပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းရဲ့ သဘောထားပြောပါ။

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ ပြင်ဆင်ချက် ၄၅ ချက်နှင့် အခုန ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြည့်စွက်သွားတဲ့အချက်တွေအားလုံးအပေါ်မှာ ကျွန်မအနေနဲ့ ကန့်ကွက်ရန်မရှိပါဘူး။ သဘောတူညီတယ်ဆိုတဲ့အကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်မ ဘယ်သူလည်းဆိုတာကိုလဲ လွှတ်တော်ကို မိတ်ဆက်ပေးလိုက်ပါဦး။

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ကျွန်မ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးဖြစ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာ ပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး အကြံပြုတဲ့ ဖြည့်စွက်ချက်(ဂ)အရဆိုလို့ရှိရင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကနေပြီးတော့ ဒီရောင်းဝယ်ရေးကိစ္စတွေကို လိုအပ်တဲ့အခါမှာ ဦးဆောင်အဖွဲ့ရဲ့ တာဝန်ပေးချက်အရဆောင်ရွက်တဲ့အခါမှာ အကြမ်းဖျင်းတော့ ပြည်သူ့ဘဏ္ဍာငွေဘတ်ဂျက်ကိုသုံးစွဲရမှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ လုပ်ထုံးလုပ်နည်းအရတော့ အားလုံးသုံးစွဲတဲ့စာရင်းဇယားဘတ်ဂျက်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကနေပြီးတော့ ဦးဆောင်ပြီးတော့ တာဝန်ယူပြီးစစ်ဆေးနေတဲ့အပိုင်းရှိပါတယ်။ အဲ့တော့ ဒုတိယဝန်ကြီးဆွေးနွေးတာက ဒီအဖွဲ့ရဲ့ ဗဟိုဦးဆောင်အဖွဲ့ဖြစ်ပါစေ ဒါမှမဟုတ် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ဖြစ်ပါစေ သူ့ရဲ့ Internal Audit အနေနဲ့များဆိုလိုသလား။ ဒါမှမဟုတ်လည်း ခုနကပြောတဲ့

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့အစီအမံ စာရင်းစစ်ဆေးချက်တွေနဲ့ပဲ ကွဲလွဲပြီးတော့ သီးခြားလုပ်ရမလားဆိုတာလေးကိုလည်း နည်းနည်းထည့်စဉ်းစားဖို့လိုကြောင်းတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဒေါက်တာ လင်းအောင်အနေနဲ့ ဒီကိစ္စကိုပြန်လည်ရှင်းလင်းတင်ပြပေးပါ။

**ဒေါက်တာ လင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခုနက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတင်ပြသွားတဲ့အချက်က ကောင်းမွန်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ရည်ရွယ်တာကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့စစ်ဆေးဖို့ ရည်ရွယ်တာပါ။ သို့သော်လည်းပဲ ဒီ ဗဟိုအဖွဲ့အစည်းမှာလည်း ပြင်ပအဖွဲ့အစည်းတွေပါရှိတဲ့အတွက် ဦးဆောင်အဖွဲ့ကနေပြီးတော့ သတ်မှတ်ပေးတဲ့စာရင်းစစ်အဖွဲ့ဆိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်လေးဖြစ်အောင်လို့ပါ။ လိုအပ်ရင်လည်း ပြင်ပကနေပြီးတော့ စာရင်းစစ်အဖွဲ့တွေကိုခေါ်ပြီးတော့ စစ်ဆေးနိုင်အောင်ဆိုပြီးတော့ထည့်ထားတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကျွန်တော်ဆက်ပြီးသိချင်ပါတယ်။ အခု ဘဏ္ဍာရေးဝန်ကြီးဌာနက ထပ်မံတင်ပြတဲ့ (ဂ) အပိုဒ်ခွဲနဲ့ပတ်သက်လို့ အခုလို ရှင်းလင်းတင်ပြတဲ့အပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေပြန်ပြီးတော့ ရှင်းလင်းခိုင်းပါတယ်။ ရှင်းလင်းခိုင်းတဲ့အခါမှာ အခုရှင်းလင်းချက်သည် ခုနက မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းအတွက် အားလုံးအကျုံးဝင်ပါသလား။ Cover ဖြစ်နိုင်ပါသလား။ ဒါကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ အခုရှင်းလင်းတင်ပြချက်အပေါ် ဘယ်လိုသဘောထားပါသလဲ။ ပြင်ဆင်ဖို့လိုလား။ ဒီအတိုင်းပဲဆောင်ရွက်ရင်ရပါသလား။

**ဒေါက်တာ ပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတင်ပြချက်အရဆိုလို့ရှိရင် လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့ရဲ့ငွေကြေးသုံးစွဲမှုကိုပဲ ရည်ရွယ်တဲ့သဘောဖြစ်နေပါတယ်။ ဒီဥပဒေတစ်ခုလုံးကို ခြုံငုံသုံးသပ်မယ်ဆိုရင် ဦးဆောင်အဖွဲ့ကနေပြီးတော့ အောက်မှာလုပ်ငန်းတာဝန်တွေ ဥပမာ - ဒီလယ်သမားများကို အထောက်အပံ့နှင့် ဈေးငွေရရှိရေးကိစ္စမျိုးတွေမှာလည်း ပါနေတဲ့ကိစ္စတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဦးဆောင်အဖွဲ့ရဲ့အောက်မှာ သီးသန့်စာရင်းစစ်အဖွဲ့

ဆိုတာကိုထားရှိဖို့လိုမယ်ဆိုတဲ့သဘောပါရင်လည်း နည်းဥပဒေမှာထည့်သွင်းဖို့လိုမလား။ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့တစ်ဖွဲ့တည်းကို ရည်ရွယ်ပြီးဆိုလိုရင်တောင်မှ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ရဲ့အောက်မှာ သီးသန့် Internal Audit (စာရင်းစစ်ဆေးရေးအဖွဲ့)ကိုထားဖို့လိုမလား ဆိုတာကို နည်းဥပဒေမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းရင် ပိုကောင်းမယ်လို့ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါဆိုရင်တော့ အခု ဒီအတိုင်းကိုတော့ သဘောတူတယ်။ သို့ရာတွင် နည်းဥပဒေထဲမှာပဲ ရှင်းရှင်းလင်းလင်း တိတိကျကျဖော်ပြပေးမယ်ဆိုရင် ဒေါက်တာပွင့်ဆန်းလည်း ဒါကိုလက်ခံမယ်ဆိုတဲ့သဘော မှန်ပါသလား။

**ဒေါက်တာ ပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀(က) အရ တောင်သူလယ်သမားများရဲ့အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၇၈ ချက်ရှိတဲ့အနက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၄၅ ချက်အား ဥပဒေကြမ်းကော်မတီမှတင်သွင်းပြီးဖြစ်ပါတယ်။ ဒီတင်သွင်းချက်အပေါ်မူတည်ပြီး ပြင်ဆင်ချက်တစ်ခုကိုလည်း ထပ်မံတင်ပြတဲ့အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကလည်း သဘောတူကြောင်းတင်ပြသွားတာရှိပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် ၇၈ ချက်ရှိတဲ့အနက်မှ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် ၄၅ ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ၄၅ ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် ၂၇ ချက်အား လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးမှ တစ်ပိုဒ်ချင်းစီ

အလိုက်ဆွေးနွေးမှာဖြစ်ပါတယ်။ ယခုစတင်ဆောင်ရွက်ပါ့မယ်။ အခန်း(၁) အပိုဒ် ၂ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သန့်(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းရဲ့ အခန်း(၁) ပုဒ်မ ၁ မှာဖော်ပြထားတဲ့ မူလပြဋ္ဌာန်းချက်ပါ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဆိုတဲ့ ဥပဒေခေါင်းစဉ်စကားရပ်အစား တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးကိစ္စကိုသာမက အရေးတကြီးလိုအပ်ချက်ရှိသည့် တောင်သူလယ်သမား များ၏အခွင့်အရေးများကိုလည်း ကာကွယ်ပေးနိုင်ရန်အတွက် ဤဥပဒေကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဟုခေါ်တွင်စေရမည်လို့ ပြောင်းလဲပေး ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ သဘောထားပြောပါ။

**ဒေါက်တာ စိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မူလစတင်ပြီး ဥပဒေကြမ်းကိုရေးဆွဲခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ ဒီဥပဒေ ခေါင်းစဉ်က ပိုမိုပြည့်စုံပြီးတော့ အများစုတောင်သူလယ်သမားတွေရော အားလုံးကလည်း လိုအပ်ချက်နဲ့လည်း ကိုက်ညီတဲ့အတွက် ဒီ အခုခေါင်းစဉ်အသစ်ဖြစ်တဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပိုပြီးတော့ ကောင်းမွန်ကြောင်း ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သန့်၊ ပုသိမ်ကြီးမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌတို့ကလည်း သဘောတူကြောင်းတင်ပြသွားပါတယ်။ လွှတ်တော်အနေနဲ့ ကန့်ကွက်ရန်

ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးအောင်သန့်၊ ပုသိမ်ကြီးမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်စိုး၊ သာကေတမဲဆန္ဒနယ်မှအဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ကျွန်တော်ပြင်ဆင်လိုတဲ့အပိုဒ်ကတော့ ကန့်လန့်ဖြတ်ဇယားမှာရှိတဲ့ အမှတ်စဉ် (၂) အခန်း(၁) အပိုဒ်ခွဲ ၁(ခ)မှာဖော်ပြထားတဲ့ ဗဟိုအဖွဲ့ဆိုတဲ့စကားရပ်ကို ဦးဆောင်အဖွဲ့ဆိုတဲ့စကားရပ်နဲ့ အစားထိုးပြင်ဆင်ရန်တင်ပြခြင်းဖြစ်ပါတယ်။ အဲ့လိုတင်ပြရခြင်းအကြောင်းအရင်းကတော့ ယခုရေးဆွဲတဲ့ဥပဒေဟာဆိုလို့ရှိရင် လက်ရှိဆင်းရဲနွမ်းပါးနေတဲ့ တောင်သူလယ်သမားများရဲ့ဘဝကို ကာကွယ်မြှင့်တင်ဖို့နှင့် လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချဖို့ အဓိကအားဖြင့် ဗဟိုချုပ်ကိုင်မှုများကိုဖယ်ရှားဖို့ရည်ရွယ်ပြီးတော့ ရေးဆွဲထားတဲ့ဥပဒေဖြစ်ပါတယ်။ ဒီ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြည်သူ့ရဲ့အသံကိုလေ့လာတဲ့အခါမှာ ဗဟိုအဖွဲ့စကားရပ်တွေ၊ ဦးစီးအဖွဲ့စကားရပ်တွေဆိုတာ အရင်ခေတ်ကသုံးနှုန်းတဲ့စကားရပ်တွေဖြစ်တဲ့အတွက်ကြောင့် အဲ့ဒီစကားရပ်တွေပါလာလို့ရှိရင် ပြည်သူလူထုအနေနဲ့ တောင်သူလယ်သမားကြီးများအနေနဲ့ ယခင်ကလိုပဲ ဗဟိုချုပ်ကိုင်မှုနဲ့ဆောင်ရွက်မယ်လို့ထင်မြင်ယူဆနေကြပါတယ်။ ဒါကြောင့် ယခုတင်ပြတဲ့ဥပဒေရဲ့အနှစ်သာရနဲ့အညီ လိုက်လျောညီထွေဖြစ်အောင်လို့ ဗဟိုအဖွဲ့အစား ဦးဆောင်အဖွဲ့လို့ ပြင်ဆင်ထားရခြင်းဖြစ်ပါကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာ စိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်မောင်စိုး၊ သာကေတမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုဒ်မ ၂ အပိုဒ်ခွဲ(ဂ)ကို ပြောင်းလဲထားတဲ့ခေါင်းစဉ်နဲ့ဆီလျော်ညီညွတ်စေရန်အတွက်လည်းကောင်း၊ လုပ်ငန်းအဖွဲ့ဆိုပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ တိုင်းနှင့် ပြည်နယ်များသာမကဘဲနဲ့ ပြည်ထောင်စုနယ်မြေမှာရှိတဲ့တောင်သူလယ်သမားများအကျိုးအတွက် ဆောင်ရွက်နိုင်စေရေးအတွက်လည်းကောင်း၊ နောက်တစ်ခါ တောင်သူလယ်သမားများရဲ့အခွင့်အရေးကို ကာကွယ်ပေးမှသာလျှင် သူတို့ရဲ့အကျိုးစီးပွားကိုမြှင့်တင်ပေးရာကိုရောက်စေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းအဖွဲ့ကိုအဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ လုပ်ငန်းအဖွဲ့ဆိုသည်မှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့အသီးသီးကိုဆိုလိုသည်လို့ အဆိုပြုတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာ စိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁ အမှတ်စဉ် ၅ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ပြင်ဆင်တဲ့အပိုဒ်က ပုဒ်မ ၂ ပုဒ်မခွဲ(င) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က မြေကိုအသုံးပြု၍ဆိုတဲ့စကားလုံး ပြင်ဆင်ပါတယ်။ မိမိအနေနဲ့ ပြင်ဆင်တာကတော့ မိမိလုပ်ပိုင်ခွင့်ရှိသော မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိအဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိ

ကိုယ်တိုင်လုပ်ကိုင်သူဆိုပြီးတော့ အဓိကပြင်တာကတော့ မိမိလုပ်ပိုင်ခွင့်ရှိသော မြေကိုအသုံးပြု၍ ဆိုတဲ့ စကားလုံးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဥပဒေတစ်ရပ်ကိုရေးဆွဲရင် ပြီးပြည့်စုံတဲ့ဥပဒေရယ်လို့တော့မရှိပါဘူး။ အချိန်ကာလအတိုင်းအတာတစ်ခုအထိတော့ ပြင်ဆင်ရတာရှိပါတယ်။ ဒါပေမယ့် ဒီနေ့လုပ်ရင် မနက်ဖြန်ပြင်မယ် လက်တွေ့မကျတဲ့ဥပဒေမျိုးကျတော့ ကျွန်တော်တို့က အသေးစိတ်စဉ်းစားပြီးတော့ လုပ်ဆောင်သင့်ပါတယ်။ ဒီနေ့ကျွန်တော်တို့ ရေးဆွဲနေတဲ့တောင်သူလယ်သမားများအခွင့်အရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးမြှင့်တင်ရေးဥပဒေဆိုတာ လယ်သမားတွေအတွက် အကျိုးကို မျှော်ကိုးပြီးတော့ သီးသန့်ရေးဆွဲထားတဲ့ ဥပဒေဖြစ်ပါတယ်။ နဂိုက လယ်ယာမြေဥပဒေရှိခဲ့ပါတယ်။ လယ်ယာမြေ ဥပဒေနှင့်မလုံလောက်လို့ အခုဥပဒေကို ထပ်ဆွဲရတာဖြစ်ပါတယ်။ ဒီတော့ လယ်သမားတွေကို အစဉ်တစိုက်အကျိုးစီးပွားမြှင့်တင်ဖို့လိုအပ်သလို အခွင့်အရေးကိုလည်း ကာကွယ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က မိမိလုပ်ပိုင်ခွင့်ရှိတဲ့မြေကို အသုံးပြု၍ ဆိုတဲ့စကားလုံးကို ထည့်ခြင်း ဖြစ်ပါတယ်။ မူလလယ်ယာမြေဥပဒေမှာ တောင်သူလယ်သမားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ၅ ချက်ရှိပါတယ်။ အဲ့ဒီမှာလည်း မြေကိုအသုံးပြု၍ဆိုတဲ့ စကားလုံးကိုပဲ သုံးထားတာတွေ့ပါတယ်။ အဲဒါကို ဒီမှာလာပြီးတော့ ဥပဒေမှာထပ်ပြီးတော့ ညွှန်းပြီးတော့ သုံးခြင်းဖြစ်ပါတယ်။ မြေကိုအသုံးပြု၍ဆိုတာ စိုက်ပျိုးရေးလုပ်ရင်တော့ မြေကိုအသုံးပြုမှာပါ။ ဒါပေမယ့် တစ်ခါတစ်ခါ စဉ်းစားကြည့်ပြန်တော့လည်း အဲ့ဒါဘေးထွက်ဆိုးကျိုးတွေဖြစ်နိုင်ပါတယ်။ မြေမပါဘဲစိုက်ပျိုးတဲ့ ပင်လယ်ကမ်းစပ်မှာရှိတဲ့ ရေမျော်စိုက်ပျိုးရေးတွေလည်း အကျုံးဝင်ပါတယ်။ အဲ့ဒီတော့ ဒီစကားလုံးဟာ သိပ်ပြီးတော့ မရေရာဘူးလို့။ လယ်ယာမြေဥပဒေမှာ ပြင်ဆင်ခွင့်မရလိုက်ပေမယ့် ဒီအချိန်မှာ ဒါဟာ အထူးဥပဒေတစ်ရပ်ဖြစ်တဲ့အတွက်နဲ့ ဒီဥပဒေမှာတော့ ဒါလေးကို ပြင်ဆင်ချင်ပါတယ်။ လယ်ယာမြေဥပဒေမှာ တစ်ခုပဲ ဖွင့်ထားတာရှိပါတယ်။ လယ်ယာမြေသုံးစီမံခန့်ခွဲရေးဥပဒေမှာ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်မပါပါဘူး။ ဒီတော့ ကျွန်တော်တို့ဟာ ဒီလိုဘာလို့ဖွင့်ရသလဲဆိုရင် ခုနကပြောသလို ဒါဥပဒေအရ လယ်သမားတွေကို ကာကွယ်ဖို့ဆိုတဲ့ရည်ရွယ်ချက်နှင့် အကျိုးစီးပွားကို တိုးပွားအောင် မနစ်နာအောင်၊ ခေတ်အဆက်ဆက် လယ်သမားတွေ ဒုက္ခရောက်နေတာကို ဆင်းရဲတွင်းကထွက်နိုင်အောင် ကျွန်တော်တို့က လုပ်ပေးရမယ့် ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့လယ်ယာမြေမှတ်ပုံတင်တွေလုပ်နေတယ်။ ဒါကဘာလဲ လယ်ယာမြေ လယ်သမားတွေနောက်ထပ်အသိမ်းမခံရအောင်လုပ်တယ်။ တစ်ချက် စိုက်ဘဏ်က ချေးတဲ့ငွေတွေရနိုင်အောင် အာမခံချက်၊ အဲ့ဒီလို ရည်ရွယ်ချက်တွေနဲ့ လုပ်နေတာဖြစ်ပါတယ်။ ဒီတော့ မြေမရှိတဲ့လူကို ကျွန်တော်တို့က လယ်ယာမြေမှတ်ပုံတင်ခွင့်မရှိပါဘူး။ စိုက်ဘဏ်ကချေးမယ်ဆိုရင်

လည်း ဒီလက်မှတ်က အဓိကကျပါတယ်။ သူတို့အကျိုးစီးပွားကို ကျွန်တော်တို့ ကူညီထောက်ပံ့မယ် ဆိုရင်လည်း လယ်သမားမှတ်ပုံတင်နဲ့ လက်မှတ်က အဓိကကျမှာဖြစ်ပါတယ်။ ဒီလိုဆိုလို့ရှိရင် လယ်သမားတွေကို မှတ်ပုံတင်လုပ်ထားတဲ့အတိုင်းပဲ ငွေတွေကိုထုတ်ချေးမှာဖြစ်ပါတယ်။ ကာကွယ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒါတွေဟာ ဒီအခွင့်အရေးကို မှတ်ပုံတင်မရှိရင် ရနိုင်ဖို့ဆိုတာ ခက်ခဲပါလိမ့် မယ်။ တကယ်တမ်းလည်း လယ်မရှိတဲ့သူကလည်း ဒီအခွင့်အရေးကို မရထိုက်ဘူးလို့ ကျွန်တော် မြင်တယ်။ လုပ်ကွက်သေးသေး၊ ကြီးကြီးလယ်သမားဟာ လယ်သမားပါပဲ။ လယ်သမားမှန်ရင်တော့ ဒီအခွင့်အရေးကို ပေးသင့်ပါတယ်။ ရထိုက်ပါတယ်။ နောက်တစ်ဖက်ကကြည့်ရင် လယ်သမားကတော့ ပိုင်ရှင်မဟုတ်ဘူး။ ပိုင်ရှင်ဆီက မြေငှားပြီးတော့ ခွဲပြီးတော့ လုပ်တဲ့ဟာမျိုး အဲ့ဒါဆိုရင် အဲလို အတွက်လည်း စဉ်းစားမယ်ဆိုရင် အများကြီးရှိပါတယ်။ လယ် ၁၀ ဧက၊ ၅၀ ဧက ပိုင်တဲ့ ကျွန်တော်က ၅ ယောက်ခွဲပြီးတော့ ၁၀ ဧကဆီလုပ်ခွင့်ပေးထားလိုက်မယ်။ အဲ့ဒီလူတွေအတွက်လည်း ကျွန်တော်တို့ စဉ်းစားမယ်ဆိုရင် ပြဿနာတွေရှုပ်ထွေးလာမယ်။ တကယ်တမ်းက မူလပိုင်ရှင် မြေပိုင်ရှင် အဲ့ဒီလူရဲ့ အထောက်အထားနဲ့ပဲ စဉ်းစားသင့်ပါတယ်။ နားလည်မှုယူပြီးတော့ ကိုယ့်ဆီက ငှားထားတဲ့လူတွေကို ငါတော့မလုပ်နိုင်ဘူး မင်းတို့ပဲခွဲဝေကြဆိုပြီးတော့ လုပ်သင့်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း ဒီလိုမှ လည်း လုပ်ရတာခြေခြေမြစ်မြစ်ရှိပြီးတော့ အာမခံချက်လည်းရှိမယ်။ ရှုပ်ထွေးမယ့်ပြဿနာလည်း မဖြစ်ပေါ်လာနိုင်ဘူး။ နောက်တစ်ချက် လယ်ယာမြေမှာ သီးခြားရက်ကျနေ့တွက် ကောက်စိုက်၊ ပျိုးနုတ်၊ ပေါင်းတင်လိုက်နေတဲ့ လယ်သမားတွေအတွက် စဉ်းစားမလား။ အဲ့ဒါလည်း မဖြစ်နိုင်ပါဘူး။ အဲ့လောက်ထိ အသေးစိတ်လုပ်မယ်ဆိုရင် ဒီဥပဒေဟာ တော်တော့်ကို ဆေးဖိုးနှင့်လေးဆိုသလို ဖြစ်သွားပါမယ်။ ရွာတစ်ရွာ ပေါင်းနုတ်၊ ပျိုးစိုက်လုပ်နေတဲ့လူတွေ အများကြီးရှိပါတယ်။ တချို့ကလည်း အမြဲတမ်းလုပ်သလို၊ တချို့ကလည်း ကိုယ်လုပ်ငန်းအားလပ်တဲ့အချိန်မှာ လုပ်တာလည်းရှိတယ်။ ဝင်ပြီး တော့။ တချို့ကလည်း မိသားစုခင်မင်မှုနဲ့ ရင်းနှီးပြီးတော့ လာပြီးတော့ လုပ်တာလည်းရှိတယ်။ အဲ့ဒီလူ အတွက် စဉ်းစားနေမယ်ဆိုရင် ဒီဥပဒေကြီးဟာ သိပ်ပြီးတော့ ရှုပ်ထွေးသွားပါလိမ့်မယ်။ လက်တွေ့ မကျပါဘူးခင်ဗျား။ ဒီတော့ ကျွန်တော်ပြောချင်တာကတော့ လယ်ရှိမှ လယ်သမားလို့ခေါ်နိုင်ပါမယ်။ လယ်သမားမှန်ရင် မြေရှိရပါမယ်။ သားမှန်ရင် အမေရှိရမယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဒီဥပဒေမှာ လယ်မရှိတွေလူတွေ လုပ်လာမှာကို စိုးရိမ်ပါတယ်။ ကျွန်တော်က အောက်ခြေကို ငဲ့ညှာပြီးတော့လုပ်ရင် အပေါ်ကလာမှာလည်းရှိတယ်။ ဘာမှလယ်မရှိဘဲ လယ်သမားအမည်ခံပြီးတော့ ဒီအခွင့်အရေးကို ယူသွားရင် ဘယ်လိုလုပ်မလဲ။ ဒီကိစ္စက နှစ်ပေါင်းများစွာ ရှင်းလို့မကျေတဲ့ကိစ္စ၊

မပြီးတဲ့ကိစ္စ။ ဒီနေ့ ဒီဥပဒေ ဒီလိုအားနည်းချက်ရှိရင် အကျိုးတူလို့ ပူးပေါင်းဆောင်ရွက်မှာတွေ ထပ်ပြီးတော့ ရှုပ်ကုန်ဦးမှာပဲ လယ်သမားတွေကို အောက်ခြေမှာရှိတဲ့ အလုပ်သမားတွေကို ကူညီချင်တယ်ဆိုရင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအဲ့ဒီဥပဒေတွေနဲ့ အဆင့်ဆင့် ကူညီသင့်ပါတယ်။ လယ်သမားအရာမှာ စာရင်းသွင်းပြီးတော့ ကူညီနေမယ်ဆိုရင် အဲ့လိုလူတွေက လယ်သမားလို့ သတ်မှတ်ရင် တစ်ရွာလုံးလိုလို လယ်သမားဖြစ်သွားလိမ့်မယ်။ ကျွန်တော်တို့ဟာ ဒါကြောင့် လယ်လုပ်ပိုင်ခွင့်ရှိတဲ့လူတွေကိုပဲ ဒီအကူအညီကိုပေးသင့်ပါတယ်။ ဒီတော့ ဒီဥပဒေနှင့်ညှိတဲ့ အခါမှာလည်း ဥပဒေကြမ်းကလည်း မြင်တဲ့အတိုင်းပါပဲ။ သူတို့ပုံစံနဲ့ သူတို့တင်ပြထားတာရှိသလို သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကလည်း နဂိုလယ်ယာမြေအတိုင်းပဲ သဘောတူတဲ့ သဘောရှိပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ လိုအပ်လို့ လုပ်တဲ့ဟာက လယ်သမားတွေကို အကျိုးပြုစေချင်ပါတယ်။ တိကျလည်း တိကျစေချင်ပါတယ်။ ဥပဒေကောင်းတစ်ရပ်လည်း ဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥပမာတစ်ခုပြောရရင် ဘုရားရှင်က ကလမသုတ်မှာ ဟောခဲ့တာရှိပါတယ်။ ကျမ်းခံစာပေမှာပါတိုင်းလည်း ပြီးပြည့်စုံအောင်မှန်တယ်လို့ မယူဆနဲ့ ငါ့အထက်က ဆရာသမားတွေပြောတိုင်းလည်း မှန်တယ်လို့ မယူဆနဲ့ လက်တွေ့ကျင့်သုံးပြီးမှ ကိုယ်ပိုင်စိတ်နှလုံးနဲ့ ဒါဖြစ်သင့်တယ်/မဖြစ်သင့်တယ် စဉ်းစားဆုံးဖြတ်ကြပါလို့ လွှတ်တော်ကိုယ်စားလှယ်ကြီးအားလုံးကို မေတ္တာရပ်ခံလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ ဆက်လက်ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တောင်သူလယ်သမားများရဲ့အကျိုး စီးပွားမြှင့်တင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစဉ် ၅ အခန်း(၁) ပုဒ်မ ၁ ပုဒ်မခွဲ(င) တောင်သူလယ်သမားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ၁ ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက မူလပြင်ဆင်ထားတာက မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူလို့ မူလကျွန်တော်တို့ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြထားပါတယ်။ သို့သော်လည်းပဲ

ကျွန်တော်တို့ မြေကို အသုံးပြု၍ဆိုတဲ့နေရာမှာ မြေကိုအသုံးမပြုဘဲနဲ့ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများမှာ ယနေ့ ဒေသအချို့မှာ ဆောင်ရွက်လျက်ရှိတာကြောင့် တောင်သူလယ်သမား ရဲ့အခွင့်အရေး ဆုံးရှုံးနိုင်ဖွယ်ရှိတဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တောင်သူ လယ်သမားများဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့်ကိုက်ညီသူကိုဆိုသည်။ အပိုဒ်ခွဲငယ် (၁) မြေကိုအသုံးပြု၍သော် လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေး လုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏ အဓိကအသက် မွေးဝမ်းကျောင်းအဖြစ် မိမိ ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင်အစဉ်တစိုက် လုပ်ကိုင် ခဲ့သူဟု ပြင်ဆင်အဆိုပြုထားပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်မှ အတည်ပြုနိုင်ပါရန် တင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဥပဒေကြမ်းပုဒ်မ ၁၊ ပုဒ်မ ၂(င)မှာ တောင်သူလယ်သမားဆိုတဲ့ Defination နဲ့ပတ်သက်လို့ ကျွန်တော်တို့ ဥပဒေ ကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ လယ်ယာမြေဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ဒ) နှင့် ဖော်ပြထားတဲ့ တောင်သူလယ်သမားရဲ့ အဓိပ္ပာယ်နှင့်ကိုက်ညီပါတယ်။ ၎င်းအပြင် စိုက်ပျိုးရေး လုပ်တဲ့အခါမှာ မြေကို အသုံးပြုတဲ့အပြင် အခြားနည်းအသုံးပြုတဲ့ နည်းပညာတွေလည်း ပေါ်ပေါက် နေပါတယ်။ ဥပမာ ပြောမယ်ဆိုရင် ဟိုက်ဒရိုပေါနစ် လို့ခေါ်တဲ့ မြေမပါဘဲနှင့် ရေထဲမှာ လိုအပ်တဲ့ အာဟာရတွေထည့်ပြီးတော့ စိုက်ပျိုးနေတဲ့နည်းပညာတွေလည်း ပေါ်ပေါက်နေတဲ့အတွက် စောစောက ဥပဒေကြမ်းကော်မတီတင်ပြသွားတဲ့ မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်စလုံး ကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက်လုပ်ကိုင်ခဲ့သူဆိုတဲ့ အချက်ကိုထောက်ခံပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့

ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့တောင်သူလယ်သမားဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ် နှင့်ကိုက်ညီသည်ကိုဆိုလိုသည်ဆိုတဲ့အပိုဒ်မှာ မြေကိုအသုံးပြု၍ ဆိုတဲ့ဟာကို တိုးချဲ့ပြီးတော့မှ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်းဆိုတဲ့အပိုဒ်ကို ထည့် တာဟာ သင့်လျော်မှန်ကန်ကြောင်း ကျွန်တော်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေနှင့် ထောက်ခံအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ရေလုပ်ငန်းနယ်ပယ်မှာ ကဏ္ဍကြီး ၃ ခု ယခင်ကတည်းက ရှိခဲ့ပါတယ်။ အဲ့ဒါကတော့ (၁) အနေနဲ့ မွေးမြူရေးငါးကန်ကို တူးဖော်ပြီး မွေးမြူတဲ့ လုပ်ငန်းရှိပါတယ်။ နောက်တစ်ခုကတော့ ရေချိုငါးလုပ်ငန်း တစ်ခုရှိပါတယ်။ နောက်တစ်ခုကတော့ ရေငန်ငါးလုပ်ငန်းတစ်ခုရှိပါတယ်။ နောက်ဆုံးကျွန်တော်တို့ရဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက ချမှတ်ထားတဲ့ ပေါ်လစီတွေ၊ Decoration တွေအရဆိုရင် Catch ကနေပြီးတော့ ဖမ်းဆီးမှုကို လျှော့ချပြီးတော့ မွေးမြူရေးကို ဦးစားပေးရမယ်ဆိုတဲ့မူအရ ကျွန်တော်တို့ ဒါကို ပြောင်းလဲလုပ်ကိုင်ကြတဲ့အခါမှာ မြေတွေကို တိုးချဲ့လို့မရတဲ့အခါမှာကျတော့ ရေငန်ပင်လယ်ကမ်းစပ်မှာ **ကိုယ်စ်တယ်ဖစ်စတီ** ဆိုပြီး တော့ နိုင်ငံတကာမှာ ဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Catch Culture လို့လည်း ခေါ်ပါတယ်။ ဒါကတော့ ပင်လယ်ကမ်းစပ်တွေမှာ ပိုက်တွေနဲ့ ကျွန်တော်တို့ မွေးမြူတဲ့စနစ်ပါ ကျွန်တော်တို့ နိုင်ငံမှာလည်း တချို့ရှိပါတယ်။ ဧရာဝတီတိုင်းမှာဆိုရင်လည်း တချို့ရေချိုငါးမှာလို ဝန်မြစ်ထဲမှာ Catch Culture လုပ်တာရှိပါတယ်။ ဒါကြောင့်မို့လို့ မြေတစ်ခုတည်းမဟုတ်ဘဲနှင့် ရေလုပ်ငန်းတစ်ခုအနေနဲ့ဆိုရင်တော့ ကျန်တဲ့ **ကိုယ်စ်တယ်ဖစ်စတီ** တွေပါ ဆက်ပြီး နောင်လည်းပဲ ဒါတွေကို တိုးချဲ့ပြီးတော့လုပ်ရမယ့်လုပ်ငန်းတွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုဥပဒေကြမ်းကော်မတီ ကတင်ပြသွားတဲ့ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်း ကောင်း ဆိုတဲ့အပိုဒ်ကို ဖြည့်စွက်တဲ့ဟာကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ထောက်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်၊ ဦးဖေသန်းရဲ့တင်ပြချက်အပေါ် မူတည်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကတော့ ဥပဒေကြမ်းကော်မတီ ရဲ့တင်ပြချက်ကို ထောက်ခံဆွေးနွေးသွားပါတယ်။ ဒီအပေါ် မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့ အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၆ ဖြစ်ပါတယ်။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ကွဲလွဲချက်တွေကတော့ အတူတူပါပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမယ့် ခုနက ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက်ဆိုတာ မူလမှာတော့ မပါပါဘူး။ ဒါပေမယ့် အဲ့ဒါကိုလည်း ထောက်ခံနိုင်ပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေ၊ ဝန်ကြီးဌာနတွေက ထောက်ခံသလို ကျွန်တော်လည်း ထောက်ခံနိုင်ပါတယ်။ ဒါပေမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို အသိပေးတဲ့နေရာမှာ မိမိရဲ့ လုပ်ပိုင်ခွင့်ရှိသောဆိုတဲ့စကားလုံးကို ဝန်ကြီးဌာနတွေက ကန့်ကွက်ထားတာမရှိပါဘူး။ ဒါလေးကတော့ ကျွန်တော်တင်ပြချင်ပါတယ်။ အဲ့ဒီအပေါ်မှာလည်း မဲခွဲသင့်တယ်၊ ဆန္ဒတောင်းခံသင့်တယ်လို့ ထင်ပါတယ်။ အဲ့ဒါကတော့ ကျွန်တော်ရဲ့အမိက ပြင်ဆင်တဲ့ စကားလုံးပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခုဒီကိစ္စနှင့် ပတ်သက်ပြီးတော့ တူညီတဲ့အတွက် ကျွန်တော့်အနေနဲ့ ပြင်ဆင်ခြင်းကို ရုပ်သိမ်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ခြင်းကို ရုပ်သိမ်းတာက စာမျက်နှာ ၂ အမှတ်စဉ် ၆ ဦးဖေသန်းရဲ့ ပြင်ဆင်မှုကို ရုပ်သိမ်းတယ်ဆိုတာလား သို့မဟုတ်ရင်လည်း

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ စကားလုံးနဲ့တူတဲ့အပိုဒ်တွေ နောက်မှာလည်းပါပါတယ်။ မိမိလုပ်ပိုင်ခွင့်ရှိသောမြေကို အသုံးပြု၍ဆိုတာ အတူတူပဲဖြစ်တဲ့အတွက်နဲ့ အဲ့ဒါနှင့်ပတ်သက်ပြီးတော့ နောက်ထပ်ပြင်ဆင်ချက်ကို မတင်ပြလိုတော့ပါဘူး။ အဲ့ဒါပြောတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ကဲဒါကြောင့် ဦးဖေသန်းက ပြန်လည်ရုပ်သိမ်းသွားတဲ့အတွက် ဥပဒေကြမ်းကော်မတီက မိမိပြင်ဆင်အဆိုပြုချက်ကို တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်မှာ အစဉ် ၆ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(င) ပုဒ်မခွဲငယ်(၂) နှင့် ဆိုင်ရာ (၂)တွင် မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူဟု အဆိုပြုချက်အား အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တွေရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို လက်ခံပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူလက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အခုနက ဦးဖေသန်း အဓိက ဆွေးနွေးသွားတဲ့အချက်က မိမိလုပ်ပိုင်ခွင့်ရှိသော ဆိုတဲ့စကားနဲ့ပတ်သက်လို့ ဆွေးနွေးသွားတာရှိပါတယ်။ ဒါကလည်း မိမိမှတ်သားထားပါတယ်။ ဥပဒေတစ်ခုအမြဲတည်တံ့ဖို့အတွက် မဖြစ်နိုင်သလို ခဏခဏပြင်ရန် လည်းမသင့်ဘူးဆိုတာမှန်ပါတယ်။ သို့ရာတွင် တကယ်ကိုပြင်ဆင်ဖို့လိုအပ်တယ်ဆိုရင်လည်း ဒီနေ့ပြဋ္ဌာန်းပြီး နောက်နေ့လည်းပြင်ဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဒီအတွက်လည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ဝန်လေးနေဖို့ မဟုတ်ပါဘူး။ ဥပမာပြန်ပြီးတင်ပြရမယ်ဆိုရင် အလုပ်သမားဥပဒေနှင့်ပတ်သက်ပြီးတော့ ILO ကန့်ကွက်ချက်တွေ၊ ထောက်ပြကွက်တွေရှိခဲ့တယ်။ ရှိခဲ့တဲ့အတွက် ဒီကိစ္စဟာဘာနဲ့သွားဆိုင်လဲဆိုတော့ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးဥပဒေမှာပါတဲ့ အချက်တွေနဲ့ သွားပြီးတော့ ငြိနေတာရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးဥပဒေကို အဲ့ဒီလ၊ အဲ့ဒီရက် ၂၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ သို့ရာတွင် ILO ရဲ့ကန့်ကွက်ချက်တွေ၊ ထောက်ပြကွက် တွေရှိနေတယ်။ အဲ့ဒီလိုရှိနေတဲ့အတွက် ကျွန်တော်တို့နိုင်ငံကို EU က GSP လို့ခေါ်တဲ့ General System of Preferences ပေးဖို့ EU ကအခက်အခဲရှိတယ်ဆိုတာကို သိတဲ့အတွက် အခုနက ရက်ပိုင်းအတွင်း အတည်ပြုထားတဲ့ဥပဒေကို ပြင်လည်ပြင်ဆင်ခဲ့တဲ့သာဓက ရှိပါတယ်။ ဒီဟာသည် ဥပဒေသမားများအရပြောမယ်ဆိုရင် ဆိုင်ရာဖွဲ့စည်းခြင်းပဲဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးဖေသန်း အခုနကပြောတဲ့ မိမိလုပ်ပိုင်ခွင့်ရှိသော ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်မှတ်သားထားပါမယ်။ ပြီးတဲ့အခါမှာ သီးခြားကျွန်တော်တို့ဆွေးနွေးကြည့်ပါမယ်။ ဒီပေါ်မှာ သက်ရောက်လာတဲ့

အကျိုးသက်ရောက်မှုဟာ ဒီဥပဒေကိုသွားပြီးတော့ ထိခိုက်နေတယ်။ လုပ်ဆောင်မှုကို ထိခိုက်နေတယ် ဆိုရင်တော့ ပြန်လည်စဉ်းစားသုံးသပ်ဖို့ပဲ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီကော၊ ကျန်တဲ့အဖွဲ့ အစည်းများကော ဒါနဲ့ပတ်သက်ပြီးတော့ ဝန်မလေးပါနဲ့လို့ ကျွန်တော် ဒီမှာထပ်မံပြီးတော့ တင်ပြလိုပါ တယ်။ စာမျက်နှာ ၂ အမှတ်စဉ် (၇) ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ အဆိုပြုတင်ပြ ချက် အစဉ် (၇) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၃) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ ရာသီသီးနှံ၊ ဥယာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများစိုက်ပျိုး ထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီးမတည် စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံ လုပ်ကိုင်သူ အဆိုပြုပြင်ဆင်ချက်အား အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တို့ရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကော်မတီ ရဲ့တင်ပြချက်ကို သဘောတူပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေ နဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုသဘောတူလက်ခံပါတယ်။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်အား ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၇) ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ၂ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ချက်။ အစဉ် (၈) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၄) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ တခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဆိုတဲ့ ပြင်ဆင်ချက်အား အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်းကော ပြောဆိုဆွေးနွေးရန်ရှိပါသလား။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အဲ့ဒီအပိုဒ်ကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ထားပါတယ်။ ဘာလို့လဲဆိုတော့ တောင်သူလယ်သမားဆိုသည်မှာဆိုပြီးတော့ မြေယာဥပဒေမှာအဓိပ္ပာယ်ဖွင့်တဲ့အခါမှာ အချက် ၅ ချက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပထမ ၃ ချက်ကိုဖတ်ပြရရင် အဓိကအသက် မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင်အစဉ်တစိုက်လုပ်ကိုင်သူ။ ဒုတိယအချက်က မိမိ၏အသက် မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်စဉ်တစ်လျှောက်လုံးမှာ ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ။ နံပါတ် ၃ အချက် အရင်းအနှီးမတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူဆိုပြီးတော့ ဒီတစ်ချက်ချက်နဲ့ အကျုံးဝင်ရင် ဒါတောင်သူလယ်သမားပါပဲ။ အထက်မှာခေါင်းစည်းမှာ အဲ့ဒီလိုဖော်ပြထားပါတယ်။ အဲ့ဒီတော့ ဒီလောက်အထိ တိတိကျကျသတ်မှတ်ထားတဲ့ဟာကို အချက်လေးကျမှ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်နေသူဆိုပြီးတော့ အောက်ခြေအထိလျှော့ချပြစ်တာကိုတွေ့ရပါတယ်။ အဲဒါဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာပါဝင်နေသူဆိုတာ ဘယ်သူ့ကိုပြောတာလဲ။ ပါဝင်နေသူ၊ ပါဝင်နေဆဲ။ လုပ်ခဲ့သူလည်းမဟုတ်ဘူး။ လုပ်မယ့်လူလည်းမဟုတ်ဘူး။ ဒီလို ဥပဒေဖွင့်ဆိုချက်မျိုးဟာ ကျွန်တော်တို့အတွက် ဇဝေဇဝါဖြစ်တတ်ပါတယ်။ သို့လောသို့လောဖြစ်တတ်ပါတယ်။ ဥပဒေရဲ့ အပေါ်နဲ့အောက်ဆန့် ကျင်မှုကိုဖြစ်တတ်ပါတယ်။ အထက်ကစည်းကမ်းတကျနဲ့သတ်မှတ်လာရဲ့သားနဲ့ ဒီနေရာရောက်မှ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေ ပါဝင်ဆောင်ရွက်နေသူဆိုရင် အများကြီးရှိပါတယ်။ အခုနက ကျွန်တော်ပြောသလို လက်စားလိုက်တဲ့၊ နေ့တွက်အလုပ်သမားတွေလည်း ဆောင်ရွက်သူပါပဲ။ နောက်ဒီလောက်ခိုင်ခံ့တဲ့အချက်အလက်တွေကို တိတိကျကျပြဋ္ဌာန်းမယ်။ ဒီလိုမရေမရာတဲ့အချက်လေးပါလာတာကို ကျွန်တော့်အနေနဲ့ ဥပဒေတစ်ရပ် အနေနဲ့ မဖြစ်သင့်ဘူးလို့ယူဆတဲ့အတွက် ဒါကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ခြင်းဖြစ်ပါတယ်။ ပယ်ဖျက်ဖို့တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုသဘောတူပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ သဘောတူပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော် မူလက တင်ပြထားတဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့ တင်ပြချက်ဆွေးနွေးရန် ကျန်ပါသေးတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၈) မှာ ဒေါ်ခင်စန်းလှိုင် ပါလာသလား။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၈ နဲ့ ၉ မှာပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ၈ မှာပါ ပါတယ်နော်။ သတ်မှတ်ထားသော အရင်းအနှီးဖြင့်ဆိုတာ။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ခင်ဗျ။ သတ်မှတ်ထားသော အရင်းအနှီးဖြင့် စိုက်ပျိုး ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေသူ။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင် ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များရှင့်။ ကျွန်မက စစ်ကိုင်းတိုင်း၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီဥပဒေရဲ့ စာမျက်နှာ ၂ အမှတ်စဉ် (၈) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (င) အပိုဒ်ခွဲငယ် (၄) ကို ကျွန်မအနေနဲ့ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီပုဒ်မဟာ တောင်သူလယ် သမားဆိုတဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုထားတဲ့ ပုဒ်မပဲဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီအချက်တွေမှာ အချက် ၅ ချက်နှင့်တကွ တောင်သူလယ်သမားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တင်ပြလာတဲ့ တစ်လျှောက်မှာ အခု ပုဒ်မ ၂ ပုဒ်မခွဲ (င) အပိုဒ်ခွဲငယ် (၄) မှာ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဟု မူလဥပဒေမှာ ပြဋ္ဌာန်းထားပြီးတော့ ကျွန်မအနေနဲ့ ဒါရဲ့အပေါ်မှာ ကျွန်မ ပြင်ဆင်လိုတာကတော့ သတ်မှတ်ထားသောအရင်းအနှီးဖြင့် စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဟု ကျွန်မအနေနဲ့ ထပ်မံဖြည့်စွက်ချင် ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ ဒီဥပဒေဟာ တောင်သူလယ်သမားများရဲ့ အခွင့် အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပဲဖြစ်ပါတယ်။ ဥပဒေရဲ့ မူလရည်ရွယ်ချက် အတိုင်း တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးကို ကာကွယ်လည်းကာကွယ်ရပါမယ်။ အကျိုး စီးပွားကိုလည်း မြှင့်တင်ပေးတာပါရပါမယ်။ ဒီလိုမြှင့်တင်ပေးတဲ့နေရာမှာ နိုင်ငံတော်ရဲ့ ဒီနေ့လက်ရှိ

လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေအောက်ခြေ တောင်သူလယ်သမားများနှင့် လယ်ယာလုပ်ငန်းမှာ တိုက်ရိုက်ပတ်သက်ပါဝင်နေတဲ့ လယ်မဲ့၊ ယာမဲ့ လူဦးရေ ၁၀ သန်းရဲ့ အခွင့်အရေးကို ကာကွယ်ဖို့ရာလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းနှင့် လယ်ယာစီးပွားရေးလုပ်ငန်းကို ခွဲခွဲခြားခြားရှိစေချင်ပါတယ်။ လယ်ယာလုပ်ငန်းဆိုတာ Agriculture ကိုပြောပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆက်နွယ်တဲ့ စီးပွားရေးလုပ်ငန်းဆိုတာကတော့ Agro Business ကိုပြောတာပဲဖြစ်ပါတယ်။ အဲ့ဒါကြောင့်မိုလို့ ဒီလုပ်ငန်းနှစ်ခုကို ခွဲခွဲခြားခြား ကျွန်မတို့အနေနဲ့ ရှိစေလိုပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များရဲ့ လက်ဝါးကြီးအုပ် လွှမ်းမိုးချယ်လှယ်မှုတွေကို ကာကွယ်ဖို့ရာနဲ့ကျေးလက်နေပြည်သူများ နားလည်လွယ်ပြီး ၎င်းတို့ရဲ့အဓိက စိုးရိမ်ပူပန်မှုတွေကိုဖြေရှင်းပေးနိုင်ရန်နှင့် အားလုံးက ထောက်ခံကြိုဆိုတဲ့ဥပဒေဖြစ်ဖို့ရန်လည်းလိုပါတယ်။ အဲ့ဒါကြောင့်မို့လို့ စိုက်ထုတ်တဲ့အရင်းအနှီးကို သတ်မှတ်ကန့်သတ်ပိုင်းခြားပေးရန်အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်မရဲ့တင်ပြချက်ကို ပြည်သူ့လွှတ်တော်မှ တစ်ဆင့်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါ့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနက အခု ဒေါ်ခင်စန်းလှိုင် တင်ပြချက်ရယ် အခုနတုန်းကတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုထောက်ခံတယ်လို့ပြောပါတယ်။ အခု ဒေါ်ခင်စန်းလှိုင်က အခုလိုတင်ပြချက်အပေါ် မူတည်ပြီးတော့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။ အခြားဝန်ကြီးဌာနများက သဘောထားရှိတယ်ဆိုရင်လည်း ပြောပြပေးပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လယ်ယာစိုက်ပျိုး ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ စောစောက ဥပဒေကြမ်းကော်မတီတင်ပြတဲ့အတိုင်းပဲ မြေကို အသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းအသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများပါဝင်ဆောင်ရွက်သူဆိုတာ လုံလောက်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူကြောင်း၊ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနအနေနဲ့ ကျွန်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုထားတဲ့အချက်ကို လက်ခံ အတည်ပြုပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် လွှတ်တော်ကိုတင်ပြပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြု တင်ပြ ချက်အပေါ် မူတည်ပြီးတော့ ပြန်လည်တင်ပြပါမယ်။ ဒီစာမျက်နှာ ၂ အမှတ်စဉ် (၈) စာပိုဒ်ခွဲငယ် (၄) မှာ ဦးဖေသန်း မြေပုံမဲဆန္ဒနယ်၊ ဒေါ်ခင်စန်းလှိုင် ပုလဲမဲဆန္ဒနယ်နှင့် ဥပဒေကြမ်း ကော်မတီတို့ရဲ့ တင်ပြချက်တို့ရှိပါတယ်။ ဒီအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ဟာ ကောင်းမွန်မှုရှိတယ်။ ဒါကိုထောက်ခံပါတယ်လို့ပြောသွားပါတယ်။ ဒါ့ကြောင့် ဥပဒေ ကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ပေါ် မူတည်ပြီးတော့ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဒေါ်ခင်စန်းလှိုင် ဆွေးနွေးသွားတာရှိပါတယ်။ တောင်သူလယ် သမားများ အခွင့်အရေးကာကွယ်ရေးနှင့် တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာ ဆွေးနွေးစဉ်က လုပ်ကွက်ငယ်လုပ်တဲ့ တောင်သူလယ်သမားငယ်များကိုဦးစားပေး ကာကွယ် စောင့်ရှောက်မှု၊ အကျိုးစီးပွားဖြစ်ထွန်းမှုဆိုတာ ဖတ်တုန်းကတွေ့ လိုက်တာရှိပါတယ်။ ဘယ်အပိုဒ်ထဲ မှာလဲကျွန်တော်မသိပါဘူး။ ဒါ့ကြောင့်မို့လို့ မိမိတို့သည် လုပ်ကွက်ငယ် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားကို အဓိကထားဆောင်ရွက်ပေးမယ်ဆိုတဲ့အပိုဒ် ပါရှိပြီးဖြစ်တယ်လို့ထင်ပါတယ်။ ဒါကို လည်း ပြန်ပြီးတော့ လေ့လာသုံးသပ်မယ်ဆိုလို့ရှိရင် မိမိတို့လိုလားချက်ကို ဒီဥပဒေတစ်ခုလုံးက လွှမ်းခြုံထားတယ်ဆိုတဲ့ အကြမ်းဖျင်းတော့ တွေ့ရှိတာဖြစ်ပါတယ်။ ဒီအပိုင်းနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက သို့မဟုတ်ရင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းမြှင့်တင်ရေး ကော်မတီက တောင်သူလယ်သမားအငယ်များ၊ လုပ်ကွက်အငယ်များနဲ့ပတ်သက်ပြီးတော့ သူတို့အကျိုးစီးပွားကို အဓိကထား ကာကွယ်ဖို့ဆိုတာ ဘယ်အပိုဒ်ထဲမှာထည့်ထားပါလဲ။ အဲဒါကို ရှင်းလင်းတင်ပြဖို့လိုပါ တယ်။ အခုပဲ ရှင်းလင်းတင်ပြပေးပါ။ ဥပဒေကြမ်းကော်မတီကပဲဖြစ်ဖြစ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်မှာ အခန်း (၂) ရည်ရွယ်ချက်မှာ အမှတ်စဉ် (၂၀) ကန့်လန့်ဖြတ်ဇယား ၄ မှာပါ။ (ဃ) အဖြစ်လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်ရန်ဆိုပြီးတော့ ရည်ရွယ်ချက်မှာဖြည့်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီအနေနဲ့ကတော့ အခန်း (၄) ကို အပိုဒ် ၁၀ အနေနဲ့ ကန့်လန့် ဖြတ်ဇယား အမှတ်စဉ် (၃၈) မှာပါပါတယ်။ အမှတ်စဉ် (၃၈)၊ (၄၀) မှာဆိုလို့ရှိရင် တောင်သူလယ်

သမားအခွင့်အရေး ကာကွယ်ခြင်းနဲ့ အကျိုးစီးပွားမြှင့်တင်ခြင်းဆိုင်ရာ ဒါခံစားခွင့်များရရှိရမယ့် အခွင့်အရေးများကို တိတိကျကျပြုစုပြီးတော့ ဖြည့်စွက်ရေးသားထားတဲ့အကြောင်း လွှတ်တော်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းမြှင့်တင်ရေးကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီကတင်ပြသွားတဲ့ အချက်တွေနဲ့ အတူတူပဲဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါ့ကြောင့်မို့လို့ ထပ်ပြီးတော့ ရှင်းလင်းမဖော်ပြတော့ဘူး။

**ဥက္ကဋ္ဌ။** ။ အဲ့ဒီတော့ ခုနကဖော်ပြတဲ့ နေရာမှာ စာမျက်နှာ ၈၊ အမှတ်စဉ် (၃၈) အသစ်ဖြည့်စွက်ခြင်း အခန်း (၄) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ခြင်းနှင့်အကျိုးစီးပွားမြှင့်တင်ခြင်း စာပိုဒ် ၈ အောက်မှာ ခုနကပြောထားတဲ့ အချက်တွေအားလုံး ပါပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒေါ်ခင်စန်းလှိုင်လည်း ဒါကိုလေ့လာပြီးဖတ်ရှုပြီးတော့ ဆောင်ရွက်နိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၉ ဦးဖေသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက အပိုဒ်တွေနဲ့ အတူတူပဲဖြစ်တဲ့အတွက် အဲ့ဒီကိစ္စကို ဆက်ပြီးတော့ မဆွေးနွေးတော့ပါဘူး။

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်စန်းလှိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များရှင့်။ ကျွန်မက ဒီဥပဒေရဲ့ ပုဒ်မ ၂ အပိုဒ်ခွဲ (င) ရဲ့ အပိုဒ်ခွဲငယ် (၅) ကို ကျွန်မအနေနဲ့ ပြင်ဆင်မှာဖြစ်ပါတယ်။ ဒါရဲ့ မူလပြဋ္ဌာန်းချက်ကတော့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူလို့ သတ်မှတ်ထားပြီးတော့ ကျွန်မနေနဲ့ဒါရဲ့အပေါ်မှာ သတ်မှတ်ထားသော အရင်းအနှီးဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူဟု ကျွန်မပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းအရင်းကတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ လုပ်ငန်းတွေမှာ အရွယ်အစား၊ ပြည်တွင်း၊ ပြည်ပ မခွဲခြားဘဲ ထည့်သွင်းထားတဲ့သဘော သက်ရောက်နေတာကိုတွေ့ရပါတယ်။

ဒီဥပဒေရဲ့ခေါင်းစဉ်အရ အခွင့်အရေးကာကွယ်ရန်နှင့် အကျိုးစီးပွားမြှင့်တင်ရန်ကိစ္စမှာလုပ်ငန်း အရွယ်အစားကို တိကျစွာဖော်ပြရမှာပဲဖြစ်ပါတယ်။ စိုက်ထုတ်တဲ့အရင်းအနှီးကို ကန့်သတ်ပိုင်းခြားရမှာ လည်းဖြစ်ပါတယ်။ Contract Farming လိုလုပ်ငန်းတွေမှာ အောက်ခြေလယ်သမားများရဲ့ လယ်ယာ မြေများနဲ့ အခြေခံရပိုင်ခွင့်များအတွက်လည်း အကာအကွယ်ပေးရမှာဖြစ်ပါတယ်။ ကျွန်မတို့မှာ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးတို့ရှိပြီးဖြစ်ပါတယ်။ ဒီဥပဒေကတော့ ဒီကနေ့ ပြည်သူ့လွှတ်တော်ကြီးအတွင်းတင်ပြခဲ့ပြီး ယခုအချိန်မှာ မြန်မာနိုင်ငံ အတွင်းမှာ ပြဿနာများစွာဖြစ်နေတဲ့ လယ်ယာမြေမတရားသိမ်းဆည်းခံရခြင်းကြောင့် လယ်မဲ့၊ ယာမဲ့ ဖြစ်ခဲ့ရတဲ့ လယ်သမားတွေရဲ့ဒုက္ခ၊ နောက်အကြွေးသံသရာဒုက္ခ၊ အတိုးပေးနေရတဲ့ ဒုက္ခ၊ ဒီဒုက္ခသံသရာ တွေနစ် မွန်းနေတဲ့ တောင်သူလယ်သမားတွေအတွက် အဓိကရည်ရွယ်ပြီး အခွင့်အရေးကိုကာကွယ်ဖို့ နှင့် အကျိုးစီးပွားမြှင့်တင်ဖို့ရေးဆွဲတဲ့ ဥပဒေပဲဖြစ်ပါတယ်။ ရေရှည်မှာ Agriculture လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းမြှင့်တင်ရေးအတွက် Farmers လို့ခေါ်တဲ့ လယ်သမားတွေရဲ့အကျိုးစီးပွားကို အစိုးရက ဝင်ရောက်စွက်ဖက်ရမယ့် ဆောင်ရွက်ပေးရမယ့် အခြေအနေဟာ တစ်နေ့မှာရှိလာတော့မှာ ဖြစ်ပါ တယ်။ ဒါပေမယ့် လက်တလောပထမဆုံးလုပ်ရမယ့် လုပ်ငန်းကတော့ အောက်ခြေဆင်းရဲသား လယ်သမားရဲ့ အခွင့်အရေးကို ကာကွယ်မြှင့်တင်ဖို့ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဥပဒေကို ပီပီပြင်ပြင် ရှိစေချင်ပါတယ်။ အကူအညီအလွန်လိုအပ်နေတဲ့ လယ်မဲ့၊ ယာမဲ့များ စောစောတုန်းက ဦးဖေသန်း လည်း တင်ပြပေးသွားပါပြီ။ ကျွန်မတို့ တစ်သက်လုံးမြေပိုင်မရှိဘူး၊ မြေလည်းမရှိဘဲနဲ့ သူများမြေငှား ပြီးလုပ်နေရတဲ့ လယ်ငှားများနှင့် သီးစားလုပ်နေရတဲ့သူတွေရဲ့ တောင်သူလယ်သမားများ၊ မြန်မာနိုင်ငံ ရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားများရဲ့ အခွင့်အရေးများနဲ့ အကျိုးစီးပွား များကို ဦးစားပေးမြှင့်တင်ဖို့ရန် လိုအပ်တဲ့အတွက်လည်းကောင်း၊ မကာကွယ်သင့်တဲ့လူတွေကို ကာကွယ်မိမှာ စိုးတဲ့အတွက်လည်းကောင်း၊ မြန်မာနိုင်ငံမှာ နောက်ထပ်အရင်းအနှီးကြီးမားသူများရဲ့ စိုးမိုးတဲ့စနစ်ကို ထွန်းကားမှု မရှိစေရန်အတွက်လည်းကောင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမား များလို့ ဒါပြင်ဆင် ထားတဲ့အနေအပေါ်မှာ ကျွန်မအနေနဲ့ ကန့်ကွက်ရန်မရှိပေမယ့် လုပ်ကွက်ငယ် တောင်သူလယ်သမားများသာမကဘူး။ ကျွန်မတို့က လယ်မဲ့၊ ယာမဲ့ ဒီကနေ့ လယ်ကိုလက်လွှတ်လိုက် ရတဲ့ တောင်သူလယ်သမားတွေအတွက်ပါ ရည်ရွယ်ပြီးတော့ ဒီဥပဒေမှာ ပြဋ္ဌာန်းစေချင်တဲ့အတွက် ကြောင့် ကျွန်မကအခုလို ပြင်ဆင်ရန်တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့ ပြင်ဆင်ချက်ကိုလွှတ်တော် ကနေ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဒေါ်ခင်စန်းလှိုင်က အပိုဒ်ရဲ့ရှေ့မှာ သတ်မှတ်ထားသော အရင်းအနှီးဖြင့်ဆိုတာ ဥပဒေမှာထည့်သွင်းရမှာ အင်မတန်ခက်ခဲပါတယ်။ သတ်မှတ်ထားတဲ့အရင်းအနှီးဆိုတာ ဘယ်သူကသတ်မှတ်တာလဲ။ အစရှိသဖြင့် သတ်မှတ်ထားတဲ့ အရင်းအနှီးဆိုတာ Definition မှာ ဒီဥပဒေမှာမပါပါဘူး။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ လုပ်ကွက်ငယ်ဆိုတာလည်းပဲ စောစောကပုဒ်မ ၁၀ မှာ ဒီဥပဒေမှာ အတိအလင်းပြဋ္ဌာန်းထားတဲ့ ဆင်းရဲတဲ့လယ်သမားတွေရဲ့အကျိုးအတွက် ကာကွယ်ရန်နှင့်အကျိုးစီးပွားမြှင့်တင်ရန်ပါပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြင်ဆင်ချက်ကတော့ အစဉ် (၉) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၅) စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသောထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကိုအသုံးပြု၍သော်လည်းကောင်း၊ တခြားနည်းကိုအသုံးပြု ၍သော်လည်းကောင်း၊ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူဆိုတဲ့ အဆိုပြုပြင်ဆင်ချက်အား အတည်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အပေါ်မှာ သဘောတူပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ ဒီရဲ့ ပြင်ဆင်တင်ပြချက်ကို ထောက်ခံသဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၀ ဦးဖေသန်း မြေပုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ကျွန်တော် ဒီအပိုဒ်ကို တင်ပြတဲ့အခါမှာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်တဲ့သူဆိုတာကို ပုံပေါ်စေချင်လို့ အဲဒီစကားရပ်မှာ တောင်သူလယ်သမားအချင်းချင်းအကြားတွင်သော်လည်းကောင်း၊ တောင်သူလယ်သမားနှင့် အခြားသူများအကြားတွင်သော်

လည်းကောင်း သဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးလုပ်ငန်း ပါဝင်သည်ဆိုပြီးတော့ အဲဒီမှာ ပထမက တင်ပြခဲ့ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီရယ် ညှိတဲ့အခါမှာ အဲဒီလို အငြင်းထွက်မယ့်ကိစ္စတွေ ကို ရှောင်ရှားပြီးတော့ အဲဒီတော့ စိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ အောက်ပါအတိုင်း ဖြစ်သည်ဆိုပြီး တော့ နဂိုမူလ ပြဋ္ဌာန်းထားတဲ့အချက် ၉ ချက်နှင့်အညီ အကျုံးဝင်တယ်ဆိုပြီးတော့ တိုတိုနဲ့ပဲ ကျွန်တော်တို့ သဘောတူညီချက်ရယူခဲ့ပါတယ်။ အတည်ပြုပေးဖို့ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ကြိုတင်ညှိနှိုင်းထားပြီးဖြစ်တဲ့ အတွက် သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ကြိုတင်ညှိနှိုင်းထားလို့ သဘောတူတာမဟုတ်ဘူး။ သဘောတူလား၊ မတူလား မေးတာ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနတို့ရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ဦးဖေသန်း မြေပုံမဲဆန္ဒနယ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကန့်ကွက်ရန်မရှိပါဘူး။ သဘောတူပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ကန့်ကွက်ရန် မရှိဘူး။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က ဦးဖေသန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးဖေသန်း မြေပုံမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမှတ်စဉ် ၁၂ ဦးဖေသန်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။အခု ဥပဒေဟာ ကျွန်တော်တို့ တောင်သူလယ်သမား တွေ အကျိုးစီးပွားအတွက် ကာကွယ်မြှင့်တင်ဖို့ ဥပဒေဖြစ်တဲ့အတွက် လယ်ယာမြေဆိုတဲ့ စကားရပ်

ဟာ မပါမဖြစ် လိုအပ်ပါတယ်။ အဲဒါကြောင့် ဒီမှာ ဥပဒေမှာ လယ်ယာမြေကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့တာ မရှိတဲ့အတွက် လယ်ယာမြေဥပဒေထဲမှာ ပါရှိတဲ့ လယ်ယာမြေဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသော မြေ၊ ဓနိမြေ၊ ဥယျာဉ်ခြံမြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသော ခြံမြေဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုလိုသည် ယင်းစကားရပ်သည် မြို့နယ် နယ်နိမိတ်အတွင်းရှိ လူနေ အိမ်ရာများ၊ ဘာသာရေးအဆောက်အအုံများ နှင့် ပရဝုဏ်များ၊ အများနဲ့ဆိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းကို အသုံးမပြုသော မြေများ မပါဝင်ရေးဆိုပြီး တော့ လယ်ယာမြေဥပဒေ ၂၀၁၂ ဥပဒေဆိုတဲ့အတိုင်းပဲ ကျွန်တော် ဒါကို လိုအပ်ချက်အရ ထည့်သွင်း ခြင်းဖြစ်ပါတယ်။ လက်ခံသဘောတူနိုင်ဖို့ တင်ပြအပ်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွေ ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ လယ်ယာမြေဆိုတဲ့အဓိပ္ပာယ်ကိုလည်းပဲ ယင်းဥပဒေမှာ ထည့်သွင်းဖော်ပြ ထားပြီး ဖြစ်ပါတယ်။ အခု ကျွန်တော့်အစ်ကိုကြီး ဦးဖေသန်း ဖြည့်စွက်တဲ့အထဲမှာလည်းပဲ ကျွန်တော်တို့ ဘာမပါ ဘူးလဲဆိုတော့ ကျေးရွာနယ်နိမိတ်ဆိုတာ ပါလာခြင်းမရှိပါဘူး။ နောက်တစ်ခု တင်ပြချင်တာက ကျွန်တော်တို့ ဒီဥပဒေမှာ ကျွန်တော်တို့ လယ်ယာမြေဆိုတဲ့ အသုံးအနှုန်းဥပဒေထဲမှာ ထည့်သွင်းထား ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဒီလယ်ယာမြေဆိုတဲ့ နောက်ပိုင်းအသုံးအနှုန်း ပါမှသာလျှင် လယ်ယာမြေဆိုတဲ့အဓိပ္ပာယ်ကို ကျွန်တော်တို့ ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေမှာ လယ်ယာမြေဆိုတဲ့ နောက်ပိုင်းအသုံးအနှုန်းမပါတဲ့အတွက် လယ်ယာမြေဆိုတဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်ဝန်ကြီးဌာန သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးဖေသန်း မြေပုံရဲ့ ပြင်ဆင်ချက်ဟာ လယ်ယာမြေဥပဒေအခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ လယ်ယာမြေ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ထပ်တူ ဖြစ်နေပါတယ်။ ဒီဥပဒေမှာ ထပ်မံပြဋ္ဌာန်းရန် မလိုအပ်ဟု ယူဆပါတယ်။ ဒါကြောင့် တင်ပြအပ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ် တင်ပြလိုပါတယ်။ လယ်ယာမြေဥပဒေမှာပါလို့ ဒီဥပဒေမှာ ထပ်မံတင်ပြဖို့ မလိုဘူး။ လယ်ယာမြေဥပဒေကို ညွှန်းဆိုလို့ရတယ်ဆိုရင် တောင်သူလယ်သမားဆိုတာလည်း လယ်ယာမြေဥပဒေမှာ ပါပါတယ်။ အဲဒါကြောင့် အဲဒီကိစ္စကို သက်ဆိုင်ရာက နည်းနည်းဖြေရှင်းပေးစေချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဆိုတော့ ဥပဒေကြမ်းကော်မတီက အရင်ရှင်းပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ တောင်သူလယ်သမားဆိုတာကတော့ မပါမဖြစ် ထည့်ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့ ထည့်ရမှာ ဖြစ်လဲဆိုတော့ ဒီဥပဒေက တောင်သူလယ်သမားအကျိုးစီးပွားကာကွယ်ရေးနဲ့ အခွင့်အရေးကာကွယ်ရေးဥပဒေဖြစ်လို့ပါ။ လယ်ယာမြေဆိုတာကတော့ ဒီနောက်ပိုင်းရေးထားတဲ့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ရှင်းပြထားသလိုပါပဲ ဥပဒေရဲ့ Body တစ်ခုလုံးမှာ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် စသည်ဖြင့် သုံးထားရင်တော့ ကျွန်တော်တို့ ရှင်းလင်းချက် ဖြစ်ပါတယ်။ ဒါ ရှင်းလင်းချက်ထည့်ရပါတယ်။ အဲဒီတော့ ဥပဒေရေးထုံးနဲ့လည်း ညီအောင် မထည့်ခြင်းဖြစ်ပါတယ်။ အဲဒါလေးကို ဥပဒေကြမ်းကော်မတီကိုယ်စား တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိမိတော့ သဘောပေါက်ပါတယ်။ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေများ ဒီထက်ပိုပြီးသဘောပေါက်အောင် ဥပဒေကြမ်းကော်မတီက အခြားတာဝန်ရှိတဲ့ပုဂ္ဂိုလ်များ ဆွေးနွေးဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ထပ်မံရှင်းလင်းတင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေ တစ်ရပ်ကို ကျွန်တော်တို့ ရေးဆွဲကြမယ်ဆိုရင် ရေးထုံးလည်းပဲ ညီဖို့အရေးကြီးပါတယ်။ ဥပဒေအတွင်းမှာ ထည့်သွင်းထားတဲ့ အပိုဒ်များ၊ စာသားများ မပါလို့ရှိရင် ရေးထုံးအရ Definition ဖွင့်စရာ လိုအပ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီဥပဒေမှာ လယ်ယာမြေဆိုတဲ့အသုံးအနှုန်း ဥပဒေအပိုဒ်၊ အပိုဒ်ခွဲများမှာ မပါ ရှိတဲ့အတွက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းကို ကျွန်တော်တို့ သဘောမတူခြင်း ဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဦးဘရှိန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဥပဒေကြမ်းကော်မတီက လွှတ်တော်ကိုယ်စားလှယ်တွေလည်း ဖြေရှင်းကြပြီးပါပြီ။ ကျွန်တော်တို့ အဆိုပြုတင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း လက်ခံသဘောပေါက်နိုင်အောင် ကျွန်တော်တို့ ရှင်းပြသင့်ပါတယ်။ ကျွန်တော်တို့ ဥပဒေတွေ ပြုစုတဲ့နေရာမှာ ဝေါဟာရတွေကို အဓိပ္ပာယ်သတ်မှတ်ချက်တွေ ပေးကြပါတယ်။ အဲဒီလိုပေးတာက ဒီဥပဒေမှာ ဒီလိုဝေါဟာရတွေကို ထည့်သွင်းအသုံးပြုတဲ့အခါ ဒီဝေါဟာရတွေကို အဓိပ္ပာယ်ကောက်မလွဲမှားအောင် အခု ကျွန်တော်တို့ ဒီပြဋ္ဌာန်းနေတဲ့ဥပဒေမှာကျတော့ လယ်ယာမြေ ဆိုတဲ့အသုံးအနှုန်းကို ထည့်သွင်းသုံးစွဲထားတာမရှိတဲ့အတွက်ကြောင့် ဒီဥပဒေမှာ ဒီလယ်ယာမြေဆိုတဲ့ ဝေါဟာရကို အဓိပ္ပာယ်သတ်မှတ်ဖို့မလိုဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဒီအဓိပ္ပာယ်ဖွင့်ဆိုချက် ထည့်သွင်းဖို့မလို ဆိုတဲ့အကြောင်းကို တင်ပြနေတာ ဖြစ်ပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းအနေနဲ့ ရှင်းလင်းသွားအောင်တင်ပြတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကောင်းပါပြီ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အနည်းငယ်လောက် ပြန်ပြောခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြော၊ ရတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ပညာရှိ သတိဖြစ်ခဲလို့ ထင်ပါတယ်။ ကန့်လန့်ဖြတ်ဇယား အပိုဒ် ၃၈ အပိုဒ်ခွဲ(ခ)မှာ နိုင်ငံတော်၏ အဓိကသုံးစွဲသီးနှံဖြစ်သည့် ဆန်စပါးဖူလုံရေးကို မထိခိုက်စေရေးအတွက် မိမိတို့ တရားဝင်လုပ်ပိုင်ခွင့်ရှိသော လယ်ယာမြေပေါ်တွင် ဥပဒေနဲ့အညီ လွတ်လပ်စွာ စိုက်ပျိုးခွင့်ဆိုတဲ့ အဲဒီလယ်ယာမြေဆိုတဲ့စကားလုံး အတိအကျပါပါတယ်။ နောက် ရှာရင်လည်း တွေ့ချင်တွေ့ပါဦးမယ်ခင်ဗျ။ ဒါကြောင့် ကျွန်တော် ပြောလိုတာက အဲ့ဒီလို လယ်ယာမြေဆိုတဲ့ စကားဟာ ဒီဥပဒေကို ဘယ်လိုများ အနှောင့်အယှက်ပေးပါသလဲခင်ဗျာ။ လယ်ယာမြေနဲ့ လယ်သမားဟာ ခွဲလို့မရပါဘူး။ ဒီစကားလုံးပါသွားတဲ့အတွက် ဘယ်လိုများ ဒီဥပဒေကို ပျက်ပြယ်စေပါသလဲ။ အနှောင့်အယှက်ပြုပါသလဲ။ ဒါဟာ ဥပဒေထဲမှာလည်း မပါဘူးဆိုပြီးတော့ အတိအလင်းပါထားတဲ့

ဥစ္စာကို ဘယ်လို ရယ်ရှယ်ချက်တွေနဲ့ ဒါကို ကန့်ကွက်ပါသလဲဆိုတာကို သိလိုပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကဲ ဥပဒေကြမ်းကော်မတီ။ သူက ဘေးထွက်ဆိုကျိုးမဟုတ်ဘူး။ ဘေးထွက်အငြင်းပွားမှု။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ကျွန်တော်တို့ နောက်ထပ်ဖြေရှင်းချက်တစ်ခုပေးရင်လည်း ထပ်ပြီးကန့်ကွက်နေမှာဆိုတဲ့အတွက် ဖြေရှင်းချက်မပေးလိုတော့ပါဘူး။ ဒီဟာကတော့ သူပြောတာပါလို့တော့ အနှောင့်အယှက်မဖြစ်ပါဘူး။ သို့သော် မလိုအပ်လို့ မထည့်တာပါဆိုရင်တော့ ကျွန်တော့် အနေနဲ့ အဲဒီလို တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ အရေးကြီးတာက အသစ်ဖြည့်ခြင်းဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဒီဥပဒေထဲ မှာ ထည့်သင့်/မထည့်သင့်ကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပြန်ပြီးတော့ တင်ပြပါမယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒီ ဦးဖေသန်း တင်ပြတဲ့ အဆိုပြုချက်ကို အသစ်ဖြည့်စွက်ခြင်းအတွက် သဘောထားပြောပေးဖို့ ဖြစ်ပါတယ်။ ထောက်ခံမှာလား/ကန့်ကွက်မှာလား။ သဘောထားပြောဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ကန့်ကွက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လယ်ယာမြေဆိုတဲ့စကားရပ်က ကျွန်တော်တို့ ဥပဒေတစ်ခုမှာ နှစ်ကြိမ်နဲ့အထက် ဖော်ပြမှသာလျှင် အဓိပ္ပာယ်ဖွင့်ဆိုချက်ပြည့်စုံမှာ ဖြစ်တဲ့အတွက် ကန့်ကွက်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ကဲဒါကြောင့် ဦးဖေသန်းရဲ့ တင်ပြချက်သည် အသစ်ဖြည့်စွက်ရန်မလို ကြောင်း ဥပဒေကြမ်းကော်မတီက ဒီလိုပဲ ကန့်ကွက်ပြောဆိုတာ ရှိပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်း ထောက်ခံထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန် တစ်ယောက်ရှိပါတယ်။ ဦးဖေသန်းပါဆိုရင်တော့ နှစ်ယောက်ရှိမှာပါ။ ဒါကြောင့်မို့လို့ လွှတ်တော်

ကိုယ်စားလှယ်အများစုက ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၃ အမှတ်စဉ် ၁၃ ဦးဖေသန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။အထက်က စိုက်ပျိုးရေးလုပ်ငန်းဆိုတဲ့ စကားပိုဒ်မှာ ဆွေးနွေးခဲ့သလိုပါပဲ ဒီကိစ္စလည်း ကျွန်တော်တို့ ညှိတဲ့အခါမှာ အငြင်းပွားမှာ စိုးတဲ့အတွက်နဲ့ မူရင်း ဥပဒေကြမ်းမှာ ဖော်ပြထားတဲ့အတိုင်းပဲ စိုက်ပျိုးရေးလုပ်ငန်းဆိုသည်မှာ အောက်ပါတို့ကို လုပ်ငန်းများ ကို မွေးမြူရေးလုပ်ငန်းဆိုသည်မှာ အောက်ပါလုပ်ငန်းများကို ဆိုသည်ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ အတိုရှုံးပြီးတော့ ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ လက်ခံပေးနိုင်ဖို့ လွှတ်တော်ကို တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဥပဒေကြမ်းကော်မတီ**။ ။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနတို့ရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးဖေသန်း တင်ပြတဲ့အတိုင်း သဘောတူပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ ဦးဖေသန်းရဲ့ တင်ပြချက်အတိုင်း ကန့်ကွက်ရန်မရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဖေသန်းရဲ့ အဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးဖေသန်း မြေပုံရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန် ယင်းမာပင်မဲဆန္ဒနယ်မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊

ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မူလပြင်ဆင်ချက်ဖြစ်တဲ့ မွေးမြူခြင်းဆိုတဲ့ အသုံးအနှုန်းကို ကျွန်တော့်အနေနဲ့ မွေးမြူရေးဆိုတဲ့ အသုံးအနှုန်းနဲ့ ပြင်ဆင်ပြဋ္ဌာန်းဖို့ အဆိုပြုမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအပိုဒ်မှာ မွေးမြူရေးလုပ်ငန်းဆိုသည်မှာ မွေးမြူရေးလုပ်ငန်းကို အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါတယ်။ ဒီမွေးမြူရေးလုပ်ငန်းကို အဓိပ္ပာယ်ဖွင့်တာမှာ ကျွန်တော်တို့ လုပ်ငန်းအမျိုးအစားနဲ့ ရည်ရွယ်ချက်တွေကို အချက် ၅ ချက် ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီတော့ကျတော့ ကျွန်တော်တို့ မွေးမြူရေးလုပ်ငန်းကို အဓိပ္ပာယ်ဖွင့်ခြင်းဖြစ်တဲ့အတွက် ဘာမွေးမြူရေးလုပ်ငန်း၊ ဘယ်လိုရည်ရွယ်ချက်နဲ့ မွေးမြူရေးလုပ်ငန်းလို့သာ သုံးစွဲခြင်းအားဖြင့် ဒီမွေးမြူရေးလုပ်ငန်းဆိုသည်မှာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ချက်ကို ပိုမိုပြီးတော့ ဆီလျော်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါအတိုင်း ပြင်ဆင်ချက်အဆို တင်သွင်းလိုပါတယ်။ (၁) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုရန်သော်လည်းကောင်း၊ စားသုံးရန် သို့မဟုတ် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရန်သော်လည်းကောင်း၊ ရည်ရွယ်လုပ်ကိုင်သော တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ (၂) ရေချိုရေငန် ငါးမွေးမြူရေးလုပ်ငန်း၊ (၃) မျိုးတိရိစ္ဆာန်မွေးမြူရေး၊ မျိုးငါးမွေးမြူရေး၊ သားပေါက်ထုတ်လုပ်ရေးနဲ့ မျိုးမြှင့်တင်ရေးလုပ်ငန်း၊ (၄) ပျားမွေးမြူရေးလုပ်ငန်း၊ (၅) ပိုးမွေးမြူရေးလုပ်ငန်း ဟု ပြင်ဆင်ချက်အဆို တင်သွင်းအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဦးသောင်းဟန် ယင်းမာပင်ရဲ့ ပြင်ဆင်ချက်ကို သဘောတူပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန် မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၈ ဦးသောင်းဟန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။အမှတ်စဉ် ၁၈ အခန်း(၂) ပုဒ်မ ၃ မှာ ကျွန်တော်တို့ မူလအဆိုကတော့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း၊ သမားရိုးကျမိရိုးဖလာမွေးမြူရေးမှ ခေတ်မီမွေးမြူရေးသို့လည်းကောင်းကူးပြောင်းနိုင်ရန် ထုတ်လုပ်ခွင့်နည်းပညာနှင့်သွင်းအားစုဆိုင်ရာတို့ကို ပံ့ပိုးကူညီရန်လို့ ဒီလို ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်မှာ ပြဋ္ဌာန်းထားချက်အရ ထုတ်လုပ်ခွင့်အပိုင်းမှာ ထုတ်လုပ်ဖို့ အခွင့်အရေးအတစ်ခုပဲ ကူညီရမယ့် အနေအထားမျိုး အဓိပ္ပာယ်သက်ရောက်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ခ)ကို လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း၊ သမားရိုးကျ မိရိုးဖလာမွေးမြူရေးမှ ခေတ်မီမွေးမြူရေးသို့လည်းကောင်း ကူးပြောင်းနိုင်ရေးအတွက် နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို ပံ့ပိုးကူညီရန်ဆိုပြီးတော့ ထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးကို ကူညီနိုင်ရေးအတွက် ကျွန်တော်ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ဦးသောင်းဟန်၊ ယင်းမာပင်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးသောင်းဟန် ယင်းမာပင်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၉ ဦးသိန်းရီ ထန်းတပင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမှတ်စဉ် ၁၉ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)တွင် ပြင်ဆင်လိုပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းအရင်းကတော့ မူလပြဋ္ဌာန်းချက်မှာ တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများ ရောင်းချရာတွင် သင့်တင့်မျှတသည့်စျေးနှင့်စျေးကွက် ရရှိရေးတို့အတွက် ကူညီဆောင်ရွက်မည်လို့ ဖော်ပြထားပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းအရင်းကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ အပိုဒ်ခွဲ(ခ)မှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတ

သည့်ဈေးရရှိရေးအတွက် ကူညီဆောင်ရွက်မည်လို့ ဖော်ပြထားပါတယ်။ အဲဒီလို ဖော်ပြခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၂၀၀၈ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့ပါတယ်။ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ အဲဒီ ကာလကတည်းက တောင်သူလယ်သမားများ စပါးပေါ်တဲ့အချိန်မှာ ၁၈၀၀၀၀၊ ၂၀၀၀၀၀၊ ၂၃၀၀၀၀ သာ ခံစားရတဲ့အတွက်ကြောင့်မို့ ထုတ်လုပ်မှုစရိတ်များ အရှုံးပေါ်ခဲ့ပါတယ်။ ဒါကြောင့်မို့ တိတိကျကျ တောင်သူလယ်သမားများ ခံစားနိုင်ရန်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်များ အရှုံးမပေါ် စေရန်အတွက် အာမခံရှိသော ဈေးနှုန်းကို ရရှိနိုင်ရန်အတွက် မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ တောင်သူ လယ်သမားများ၏ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် အကျိုးအမြတ်ရှိသောဆိုတဲ့ စကားလုံးကို ရှေ့ကနေပြီးတော့ ဖြည့်စွက်ပြင်ဆင်လိုပါတယ်။ ပြန်လည်၍ ရှင်းပြရမယ်ဆိုရင် တောင်သူလယ်သမား များ၏ လယ်ယာထုတ်ကုန်များရောင်းချရာတွင် အကျိုးအမြတ်ရှိ၍ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးရန်ဟု ပြင်ဆင်လိုပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က ဦးသိန်းရီရဲ့ အဆိုပြုချက်အား ကန့်ကွက် ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးသိန်းရီ ထန်းတပင်ရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၅ အမှတ်စဉ် ၂၂ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ် ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြသောဧည့်သည် များရှင်။ ကျွန်မအနေနဲ့ ဒီဥပဒေကြမ်းရဲ့ အမှတ်စဉ် ၂၂ အခန်း(၃) ပုဒ်မ ၄ ကို ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်အစား ကျွန်မအနေနဲ့ ဒီပုဒ်မ ၄ ကို အစားထိုးပြင်ဆင်ရခြင်း အကြောင်းကတော့ အပိုဒ် ၄ အစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဦးဆောင်အဖွဲ့ကို အောက်ပါတို့ပါဝင် စေလျက် လိုအပ်သလိုဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ

(၁) ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာန၊

(၂) ပြည်ထောင်စုအစိုးရသမဝါယမဝန်ကြီးဌာန၊

(၃) ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(၄) ပြည်ထောင်စုအစိုးရ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊

(၅) ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးနှင့်ဝန်ကြီးဌာန၊

(၆) ပြည်ထောင်စုအစိုးရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊

(၇) ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန၊

(၈) ပြည်ထောင်စုအစိုးရဘဏ္ဍာရေးဝန်ကြီးဌာန၊

(၉) ပြည်ထောင်စုအစိုးရအမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊

(၁၀) အခြားသင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနများ၊

(၁၁) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊

(ခ) တောင်သူလယ်သမား ကိုယ်စားပြုအဖွဲ့အစည်းများနှင့် အခြားသင့်လျော်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ဂ) အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ကျွန်မရဲ့ ပြင်ဆင်ချက်ကိုအတည်ပြုပေးနိုင်ပါရန်အတွက် ပြည်သူ့လွှတ်တော်ကိုတင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုပြုချက်ကိုဥပဒေကြမ်းကော်မတီက သဘောတူပါတယ်။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၃ ဦးဖေသန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ မူလဥပဒေကြမ်းမှာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုဖြစ်ထွန်းစေသော ဈေးကောင်းရ၍ ဈေးကွက်ရှိသည့်သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တောင်သူလယ်သမားများ၏ လိုအပ်သောငွေအကူအညီဖြင့် သင့်တင့်မျှတသော ဈေးနှုန်းရရန် တူညီဆောင်ရွက်ခြင်းလို့ဖော်ပြထားပါတယ်။ အဲ့ဒါက အပိုဒ်ရှည်ပြီးတော့လိုအပ်တဲ့ စကားစုလေးတစ်ခုကိုလည်း ထည့်သွင်းထားပါတယ်။ အဲ့ဒါကတော့ အဲ့ဒီအပိုဒ်ကိုဘယ်လိုပြင်လဲဆိုရင် တောင်သူလယ်သမားများ၏လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးနှင့် ဈေးကောင်းရရှိရေးအတွက် လိုအပ်သောကူညီပံ့ပိုးမှုများနှင့် ချေးငွေများကိုရရှိရန်ကူညီဆောင်ရွက်ရမယ်လို့ ဖော်ပြထားပါတယ်။ ဘာလို့လဲဆိုတော့ ဒီဥပဒေဟာ လယ်သမားတွေကိုအရှုံးမပေါ်ဖို့ လိုအပ်ရင် ဒီမှာဖွဲ့စည်းထားတဲ့အဖွဲ့တွေက ကုန်သည်တွေနဲ့အပြိုင်ဝယ်ပြီးတော့ ဈေးကိုထိန်းညှိဖို့ ဈေးကောင်းရဖို့ ဈေးကွက်ရဖို့အတွက် ဖော်ပြထားတာတွေ အများကြီးပါပါတယ်။ လယ်သမားတွေဟာဈေးကောင်းရရှိ ဖို့လိုပါတယ်။ သင့်တင့်မျှတသောဈေးနှုန်းဆိုတာအဓိပ္ပါယ်ဝေဝါးပါတယ်။ အဲ့လိုသင့်တင့်မျှတသော ဈေးနှုန်းဆိုတာ ဘယ်သူ့အတွက်ပြောတာလဲ။ လယ်သမားအတွက်လားဒါမမဟုတ်။ ကုန်သည်တွေ အတွက်လားဆိုတာကို စဉ်းစားစရာဖြစ်ပါတယ်။ ကုန်သည်နှင့်လယ်သမားဆိုတာ အကျိုးစီးပွား ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ တစ်ယောက်မြတ်ရင် တစ်ယောက်ရှုံးမယ်။ တစ်ယောက်ရှုံးရင် တစ်ယောက်မြတ်မယ်။ အဲ့လိုမဖြစ်သင့်ပါဘူး။ အဲ့လိုမဖြစ်နိုင်အောင်လည်း ဒီဥပဒေကကာကွယ်ပေးထားပါတယ်။ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့တွေဖွဲ့ပြီးတော့ လယ်သမားတွေကိုဈေးကောင်းရရှိအောင် မရှုံးအောင်အတတ်နိုင်ဆုံး ဈေးကောင်းရရှိအောင်လုပ်မှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီဈေးကောင်းရရှိရေးဆိုတဲ့ စကားဟာလယ်သမားတွေအတွက် ပိုပြီးဝမ်းသာစရာ၊ ဝမ်းမြောက်စရာဖြစ်နေရပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့လည်း လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအနေနဲ့လည်း ဒါကိုလုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိတဲ့အတွက် ဈေးကောင်းရရှိရေးဆိုတဲ့ စကားလုံးကို ထည့်သွင်းပြီးတော့ ပြေပြစ်အောင် ဒီအပိုဒ်ကိုပြင်ဆင်ခြင်းဖြစ်ပါတယ်။ လက်ခံပေးနိုင်ဖို့တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဥပဒေမှာ ရှေ့ကရည်ရွယ်ချက်မှာ ဖော်ပြထားတဲ့အသုံးအနှုန်းနဲ့ နောက်ပုဒ်မတွေမှာပါတဲ့ အသုံးအနှုန်းတွေကတော့ တတ်နိုင်သမျှညီညွတ်ရင်ကောင်းပါတယ်ခင်ဗျား။ ရည်ရွယ်ချက်မှာ ပုဒ်မ ၃ မှာကတော့ ဒီပုဒ်မခွဲ (ဂ)မှာ တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များရောင်းချရာတွင် အကျိုးအမြတ်ရှိ၍ သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကောင်းရရှိရေးတို့အတွက်ကူညီဆောင်ရွက် သွားရန်ဆိုပြီးဥပဒေတစ်ရပ် အတည်ပြုထားတာရှိပါတယ်။ အဲ့ဒီတော့ ဒီမှာ ပုဒ်မ ၅ မှာလည်းပဲ ခုနကအသုံးအနှုန်းနဲ့ လိုက်လျောညီထွေ ညီနိုင်သမျှညီအောင် အသုံးအနှုန်းကသဘာဝကျမယ်လို့ထင်ပါတယ်။ ဒါကြောင့် သင့်တင့်မျှတတဲ့ဈေးနှုန်းကို အတည်ပြုခဲ့ပြီး ဒီမှာကတော့ဈေးကောင်းရရှိရေးဖြစ်သွားပြီဆိုရင်တော့ နည်းနည်းလေး ဇဝေဇဝါလေးဖြစ်သွားနိုင်တယ်လို့ ယူဆပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဥပဒေကြမ်းကော်မတီလည်း ပြန်လည်စဉ်းစားဖို့ လိုပါတယ်။ ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်က စာမျက်နှာ ၄ အပိုဒ်၁၉မှာ တောင်သူလယ်သမားများရဲ့လယ်ယာထုတ်ကုန်များရောင်းချရာတွင် အကျိုးအမြတ်ရှိ၍ သင့်တင့်မျှတသည့်ဈေးနှုန်းနှင့်ဈေးကွက်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်ဆိုတဲ့စကား ပြီးခဲ့တဲ့ ရှေ့ကဒီလိုဆိုသွားပါတယ်။ ဒီရောက်တဲ့အခါကျတော့ ဈေးကောင်းရရှိရေးဆိုတဲ့ လိုအပ်သောဆိုတဲ့စကားရှိပါတယ်။ ဒီနေရာမှာလည်း ဈေးကောင်းဆိုတဲ့ဟာက မေးမယ်ဆို ဘယ်ဟာကိုဈေးကောင်းတာလဲ။ ဘယ်လောက်ထိလဲဆိုတဲ့ဟာတွေလည်းရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အမြင်ပြောရမယ်ဆိုရင်တော့ ခုနက ဦးသိန်းရီ၊ ထန်းတပင်မဲဆန္ဒနယ်က ဖြည့်စွက်ဆွေးနွေးသွားတာဟာ သင့်တင့်မျှတသော ဈေးနှုန်းဆိုတဲ့နေရာမှာ မရေရာမသေချာတဲ့အတွက် လယ်သမားများအကျိုးအမြတ်ရရှိ၍ဆိုတဲ့ ထည့်လိုက်ခြင်းဟာ လယ်သမားအကျိုးစီးပွားအတွက် ဖြစ်ထွန်းစေတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ လယ်သမားရဲ့အခွင့်အရေးကိုလည်းကာကွယ်ပေးတဲ့ သဘောဖြစ်တယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက ပြန်လည်သုံးသပ်တင်ပြပေးဖို့လိုပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်တင်ပြတဲ့ ဈေးကောင်းရရှိရေးဆိုတဲ့ အဖြေထက် ကျွန်တော်တို့အရှေ့ကဦးသိန်းရီ ရည်ရွယ်ချက်မှာ ပြင်ဆင်သွားတဲ့အကျိုးအမြတ်ဆိုတဲ့ စကားဟာ စဉ်းစားရမှာဖြစ်ပါတယ်။ ဥပဒေတစ်ခုမှာ ရှေ့နောက်စကားရပ်များ

ဟာညီရင် ပိုမိုကောင်းမွန်တဲ့အတွက် ပြည့်စုံတဲ့အတွက် ဥပဒေကြမ်းကော်မတီကိုယ်စားသုံးသပ်ရရှိတာကတော့ တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကိုလွတ်လပ်စွာစိုက်ပျိုး ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် အကျိုးအမြတ်ရရှိရေးတို့အတွက် လိုအပ်သောကူညီပံ့ပိုးမှုများနှင့် ချေးငွေများရရှိရန်ကူညီဆောင်ရွက်ပေးခြင်းဆိုတဲ့ စကားရပ်များကို ဥပဒေကြမ်းကော်မတီဝင်အနေနဲ့သင့်တော်တယ်လို့သုံးသပ်ရရှိပါတယ်။ ဒီပေါ်မှာလည်း ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်ရဲ့ သဘောထားဆန္ဒရယူပြီးတော့ အတည်ပြုသွားနိုင်ဖို့ လွှတ်တော်ကိုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်းရဲ့ သဘောထားသီးခြားရယူစရာမလိုတော့ဘူး။ လွှတ်တော်ရဲ့အဆုံးအဖြတ်ပဲယူမယ်။ ဒါကြောင့် ရှေ့မှာလည်း ဆိုခဲ့ပြီးပြီ။ ဒီအကြောင်းအရာကို ပထမ ဥပဒေကြမ်းကော်မတီဝင်က ဦးဖေသန်းကို အဆိုပြုတဲ့သဘောတူညီတယ်လို့ပြောပါ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားကို မေးမြန်းတဲ့အခါမှာ ဥပဒေရဲ့သဘောအရ ရှေ့နောက်လျော်ညီဖို့လိုတယ်။ ဒါကြောင့် မို့လို့ လျော်ညီအောင်ဆောင်ရွက်သင့်တယ်ဆိုတဲ့ အကြံပြုချက်ရပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီက ထပ်မံပြီးတော့ပြောဆိုပါတယ်။ ပြောဆိုတာကတော့ ဥပဒေအရ ရှေ့နောက်ညီညွတ်အောင် ဦးဖေသန်းရဲ့သဘောထားမေးပါဆိုတဲ့အစား လွှတ်တော်ရဲ့သဘောထားပဲမေးပါမယ်။ ဒါကြောင့် ဦးဖေသန်း ပြင်ဆင်အဆိုပြုချက်သည်ရှေ့မှာ ပြဋ္ဌာန်းခဲ့သောဥပဒေရဲ့ သဘောထားနှင့် ရှေ့နောက်ညီညွတ်မှုမရှိပါဘူး။ ဒါကြောင့်မို့လို့ဦးဖေသန်း ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိရင် မတ်တပ်ရပ်ပေးပါ။ ထောက်ခံတဲ့ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဖေသန်းရဲ့ပြင်ဆင်အဆိုပြုချက် အတည်မဖြစ်ပဲ မူလပြဋ္ဌာန်းချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခန်း (၃) ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်တာဝန်များအခန်း ပုဒ်မ ၅ ပုဒ်မခွဲ (ခ)မှာ ကျွန်တော့်အနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် ဆုံရှုံးနစ်နာမှုများ မရှိစေရေးဆိုပြီးတော့ ဖြည့်စွက်ထည့်သွင်းထားပါတယ်။ ဒီဟာလည်း ပြန်ပြီးကြည့်မယ်ဆိုလို့ရင် လယ်ယာမြေအငြင်းပွားမှုပြဿနာနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်မှာ ထောင်သောင်းမက ဖြေရှင်းပေးနေရတဲ့ သာဓကလည်းရှိနေပါတယ်။ နောက်တစ်ခါ ရံဖန်ရံခါလည်းပဲ လယ်ယာမြေသိမ်းဆည်းမှုနှင့်ပတ်သက်ပြီးတော့ အငြင်းပွားမှုတွေ၊ ပဋိပက္ခသဘောဆောင်တာတွေကိုလည်းပဲ ကျွန်တော်တို့ တိုက်ပွဲဝင်မှုတွေကို

လည်းပဲကြုံတွေ့နေရပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ ပြန်တွက်ကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံတော်အတွက် မကောင်းတဲ့အလားအလာများဖြစ်ပါတယ်။ နောက်တစ်ခါ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်တဲ့နေရာမှာ ဒီအနိဋ္ဌာရုံတွေဟာအဟန့်အတား အနှောင့် အယှက်တွေများစွာဖြစ်စေပါတယ်။ ဒါ့ကြောင့် ဒီဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်းမှာ တကယ်လို့ နိုင်ငံတော်ရဲ့လိုအပ်ချက် ပြည်သူရဲ့လိုအပ်ချက်အရဖြစ်စေ တောင်သူလယ်သမားများရဲ့လယ်ယာမြေ ကိုသိမ်းယူတဲ့အခါမှာ တည်ဆဲစည်းမျဉ်းစည်းကမ်းများရဲ့ ဥပဒေများနှင့်အညီ ဖြစ်စေဖို့အတွက် ဦးဆောင်အဖွဲ့ကနေပြီးတော့ တောင်သူလယ်သမားများဘက်က ရပ်တည်ဖြေရှင်းပေးနိုင်ဖို့အတွက် အကြံပြုတင်ပြရခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ဒီမှာ ကျွန်တော်တို့ ပုဒ်မ ၅ ပုဒ်မခွဲ (ခ) တည်ဆဲဥပဒေ များပါ တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေပိုင်ခွင့်ဆုံးရှုံးနစ်နာမှုများမရှိစေ ရေးတို့နှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအမှန်တကယ် ခံစားနိုင်ရေးအတွက် ကူညီဆောင်ရွက် ပေးခြင်းဖြစ်ကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)** ။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးမောင်ဦးရဲ့ အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၂၉ ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီပုဒ်မ ၅ ပုဒ်မခွဲ (ဇ)မှာ ဦးဆောင်အဖွဲ့ရဲ့ လုပ်ငန်းတာဝန် များနှင့်ပတ်သက်ပြီးတော့ တကယ်တမ်းအောက်ခြေမှာရှိတဲ့ တောင်သူများများ လိုအပ်နေတဲ့သွင်းအား စုများရရှိရေးအတွက် အကူအညီရနိုင်ဖို့အတွက်ကိုလည်းပဲ ကျွန်တော်တို့ထည့်သွင်းပြီးတော့ အကြံပြု ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်းပဲ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးမှစ ပြီးတော့ လယ်ယာသွင်းအုပ်စုတွေနဲ့ ပတ်သက်ပြီး လွှတ်တော်ထဲမှာ ခဏခဏမေးကြတာတွေလည်း အားလုံးသိရှိပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီပြဿနာကို ပြေလည်အောင်ဖြေရှင်းနိုင်စေဖို့ အတွက် ဦးဆောင်အဖွဲ့အနေနဲ့ တောင်သူလယ်သမားများအား စိုက်ပျိုးရေးနှင့်မွေးမြူရေးနည်းပညာ

များပေးခြင်း၊ လိုအပ်သည့် သွင်းအားစုများရရှိစေရန် အကူအညီပေးခြင်း၊ လယ်ယာထုတ်ကုန်ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များဖြန့်ဝေပေးခြင်းဆိုပြီးတော့ ပြင်ဆင်တင်ပြထားခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(ဥပဒေကြမ်းကော်မတီ)** ။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦးရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်ဦးရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၇ အမှတ်စဉ် ၃၀ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို တောင်သူလယ်သမားများကလည်း အင်မတန်စိတ်ဝင်စားပြီးတော့ ပြင်ပပညာရှင်များကလည်း အလွန်စိတ်ဝင်စားတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ စိုးရိမ်စိတ်တွေနှင့် အကြံပြုချက်တွေလည်းအများကြီးကျွန်တော်တို့ရရှိပါတယ်။ အဲ့ဒီတော့ ပြင်ဆင်ချက်အဆိုကို ၁၀ ချက် ကျွန်တော်တင်ထားခဲ့ပါတယ်။ ကြိုတင်ညှိနှိုင်းမှု စနေနေ့မှာလုပ်တဲ့အခါမှာ ကျွန်တော့်မြို့နယ်ရဲ့ အရေးကြီးဆောင်ရွက်ရန်ကိစ္စရှိတဲ့အတွက် ကျွန်တော်ခွင့်ယူပြီးသွားခဲ့ရပါတယ်။ သို့သော်လည်း ဥပဒေရဲ့ဇယားမှာကျွန်တော့်နာမည် လုံးဝပါလာခြင်းမရှိဘဲနှင့် မနေ့က ပြန်လည်ညှိနှိုင်းတဲ့အခါမှာ ဥပဒေနှစ်ချက်ကိုကျွန်တော့်ကို ပါဝင်ဆွေးနွေးဖို့ ခွင့်ပြုခဲ့တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောက်တစ်ခုကဒီဥပဒေကြမ်းရဲ့ ဇယားတွေမှာ ကျွန်တော်ရဲ့ တင်ပြချက်တွေစိုးရိမ်ချက်တွေ ဒီပုဒ်မတချို့နဲ့ခေါင်းစဉ်ကိုပါကာကွယ်ရေးတွေပါ ထည့်ပေးလာတဲ့အတွက်လည်း အလွန်ပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ပြင်ဆင်ရမှာကတော့ ထုတ်ကုန်ပစ္စည်းများဆိုတဲ့နေရာမှာ လယ်ယာထုတ်ကုန်များလို့ တိတိကျကျပြဋ္ဌာန်းစေချင်ပါတယ်။ ထုတ်ကုန်ပစ္စည်းများဆိုတာကတော့ အလွန်ကျယ်ပြန့်ပါတယ်။ ဥပဒေတစ်ခုကိုပြဋ္ဌာန်းတဲ့အခါမှာ တိတိကျကျဖြစ်ဖို့လိုအပ်တယ်လို့ ယူဆပါတယ်။ နောက် အဲ့ဒီအပိုဒ်ထဲမှာပဲလွတ်လပ်စွာ သယ်ဆောင်ရောင်းချခွင့်ဆိုတဲ့နေရာမှာ သယ်ဆောင်ဆိုတာကတော့ အဓိပ္ပာယ်ကသယ်ဆောင်ဆိုတာ တစ်ပိုင်တစ်နိုင်ကိုယ်နှင့်မကွာလို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့

သယ်ယူဆိုတဲ့အခပိုဟ်ကို ပြင်ဆင်သင့်တယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာထုတ်ကုန်များကို ပြည်တွင်း၌လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့တရားဝင်တင်ပို့ခွင့်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်းလို့ ပြင်ဆင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်း ကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)** ။ ။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၅ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ အခုဒီအမှတ်စဉ် ၃၅ မှာ အသစ်ဖြည့်စွက်ခြင်းအနေနဲ့ အကြံပြုတင်ပြတာဖြစ်ပါတယ်။ အဲ့ဒီအပိုဒ်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားကို အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များပါရှိပါက လိုအပ်သလိုပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အကြံပြုတင်ပြဆောင်ရွက်ခြင်းလို့ ဖြည့်စွက်ထားပါတယ်။ အခပိုဟ်ကတော့ တောင်သူလယ်သမားအကျိုး စီးပွားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုတဲ့ဥပဒေအရ ဖွဲ့စည်းလာတဲ့ ဦးဆောင်အဖွဲ့က လုပ်ရင်းကိုင်ရင်းနဲ့ တည်ဆဲဥပဒေတွေမှာ တောင်သူလယ်သမားတွေရဲ့အခွင့်အရေးနှင့် အကျိုးစီးပွားကိုအဟန့်အတားဖြစ်စေတဲ့ဥပဒေအရကိုပြဋ္ဌာန်း သတ်မှတ်ထားချက်တွေ တွေ့ရှိလာနိုင်ဖွယ်ရာအကြောင်း ရှိလာနိုင်ပါတယ်။ အဲ့ဒီလိုရှိလာတဲ့အခါမှာဆိုလို့ရှိရင် ဒါတွေပြင်ဆင်ပေးဖို့အတွက် သူတို့ကအကြံပြုတင်ပြလို့ရှိရင်ပိုမိုထိရောက်ပြီးတော့ပိုမို မြန်ဆန်မှာဖြစ်တဲ့အတွက် ဒီဟာကိုအကြံပြုတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)** ။ ။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကိုလွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်ရဲ့ အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြင်ဆင်ချင်တာကတော့ ပြောင်းလဲသွားတဲ့ခေါင်းစဉ်နဲ့ ဆီလျော်အောင်လို့ ကာကွယ်ရေးဆိုတဲ့အချက် ကိုထည့်ချင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအဖွဲ့ကပေးအပ်သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း ဆိုတဲ့အပိုဒ်ကို ထည့်သွင်းအတည်ပြုပေးနိုင်ပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမြင့်ဦးရဲ့အဆိုပြုချက်အတည် ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အခန်း(၄) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ခြင်းနှင့်ပတ်သက်ပြီးတော့ ဦးဆောင်အဖွဲ့ကို တာဝန်ပေးအပ် တဲ့အခါမှာ တိတိကျကျခိုင်ခိုင်မာမာ တောင်သူလယ်သမားများရဲ့အရေးကို ဆောင်ရွက်ပေးနိုင်စေဖို့အတွက် ကျွန်တော်အပိုဒ်ခွဲတစ်ခု အသစ်တိုးချဲ့ပြီးတင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တင်ပြထားတဲ့ အပိုဒ် ကတော့ တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများရရှိစေရေးနှင့် မြေယာနှင့်စပ်ဆိုင် သော တည်ဆဲဥပဒေများနှင့်အညီ ခံစားရရှိနိုင်စေရေးတို့အတွက် ကူညီဆောင်ရွက်ပေးရမည်လို့ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ဦးရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးမောင်ဦး၊ ဖောင်းပြင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမှာပြင်ဆင်ချက်ပေးထားတာကတော့ အပိုဒ် ၄၂ အခန်း (၄) ပုဒ်မ ၈ ပုဒ်မခွဲ(က)မှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်တို၊ နှစ်ရှည်ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် စည်းကမ်းချက်များချမှတ်၍ ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဆိုတဲ့ မူလပြဋ္ဌာန်းချက်မှာ ကျွန်တော်ဖြည့်စွက်ပြီးတော့ ထည့်ထားတာကတော့ နှစ်စဉ် နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် စည်းကမ်းချက်များချမှတ်၍ ထုတ်ချေးနိုင်ရေးဆိုတာကို ဖြည့်စွက်လိုက်ပါတယ်။ သို့သော်လည်းပဲ အပေါ်မှာ Typing Error ဖြစ်သွားတဲ့အတွက် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင်လို့ပဲပါတဲ့အတွက် မွေးမြူရေးလုပ်ငန်းကျန်သွားပါတယ်။ အမှန်ကတော့ မွေးမြူရေးလုပ်ငန်းကို မဖြုတ်ခဲ့ပါဘူး။ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီးရရှိရေးအတွက် နှစ်စဉ် နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည်ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့် စည်းကမ်းချက်များချမှတ်၍ ထုတ်ချေးနိုင်ရေးဆိုတာပဲ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကလည်း တောင်သူလယ်သမားတွေ အနေနဲ့ နှစ်တို၊ နှစ်ရှည်ချေးငွေနှင့် မလုံလောက်ဘဲနှင့် နှစ်စဉ်ချေးငွေများလိုအပ်ရင် ထုတ်ပေးနိုင်ရန်အတွက် ဖြည့်စွက်ရခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုဦးမင်းဆွေပြောတဲ့ လိုအပ်ချက်ကိုလည်း သက်ဆိုင်ရာမှာ ဖြည့်ပါ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာ မူလ အပိုဒ် ၉ မှာ မူလပြဋ္ဌာန်းထားတာက ဗဟိုအဖွဲ့ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ အဲ့ဒါကို ဦးဆောင်အဖွဲ့ လို့ပြောင်းပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဦးဆောင်အဖွဲ့သည် သဘာဝ ဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားကျရောက်မှုနှင့် အခြားအကြောင်းကြောင့်သော် လည်းကောင်း တောင်သူများ၏ လယ်ယာမြေများ၊ လယ်ယာထွက်ကုန်များ၊ လယ်ယာကုန်ထုတ် အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် တောင်သူများအား လိုအပ်သော အကူအညီအထောက်အပံ့များ ရရှိရန် စီစဉ်ဆောင်ရွက်ပေးမယ်ဆိုပြီးတော့ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်တဲ့ အပိုဒ်ကို သီးခြား ခွဲပြီးတော့ ပြန်လည်ပြင်ဆင်ပြီးတော့ တင်ပြခြင်း ဖြစ်ပါတယ်။ အပိုဒ် ၁၀ ကိုတော့ ကျွန်တော်တို့ ဥပဒေ ကြမ်းကော်မတီက ကျန်းမာရေးနှင့်အညီ မွေးမြူရေးလုပ်ငန်းတွေ ဖျက်ဆီးခံရတဲ့အခါမှာ ပြန်ပြီးတော့ အကူအညီပေးဖို့ ဖော်ပြထားတဲ့အတွက် ဒါဟာ နှစ်ဖက်စလုံးပြည့်စုံပါတယ်။ ဒီဘက်မှာ သဘာဝ ဘေးအန္တရာယ်ကြောင့်ဆိုတာကို ကျွန်တော့်အနေနဲ့သီးခြားရေးပြီးတော့ လိုအပ်တဲ့အကူအညီများနှင့် အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်ဆိုတာကို လက်ခံနိုင်ဖို့အတွက် လွှတ်တော်ကို တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်းရဲ့ ပြင်ဆင်အဆိုပြုချက် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးဖေသန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းမှာ အသစ် ဖြည့်စွက်ခြင်းတစ်ခု ဖြည့်စွက်တင်ပြမှာဖြစ်ပါတယ်။ ခုနက ဦးဖေသန်းတင်ပြသွားတဲ့ သဘာဝ ဘေးအန္တရာယ်တွေကြောင့် ပျက်စီးတဲ့ လယ်သမားများရဲ့၊ တောင်သူလယ်သမားများရဲ့ စိုက်ခင်း၊ စိုက်ကွက်များကိုတော့ နိုင်ငံတော်ကဖြစ်စေ၊ ဒါမှမဟုတ် အခြားအကူအညီပေးတဲ့ အဖွဲ့အစည်းက

ဖြစ်စေ အထောက်အပံ့အကူအညီတွေရဖို့ ဆောင်ရွက်ပေးကြမယ့် အစီအစဉ်ရှိပြီးဖြစ်သော်လည်း သွင်းအားစု တစ်မျိုးမျိုးကြောင့် လယ်သမားများရဲ့ မြေယာပျက်စီးတာရှိတယ်။ စိုက်ခင်းပျက်စီးတာရှိတယ်။ အထွက်နှုန်းတွေကျဆင်းပြီးတော့ စီးပွားရေးထိခိုက်တာတွေရှိခဲ့ပါတယ်။ အဲ့ဒီလို ဖြစ်လာတဲ့အခါမှာ ဒီသွင်းအားစုများကို တာဝန်ခံပြီးတော့ ရောင်းချတဲ့ပုဂ္ဂိုလ်တွေ၊ အဲ့ဒီပုဂ္ဂိုလ်တွေက ဒီလို အကျိုးထိခိုက်နစ်နာမှုများကို လယ်သမားများအား သင့်လျော်တဲ့ လျော်ကြေးဥပဒေနှင့်အညီ လျော်ကြေးနစ်နာကြေးစသည့် ရရှိရေးကို လယ်သမားများအတွက် ဦးဆောင်အဖွဲ့ကနေပြီးတော့ ကူညီဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ခံယူတဲ့အတွက် ဦးဆောင်အဖွဲ့က ကူညီဆောင်ရွက်ပေးရမယ့်လယ်သမားများရဲ့ အခွင့်အရေးတစ်ခုကို ကာကွယ်ပေးတဲ့ အနေနဲ့ ဒီအပိုဒ်ကို ဖြည့်စွက်တင်ပြခြင်း ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်ဖြည့်စွက်လိုတဲ့အပိုဒ်ကတော့ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားက ဝယ်ယူသုံးစွဲသော မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး အခြားဓာတုဗေဒဆေးတစ်မျိုးမျိုး၏ အာမခံစံချိန်စံညွှန်း ဒီနေရာမှာ စံချိန်နောက်မှာ ပုဒ်ထီးလေးဖျက်ပေးဖို့ တစ်ခါတည်းတင်ပြလိုပါတယ်။ အာမခံစံချိန်စံညွှန်း ချို့ယွင်းမှု မကိုက်ညီမှုကြောင့် ယင်း၏ မြေယာ သို့မဟုတ် စိုက်ခင်း သို့မဟုတ် လယ်ယာထွက်ကုန်များ ထိခိုက်ပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းလွန်စွာကျဆင်းခြင်းကြောင့် တစ်စုံတစ်ရာထိခိုက်နစ်နာမှုရှိကြောင်း တင်ပြလာပါက စိစစ်၍ ယင်းသွင်းအားစုစိစစ်သူ၊ ထုတ်လုပ်သူ သို့မဟုတ် စီးပွားရေးအလို့ငှာ ဖြန့်ဖြူးရောင်းချသူထံမှ လျော်ကြေးရရှိရန် ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအား ကူညီဆောင်ရွက်ရမည်လို့ ဖြည့်စွက်ချက်အသစ်တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က ဦးသောင်းဟန်ရဲ့ အသစ်ပြင်ဆင်ဖြည့်စွက်ချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ အသစ်ဖြည့်စွက်ခြင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဇော်ထွန်း၊ လပွတ္တာမဲဆန္ဒနယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအစိုးရ

အဖွဲ့ဝင်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်ကြပါစေလို့ ဦးစွာပထမဆုမွန်ကောင်းတောင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမယ့်ပုဒ်မကတော့ အသစ်ထပ်မံဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ စာမျက်နှာ ၁၁ အမှတ်စဉ် ၄၈ အခန်း(၄) ပုဒ်မ ၁၂ အောက်မှာ အသစ်ထပ်မံဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေဟာ စိုက်ပျိုးရာသီ အချိန်မီချေးငွေတွေ မရကြတဲ့အတွက် စိုက်ပျိုးချိန်မှာ ဟိုကဆွဲရ၊ ချေးရငှားရနဲ့ ဒုက္ခမျိုးစုံကြုံတွေ့နေရတဲ့အတွက် ဦးဆောင်အဖွဲ့က ချေးငွေတစ်ခုချင်းအလိုက် ကြိုတင်သတ်မှတ်တဲ့အချိန်တိုင်းမှာ ပြန်လည်ပေးသွင်းပြီးတဲ့ တောင်သူလယ်သမားတွေကို စိုက်ပျိုးရာသီအချိန်မီ ပြန်လည်ထုတ်ချေးပေးနိုင်ဖို့အတွက် ကူညီဆောင်ရွက်ပေးဖို့ ဒီပုဒ်မကို ထည့်သွင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် အသစ်ထပ်မံဖြည့်စွက်ခြင်းအနေနဲ့ ဦးဆောင်အဖွဲ့သည် ချေးငွေတစ်ခုချင်းအလိုက် သတ်မှတ်ချိန်အတိုင်း ပြန်လည်ပေးဆပ်ပြီးသော တောင်သူလယ်သမားများအား စိုက်ပျိုးရာသီမတိုင်မီ ပြန်လည်ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်ပေးရမည်ဆိုတဲ့ အသစ်ထပ်မံဖြည့်စွက်ချက်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ကျွန်တော် ဦးဇော်ထွန်း၊ လပွတ္တာမဲဆန္ဒနယ်ရဲ့ တောင်သူလယ်သမားများဟာ စိုက်ပျိုးရာသီ မတိုင်မီပြန်လည်ထုတ်ချေးပေးနိုင်ရန်အစား စိုက်ပျိုးရာသီမတိုင်မီ စတင်၍လို့ထည့်လိုက်ရင် ပိုပြီးလေးနက်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် စိုက်ပျိုးရာသီမတိုင်မီ စတင်၍လို့ ထည့်ရင်ပိုပြီးသင့်လျော်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဌာနရဲ့ အကြံပြုချက်ဟာ ပိုမိုသင့်တော်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဦးဇော်ထွန်းလက်ခံပါသလား။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)။** ။ လက်ခံပါတယ်။ ပိုမိုပြီးကောင်းမွန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် ဦးဇော်ထွန်း၊ လပွတ္တာမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဇော်ထွန်း၊ လပွတ္တာမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မူလဥပဒေကြမ်း အခန်း(၅)မှာပါရှိတဲ့ ခေါင်းစဉ်ကိုပြင်ဆင်မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခန်း (၂) ရည်ရွယ်ချက်မှာ ပြင်ဆင်ပြီးသားဖြစ်တဲ့အတွက် အဲ့ဒီပြင်ဆင်ပြီးတဲ့ ရည်ရွယ်ချက်စကားလုံး အသုံးအနှုန်းအတိုင်း ပြန်လည်ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အခန်း (၆) ကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ပြင်ဆင်မယ့်တင်ပြချက်ကတော့ အခန်း(၆) နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာပံ့ပိုးကူညီခြင်းလို့ ပြင်ဆင်လိုကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက် ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅၂ ယင်းမာပင်မဲဆန္ဒနယ် ဦးသောင်းဟန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခန်း(၅) ပုဒ်မ ၁၃ ပုဒ်မခွဲ(ဃ)မှာ ပြင်ဆင်အဆိုပြုတင်သွင်းမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တင်သွင်းမယ့်အပိုဒ်ကတော့ (ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သော မိုးလေဝသနှင့်သတင်းအချက်အလက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ လယ်ယာမြေနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ၊ ပိုးမွှားရောဂါဆိုင်ရာသတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေး အတွက်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သော အခြားသတင်းအချက်အလက်များကို တောင်သူလယ်သမားများထံ ရောက်ရှိရေးအတွက်လည်းကောင်း ကူညီဆောင်ရွက်ရန်လို့ ပြင်ဆင်မှာဖြစ်ပါတယ်။ မူလ

ကန့်လန့်ဇယားမှာ ပုံမှန်ဆိုတဲ့စကားလုံးပါပါတယ်။ အဲ့ဒီစကားလုံးလေးကို ကျွန်တော့်အနေနဲ့ပယ်ဖျက်ချင်ပါတယ်။ အဲ့ဒါလေးလည်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့်တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးသောင်းဟန်ရဲ့ အဆိုပြုပြင်ဆင်ချက် ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့အပိုဒ် ၅၅ ကိုမဆွေးနွေးခင် ဥက္ကဋ္ဌကြီး ကျော်ခဲ့တဲ့အပိုဒ်တစ်ပိုဒ်ကျန်ခဲ့လို့ အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးလိုပါတယ်။ အပိုဒ် ၅၀ ဖြစ်ပါတယ်။ ၁၃ (က)ပါ။ မူလပြဋ္ဌာန်းခြင်းမှာ တောင်သူလယ်သမားတိုင်းဥပဒေနှင့်အညီ လွတ်လပ်စွာ ရွေးချယ်စိုက်ပျိုး ထုတ်လုပ်ရောင်းချနိုင်ရေးဆောင်ရွက်ရန်ဆိုတာကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ ပုဒ်မ ၅ (က)မှာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ဖြစ်ထွန်းစေသော ဈေးကောင်းရ၍ ဈေးကွက်ရှိသည့်သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တောင်သူလယ်သမားများ၏လိုအပ်သော ချေးငွေအကူအညီများနှင့်တင့်သင့်မျှတသောဈေးနှုန်းရရှိရန် ကူညီဆောင်ရွက်ခြင်းဆိုပြီးတော့ ပြည့်ပြည့်စုံစုံဖော်ပြထားတဲ့အတွက် ဒီအပိုဒ်ဟာ ပိုနေလို့မလိုအပ်တော့ဘူးလို့ တင်ပြခြင်းဖြစ်ပါတယ်။ အပိုဒ် ၅၅ အနေနဲ့တော့ အသစ်ကျွန်တော်ဖြည့်စွက်ထားတာဖြစ်ပါတယ်။ တောင်သူလယ်သမားလိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက် စသည့်လယ်ယာသုံးစက်ကိရိယာများအား လယ်သမားများထံသို့ အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့လယ်သမားတွေဟာ ချေးငွေရတဲ့အခါမှာ သူတို့ရဲ့အခက်အခဲတွေကိုဖြေရှင်းတာကတစ်ကြောင်း၊ စရိတ်စကအဲ့ဒါတွေမှာ သုံးမိတာကတစ်ကြောင်းတို့ကြောင်း ကျွန်တော်တို့လယ်သမားတွေဟာ တချို့တဝက်ဟာ အိမ်ပြန်ပါမလာပါဘူး။ အဲ့ဒါနဲ့ပဲသူတို့ဟာ တစ်မိုးလုံးကိုပြန်ပြီးတော့ သွင်းအားစုတွေကိုလုပ်တဲ့အခါမှာ သူတို့ဟာ စပါးကလည်းဈေးမကောင်းတော့ ပြန်ပြီးတော့မဆပ်နိုင် တဲ့အခက်အခဲတွေရှိပါတယ်။ အဲ့ဒီမှာပဲ လယ်သမားတွေဟာ အကြွေးဆပ်ဖို့အတွက် သံသရာလည်နေတာတွေ့ရပါတယ်။ ဘယ်လိုလဲ

ဆိုတော့ အကြွေးဆပ်ခါနီးမှာ ပိုက်ဆံကမရှိ၊ ကောက်ကပေါ်ရုံပဲရှိသေးတယ်။ ဈေးကမကောင်း အဲဒါနဲ့ သူတို့ဟာ ငွေတိုးချေးပြီးတော့ အဲ့ဒီငွေတိုးနဲ့ပဲဆပ်ရပါတယ်။ အဲ့ဒီဆပ်ပြီးတော့မှာ ထပ်ပြီးတော့ ငွေကို ပြန်ချေးယူရပါတယ်။ လယ်သမားတွေဟာ အသစ်တော့ဖြစ်တယ်။ နောက်နှစ် နောက်နှစ်တွေမှာ အကြွေးသံသရာလည်ပြီးတော့ သူတို့ဟာအဲ့ဒီထဲကရုန်းမထွက်နိုင်ဖြစ်နေပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့က လက်မှုလယ်ယာမှ စက်မှုလယ်ယာကိုသွားမယ်ဆိုရင် ဒီလယ်သမားတွေဟာ တဖြည်းဖြည်း အဲ့ဒီ အကျိုးဆက်တွေကိုကာမိအောင် ကျွန်တော်တို့က နွားဖိုးတို့၊ လယ်ထွန်ဖိုးတို့ ကောက်ရိတ်ခတို့၊ ပျိုးစိုက်ခတို့ ကာမိအောင် ဒီစက်ကိရိယာတွေနဲ့ တဖြည်းဖြည်းအစားထိုးလိုက်တဲ့ အခါမှာ ကျေးရွာ တစ်ရွာမှာ စိုက်ပျိုးရေးချေးငွေက သိန်း ၃၀၀၀ ရတယ်ဆိုရင် အဲ့ဒီထဲက ရာခိုင်နှုန်း တချို့တဝက်လောက်ကို နောက်နှစ်နောက်နှစ် ဖြတ်တောက်ပြီးတော့ အရစ်ကျဖြတ်တောက်ပြီးတော့ လုပ်လိုက်ရင် အဲ့ဒီရွာဟာ စက်မှုလယ်ယာစနစ်ကိုလည်း ရောက်သွားနိုင်တယ်။ တစ်ဖက်ကလည်း မသိမသာနဲ့ ကျွန်တော်တို့က တဖြည်းဖြည်းနဲ့ ကောက်စိုက်ခတို့၊ ကောက်ရိတ်စက်တို့၊ ကောက်သိမ်းစက်တို့၊ လယ်ထွန်ခတို့၊ ကျွဲ၊ နွားတို့အဖိုးကို တဖြည်းဖြည်း နှစ်စဉ်နှစ်စဉ် သက်သာလာမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် အဲ့ဒီလိုမျိုး လုပ်ပေးနိုင်ရင် အရစ်ကျဆပ် ဒီနှစ်တော့ ဘယ်လောက်ဆပ်။ မင်းတို့ရွာဘုံက ဘယ်လောက်ယူ။ ရောင်းချပေးနိုင်မယ်ဆိုတဲ့ပုံစံမျိုးနဲ့ လယ်သမားအဖွဲ့အစည်းတွေနဲ့ သက်ဆိုင်ရာဌာနကို ပေါင်းစပ်ပြီးတော့ ညှိနှိုင်းသွားမယ်ဆိုရင် အဲ့ဒီဟာက တဖြည်းဖြည်းနဲ့ စက်မှုလယ်ယာကိုရောက်လာမယ်။ သူတို့ရဲ့ ချေးငွေတွေဟာလည်း အကျိုးကျေးဇူးရှိလာမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်းရဲ့ တင်ပြချက်က ရှင်းပါတယ်။ ဒီလောက်ရှင်းပြစရာမလိုပါဘူး။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အဲ့ဒါကြောင့် ကျွန်တော်တို့က ဒီစက်ကိရိယာတွေကို ရောင်းပေးပါ။ ရောင်းပေးဖို့လိုအပ်ပါတယ်ဆိုတာ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးဖေသန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဖေသန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း ဥက္ကဋ္ဌကြီးကျော်သွားလို့ အမှတ်စဉ်(၅၀) ဆိုတာနဲ့ပတ်သက်ပြီးတော့ ဥက္ကဋ္ဌရဲ့ ပြင်ဆင်တင်ပြသူမှာ ဦးဖေသန်းမဟုတ်ဘဲနဲ့ ဥပဒေကြမ်းကော်မတီဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြီးခဲ့တဲ့သီးခြားရှင်းလင်းသွားတဲ့အတွက် ဒီဟာကိုကျော်သွားခြင်းဖြစ်ပါတယ်။ သီးခြားနောက်မှ ပြန်ဆုံးဖြတ်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်ထွန်း၊ လပွတ္တာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၆ အခန်း(၅)မှာ အသစ်ထပ်မံဖြည့်စွက်လိုပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့ လူတွေဟာ မြေစတင်ပြင်ဆင်ချိန်ကစပြီးတော့ အဆင့်ဆင့်မြေသြဇာနဲ့ ပိုးသတ်ဆေးကို သုံးစွဲရပါတယ်။ မပြည့်မဝရှိတဲ့ သူတို့ရဲ့ငွေကြေးတွေနဲ့ မြေသြဇာပိုးသတ်ဆေးတွေ သုံးစွဲတဲ့အခါမှာ အရည်အသွေးမပြည့်ဝတဲ့ မြေသြဇာပိုးသတ်ဆေးတွေကြောင့် သူတို့ရဲ့သွင်းအားစုတွေ ငွေကြေးတွေ များစွာဆုံးရှုံးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီအခန်း(၅)မှာ ပုဒ်မသစ်အဖြစ် ထပ်မံဖြည့်စွက်လိုတဲ့ အချက်အကြောင်းအရာကတော့ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော မြေသြဇာပိုးသတ်ဆေးများ အရည်အသွေးပြည့်မီရန် တင်သွင်းထုတ်ပိုးပြည့်မီရောင်းချရာတွင် အာမခံစနစ်ပါရှိရေးကို ကူညီဆောင်ရွက်ရန် နှင့် အာမခံချက်မပါသော မြေသြဇာနဲ့ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို တောင်သူလယ်သမားများသို့ အချိန်မီသိရှိနိုင်ရေး ဆောင်ရွက်ပေးရန်ဆိုတဲ့ အချက်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် အသစ်ထပ်မံဖြည့်စွက်ခြင်းကို တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်ထွန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဇော်ထွန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာတော့ ခွင့်တိုင်ထားပါတယ်။ စာမျက်နှာ ၁၂ အမှတ်စဉ် ၅၇ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။သဘောတူပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အနေနဲ့ ဒီဒေါ်နန်းစေအွာရဲ့ ပြင်ဆင် တင်ပြချက်မှာ တစ်ချက်ကျွန်တော် နည်းနည်းဖြည့်စွက်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနဲ့ ဆက်စပ်ပူးပေါင်း ဆောင်ရွက်ရန်ဆိုတဲ့နေရာမှာ အချို့နေရာတွေမှာ ကျွန်တော်တို့ တချို့ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ ရည်ရွယ်ချက်တွေဟာ နည်းမျိုးစုံနဲ့လာ တာတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နောက်ဆုံးစာကြောင်းတွေမှာရှိတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် စိစစ်ပြီး ဆက်စပ်ပူးပေါင်းဆောင်ရွက်ရန်ဆိုတာ စိစစ်ပြီးဆိုတာလေး တစ်ချက်ကို ထည့်ပေးဖို့ ဝန်ကြီးဌာနအနေနဲ့ ပြင်ဆင်လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ် စိစစ်ပြီး။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ ဆက်စပ်ပူးပေါင်း ဆောင်ရွက်ရန်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ အတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက် ရန်လား။ ဒါမှမဟုတ်ရင် ဆက်စပ်စိစစ်ဆောင်ရွက်ရန်လား။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ သင့်တော်တဲ့အသုံး အနှုန်းဆိုကောင်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောကတော့ ပူးပေါင်းဆိုတဲ့ဟာကို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ နည်းနည်း လေး ဒါနဲ့ပတ်သက်လို့ ပြောချင်တယ်လို့ထင်ပါတယ်။ ပူးပေါင်းဆိုတာထည့်ရင်ဘာဖြစ်မလဲ။ အကျိုး သက်ရောက်မှု ဒါကြောင့်မို့လို့ ပူးပေါင်းထည့်ရမှာလား။ မထည့်ရဘူးလား။ မထည့်ရဘူးဆိုလို့ရှိရင် ဘယ်စကားလုံးသုံးနှုန်းရမလဲ။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဟိုဟာနဲ့ပူးပေါင်း ထည့်မယ်ဆိုလည်း စိစစ်ပြီးပူးပေါင်းရင် အဆင်ပြေပါတယ်ခင်ဗျ။ တကယ်လို့ ပူးပေါင်းကို မထည့်ဘူးဆိုရင် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန် ဆိုရင်တော့ အဆင်ပြေပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ စိစစ်ပြီးဆက်စပ်ပူးပေါင်းဆောင်ရွက်ရန်၊ ဒီနေရာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မတီအနေနဲ့ အခုဝန်ကြီးရဲ့ ထပ်မံဖြည့်စွက်ချက်ပေါ်မူတည်ပြီးတော့ဘာများ ဆွေးနွေးရန် ရှိပါသလဲ။

**ဦးအောင်သန်း(အတွင်းရေးမှူး၊စိုက်ပျိုး၊ မွေးမြူရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီအနေနဲ့ကတော့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ဆိုတဲ့အစား ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ဆက်စပ်စိစစ်ပြီး ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ဆက်စပ်ပူးပေါင်းစိစစ်ပြီး ဆောင်ရွက်ရန်လို့ အကြံပြုလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ မြန်မာစာအရေးအသားကို ပြောတာပါ။

**ဦးအောင်သန်း(အတွင်းရေးမှူး၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ စာရေးသားပြင်ဆင်ဖို့ ဖြစ်ပါတယ်။ ချောသွားအောင်လို့။

**ဥက္ကဋ္ဌ**။ ။ မချောဘူး။ နည်းနည်းကြမ်းသွားတယ်။ ကဲဒါကြောင့် အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒီတော့ စိစစ်ပြီးဆက်စပ်ပူးပေါင်းဆောင်ရွက်ရန် ဆိုတဲ့ဟာကတော့ ပိုချောပါတယ်။ အဓိပ္ပာယ်ကိုသာ သက်ဆိုင်ရာမူလစတင်ပြီးတော့ ရေးဆွဲခဲ့တဲ့ ကော်မတီကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဦးစိုးနိုင် ကော်မတီဥက္ကဋ္ဌကြီးပဲ မေးရပါမယ်။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ)**။ ။ အကောင်းဆုံးကတော့ ကျွန်တော့်အယူအဆကတော့ စိစစ်ပြီးဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန် ကောင်းပါတယ်။ ညှိလို့ရတယ်။ ပေါင်းလို့လဲရတယ်။ ပေါင်းလို့မရလဲဖျက်လို့ရတယ်။

**ဥက္ကဋ္ဌ**။ ။ စိစစ်ပြီး ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန်။ ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်ကွက်ရန် မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘာကို မကန့်ကွက်တာလဲ။ ဦးစိုးနိုင်ပြောတာကို မကန့်ကွက်တာလား။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြောတာကို ဝန်ကြီးဌာနအနေနဲ့ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ကဲဒါကြောင့် နောက်ဆုံးပြင်ဆင်အဆိုပြုချက်က ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်စိစစ်ပြီး ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် နောက်ဆုံးပြင်ဆင်ချက်ဖြစ်တဲ့ အဖွဲ့အစည်းများနှင့်စိစစ်ဆက်စပ်ညှိနှိုင်းဆောင်ရွက်ရန် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၅ ဦးမောင်မောင်စိုး သာကေတ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော တက်ရောက်လာသော ပုဂ္ဂိုလ်များခင်ဗျား။ ကျွန်တော် ဒီအပိုဒ်က မူရင်းကတော့ ဗဟိုအဖွဲ့သည် လုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်စေလျက် ဖွဲ့စည်းပေးရမည်လို့သတ်မှတ်ထားပါတယ်။ ကန့်လန့်ဖြတ်ဇယားအမှတ်စဉ် (၃) အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)မှာ လုပ်ငန်းအဖွဲ့ဆိုသည်မှာ ဦးဆောင်အဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေရှိ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့အသီးသီးကိုဆိုသည်ဆိုပြီးတော့ ဒီအဆိုပြုချက်ကို သဘောတူပြီးဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီ သဘောတူညီချက်နဲ့အညီဖြစ်အောင် ဒီအပိုဒ်မှာလည်း ကျွန်တော် ပြည်ထောင်စုနယ်မြေဆိုတာကို ထည့်သွင်းထားရခြင်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာ စိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်စိုးရဲ့အဆိုပြုချက် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးမောင်မောင်စိုးရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခန်း(၇) ပုဒ်မ ၂၆ ပါ အချက်များကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ အခန်း(၇) ပုဒ်မ ၂၆ ပုဒ်မခွဲ(က)ကတော့ မူလက ဗဟိုဆိုတဲ့စကားလုံးအစား ဦးဆောင်ဆိုတဲ့စကားလုံးနဲ့အစားထိုးပြင်ဆင်မှာဖြစ်ပါတယ်။ ပုဒ်မခွဲ(ခ)မှာတော့ မူလက

တစ်လလျှင်တစ်ကြိမ် ဗဟိုအဖွဲ့သို့တင်ပြရမည်ဆိုပြီးတော့ လုပ်ငန်းအဖွဲ့ကလေးများက ဗဟိုအဖွဲ့ကို သာတိုက်ရိုက်တင်ပြရမယ်ဆိုတဲ့အနေအထားမှာ ဗဟိုအဖွဲ့ဆိုတဲ့ ဦးဆောင်အဖွဲ့ကလည်းပဲ ပုဒ်မ ၆ အရ ဒီလုပ်ငန်းတာဝန်တွေကို လွှဲအပ်ပိုင်ခွင့်ပေးထားပါတယ်။ အဲ့လို လွှဲအပ်တဲ့အခါမှာ ပြည်ထောင်စုဝန်ကြီး ဌာနတို့စသည်ဖြင့် လွှဲအပ်ခွင့်ပေးထားတဲ့အဖွဲ့အစည်းများကို လွှဲအပ်လိုက်တဲ့အခါမှာ လုပ်ငန်းအဖွဲ့ လေးများရဲ့လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုဝန်ကြီးဌာနတို့ သူတို့သက်ဆိုင်ရာနယ်မြေရဲ့ တိုင်းဒေသကြီးတို့၊ နေပြည်တော်ကောင်စီတို့က အစိုးရအဖွဲ့အစည်းများကိုလည်း အသိပေး သင့်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီအပိုဒ်ကို ယခုလိုပြင်ဆင်ချက်အဆိုတင်သွင်းလိုပါတယ်။ မိမိတို့၏ဆောင်ရွက်ချက်များကို ဦးဆောင်အဖွဲ့သို့လည်းကောင်း၊ ဤဥပဒေပုဒ်မ ၆ အရ ဦးဆောင်အဖွဲ့ ကလွှဲအပ်တာဝန်ပေးထားသော ပြည်ထောင်စုဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသို့လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ လည်းကောင်း တစ်လလျှင်တစ်ကြိမ်တင်ပြရမည်လို့ ပြင်ဆင်ချက်အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဒေါက်တာ စိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးသောင်းဟန်ရဲ့ပြင်ဆင်အဆိုပြုချက် ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်၊ ယင်းမာပင်ရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကော်မတီကတင်သွင်းသော တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်း ခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင် အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီကတင်သွင်းသော တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်း မူလရေးထားတဲ့အတိုင်းဖြစ်ပါတယ်။ တကယ်တမ်းကျတော့ အခု ပြင်ဆင်ချက် အတည်ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ပြင်ဆင်ချက်အတိုင်း ဒီခေါင်းစဉ်ကိုလည်း ပြောင်းမှာ ဖြစ်ပါတယ်။ တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီး ဌာနများမှ သက်ဆိုင်သူများခင်ဗျား။ ဒီဥပဒေကြမ်းကို စိတ်ပါဝင်စားစွာဆွေးနွေးအကြံပြုပေးတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုရော၊ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကိုလည်း အထူးကျေးဇူးတင် ပါတယ်။ ဒီဥပဒေကြမ်းကို ဆွေးနွေးဆုံးဖြတ်ဖို့စတင်ဆောင်ရွက်တဲ့အချိန်မှာ သက်ဆိုင်ရာကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်သူ ဦးစိုးနိုင်ကတင်ပြတဲ့နေရာမှာ အားလုံးကြားသိတဲ့အတိုင်းပဲ ဒီဥပဒေကြမ်းဖြစ်ဖို့ အတွက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလက အဆိုတစ်ရပ်တင်သွင်းခဲ့သော်လည်း ဥပဒေပြဋ္ဌာန်းနိုင်ခြင်း မရှိတဲ့အတွက် ဒီအဆိုဟာ လေထဲမှာပျောက်ကွယ်ပြီးတော့ ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် ဒီနှစ် ၂၀၁၃ ခုနှစ် နှစ်ဆန်းကစပြီးတော့ဆောင်ရွက်ခဲ့တဲ့ဥပဒေဟာ ဧပြီလရောက်တဲ့အခါမှာ အရှိန်မြှင့် ဆောင်ရွက်တယ်။ ဆောင်ရွက်တဲ့အခါမှာလည်း ဒီဥပဒေကြမ်းကို ၁၅ ကြိမ်အထိ ဥပဒေကြမ်းအတွက် ဥပဒေကြမ်းများဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့ရပါတယ်။ ဒီအတိုင်းပဲ ဒီဥပဒေကြမ်း ဖြစ်ပေါ်ရေးအတွက် ပုဂ္ဂိုလ်အသီးသီး ဆွေးနွေးတဲ့နေရာမှာ ခုနတင်ပြချက်အရ လူပေါင်း ၁၅၀ ကျော် ဆွေးနွေးခဲ့တယ်။ ဆွေးနွေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်များအပြင် သက်ဆိုင်ရာဝန်ကြီးဌာန များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ နိုင်ငံခြားမှပညာရှင်များ၊ စာရွက်စာတမ်းများ ပြီးတဲ့အခါမှာ အသင်းအဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များပါဝင်ပြီး စိတ်ပါလက်ပါဆွေးနွေးခဲ့ကြောင်း ကြားသိရပြီးဖြစ်ပါ တယ်။ ဒီနေ့လည်း ဒီအခန်းထဲမှာ စိတ်ပါဝင်စားစွာဆွေးနွေးခဲ့တဲ့အတွက်လည်း ပိုပြီးတော့အသက်ဝင် သလို ပိုပြီးလည်းအောင်မြင်တဲ့ ဥပဒေကြမ်းတစ်ခုဖြစ်တယ်လို့ယူဆရမှာဖြစ်ပါတယ်။ သို့ရာတွင် ဦးဖေသန်းပြောသလိုပဲ ဥပဒေဟာ ကာလတစ်ခုအထိတော့ ပြည့်စုံတယ်။ ကောင်းမွန်မယ်။ သို့ရာတွင် ကာလပြောင်းသွားတာနဲ့အမျှ ဥပဒေတွေပြန်ပြင်ရမှာရှိကောင်းရှိနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော် ဒီမှာတင်ပြချင်တာက ဒီဥပဒေကိုတော့ ပြည်သူ့လွှတ်တော်မှာ စတင်အဆိုပြုပြဋ္ဌာန်းပြီးပြီ။ ဒီဥပဒေကို လည်း ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော်ကို ရောက်တဲ့အခါမှာလည်း အမျိုးသားလွှတ်တော်

ဘက်က ဒီဥပဒေအပေါ်မှာဆက်ပြီးတော့ ဆွေးနွေးရဦးမှာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအကယ်လို့များ ထပ်ပြီးတော့ဆွေးနွေးချင်တယ်ဆိုလို့ရှိရင်လည်း အမျိုးသားလွှတ်တော်မှာသွားရောက်ဆွေးနွေးနိုင်ကြောင်းလည်း အသိပေးချင်ပါတယ်။ ဒါဘာကြောင့် ကျွန်တော် ဒီလိုတင်ပြရလဲဆိုရင် ဒီနေ့ တောင်သူလယ်သမားအများစု မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ဆင်းရဲနေကြပါတယ်။ ဆင်းရဲနေရတဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားကိုကာကွယ်ပေးဖို့လိုသလို အကျိုးစီးပွားမြှင့်တင်ပေးဖို့ မလွဲမသွေလိုအပ်သလို အရေးတကြီးဆောင်ရွက်ပေးရမယ့်ကိစ္စဖြစ်တဲ့အတွက် အရေးတကြီးဆောင်ရွက်ပေးရမည့်ကိစ္စကို အရေးကြီးစွာပဲ အလေးထားပြီးတော့ ကျွန်တော်တို့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တချို့ တချို့ရက်များမှာ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးတာ ည ၉ နာရီအထိ ဆွေးနွေးတယ်လို့သိရပါတယ်။ မနေ့ကကျတဲ့အခါကျတော့ ဒီဥပဒေကြမ်းပြီးပြီဆိုပေမယ့် ခုနက သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦး တင်ပြသလို သူ့မှာဆွေးနွေးစရာရှိတယ်ဆိုတဲ့အတွက် မနေ့ကထပ်ပြီးတော့ နေ့ခင်းမှာထပ်ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ရလဒ်တွေကို စာရွက်ပေါ်တင်တဲ့အခါမှာလည်း မနေ့ကည သန်းခေါင်ကျော်သွားတယ်လို့ပြောပါတယ်။ ဒါကြောင့်မို့လည်း တချို့ တချို့စာသားတွေ ကျန်နေခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့တော့ ဒီဥပဒေကြမ်းကတော့ ပြည်သူ့လွှတ်တော်မှာတော့ ပြီးမြောက်သွားပါပြီ။ သို့ရာတွင် ဆက်လက်ပြီးဆွေးနွေးစရာများ ကျန်ကောင်းကျန်နိုင်တဲ့အတွက် အမျိုးသားလွှတ်တော်က ဖိတ်ကြားတယ်ဆိုလို့ရှိရင်လည်း အခုလိုပဲ တက်တက်ကြွကြွနဲ့ပါဝင်ပြီး ဆွေးနွေးပေးဖို့ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ နိုင်ငံအတွက် ကျွန်တော်တို့နိုင်ငံသားများအတွက် အရေးကြီးတဲ့ဥပဒေကြမ်းကို ဒီနေ့ပဲ အပြီးသတ်အတည်ပြုဖို့ရှိပါတယ်။ သို့ရာတွင် တချို့ တချို့ လွှတ်တော်ကိုယ်စားလှယ်များလည်း အင်မတန်မှ ညောင်းညာပြီး တချို့လည်း မျက်စိမှေးနားထောင်ရတဲ့အနေအထားရှိတဲ့အတွက် အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါ့မယ်။ ဒီအချိန်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးကလည်း ပြန်လည်ထွက်ခွာနိုင်ပါတယ်။ သို့ရာတွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ဒုတိယဝန်ကြီး တစ်ယောက်တည်းထားမယ်ဆိုရင် သူလည်းအားငယ်မယ်ဆိုရင်တော့ စောင့်ဆိုင်းပြီးတော့နေပေးဖို့ပြောဆိုလိုပါတယ်။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တ ရပ်နားပါ့မယ်။

**အချိန်၊ ၁၅ း ၁၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့်ခေတ္တရပ်နားပါသည်။ ]

**အချိန်၊ ၁၅း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်အတည်ပြုပြဋ္ဌာန်းမယ့် ဥပဒေဟာလည်း ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက စပြီးတော့ တင်ပြထားတဲ့ဥပဒေကြမ်းဖြစ်တယ်ဆိုတာ သိရပါတယ်။ ဒီဥပဒေကြမ်းလည်း ကျွန်တော်တို့ ဒီတစ်ပတ်ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ပြီးစီးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့အချိန်ကတော့ ၄ နာရီနီးနေပါပြီ။ ဒါကြောင့်မို့လို့ ကြိုတင်ပြီးတော့ လွှတ်တော်ကိုတင်ပြခွင့်ပြုချက် ရယူချင်တာကတော့ ၄ နာရီထက်ကျော်ပြီး ဒီဥပဒေပြီးစီးတော့မယ့်အထိ လွှတ်တော်ကလက်ခံဆောင် ရွက်ပေးဖို့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် စတင်တင်သွင်းပြီး ပြင်ဆင်အတည်ပြုချက်ဖြင့်ပေးပို့သော ဆက်သွယ်ရေး ဥပဒေကြမ်းကို ၉-၇-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုလည်း ၂-၈-၂၀၁၃ ရက်နေ့တွင် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ချက်များကို လွှတ်တော်ကရှင်းလင်းတင်ပြရန် အတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေအား ရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(ဥက္ကဋ္ဌ၊ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌဦးသိန်းဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ကော်မတီရဲ့ ဆက်သွယ်ရေးဥပဒေ ကြမ်းနှင့်ပတ်သက်ပြီးတော့မှ ဆောင်ရွက်ချက်များကို အကျဉ်းချုပ်တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ကော်မတီအနေနဲ့ လွှတ်တော်ကိုပြည်ထောင်စုအစိုးရအဖွဲ့က မပေးပို့ခင်အချိန်ကတည်းက ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့မှ ကြိုတင်အကြံပြုဆွေးနွေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှာ ဆက်သွယ်ရေးဥပဒေကြမ်းအပေါ် ပညာရှင်များမှ အကြံပြုဆွေးနွေးပွဲကိုရန်ကုန်မြို့ MICT Park မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီဆွေးနွေးပွဲကို ကျွန်တော်တို့ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ကျွန်တော်တို့ကော်မတီနဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာကျွမ်းကျင်သူပညာရှင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ဆက်စပ်အသင်းများမှတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ စုစုပေါင်းအင်အား ၁၅၀ ကျော်တက်ရောက်ဆွေးနွေးခဲ့ပါတယ်။ အလားတူပဲ အဲ့ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ ရန်ကုန်မြို့မှာရှိတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ရုံးခွဲမှာလည်းပဲ ဒီအကြောင်းနှင့်ပတ်သက်ပြီးတော့မှ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဒုတိယအကြိမ်ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနဲ့ ဒီဥပဒေကြမ်းကျွန်တော်တို့ လွှတ်တော်ကိုမရောက်ခင်အချိန်မှာ အခုကျွန်တော်တို့ သတ္တမပုံမှန်အစည်းအဝေးစတင်တဲ့ အချိန်မှာ ကျွန်တော်တို့ ၂၆ ရက်နေ့ ဇွန်လမှာပြည်သူ့လွှတ်တော်မှာ အရေးကြီးအဆိုတစ်ရပ် တင်သွင်းခဲ့ပါတယ်။ အဲ့ဒီအဆိုအနေနဲ့ ကတော့ ပြည်ထောင်စုဝန်ကြီးဌာနက ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်တဲ့နေရာမှာ ပြည်တွင်းပြည်ပကုမ္ပဏီများ ဖက်စပ်အဖြစ်သတ်မှတ်ရွေးချယ် တာဝန်ပေးနိုင်ဖို့ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန် ပေးအပ်ခြင်းကို ကျွန်တော်တို့ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်ဖို့ အတွက်ကို ပြည်ထောင်စုလွှတ်တော်ကို တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအတွက် ခွဲတမ်းသတ်မှတ်ရရှိထားတဲ့ လှိုင်းနှုန်းစဉ်များဟာ နိုင်ငံတော်နှင့်နိုင်ငံသူနိုင်ငံသားအားလုံး ပိုင်ဆိုင်တဲ့နောက်ထပ်အစားထိုးမရတဲ့ သဘာဝအရင်းအမြစ်ပဲဖြစ်ပါတယ်။ အလားတူပဲ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများဟာလည်းပဲ ရင်းနှီးမြှုပ်နှံမှုပမာဏအလွန်ကြီးမားပြီးတော့မှ ပြည်သူနှင့်ပြည်သားအားလုံးနဲ့သက်ဆိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ အဲ့ဒီလိုနိုင်ငံတော်ရဲ့အရင်းအမြစ်များကို စီမံခန့်ခွဲခြင်းနှင့် ပမာဏကြီးမားတဲ့ ပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူများ၊ ပြည်သူ့ရဲ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့လွှတ်တော်များမှ ပွင့်လင်းမြင်သာစွာ

နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်များကို သိရှိဖို့လည်းလိုတဲ့အတွက် ဒီရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဓိကအနေနဲ့ကတော့ ကျွန်တော်တို့ဆက်သွယ်ရေး ဥပဒေမထွက်မီ အချိန်မှာ ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ဖို့ ဆောင်ရွက်ခြင်းမပြုဘဲနဲ့ ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းများမှာ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များအနေနဲ့ အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာတဲ့ ယှဉ်ပြိုင်မှုများဆောင်ရွက်စေခြင်းဖြင့် အရည်အသွေးမြင့်မားပြီးတော့မှ သုံးစွဲသူ ပြည်သူများကိုလည်းပဲ ထိုက်တန်စွာဝန်ဆောင်မှုပေးနိုင်မယ့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ ပေါ်ထွက်လာစေဖို့ ကျွန်တော်တို့ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့ခဲ့တဲ့ ဆက်သွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်တင်သွင်းခဲ့ပြီးတော့မှ ဇူလိုင်လ ၂ ရက်နေ့မှာ ပြင်ဆင်ချက်များနှင့်အတည်ပြုခဲ့ ပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာတော့ အမျိုးသားလွှတ်တော်ကနေမှ ပြည်သူ့ လွှတ်တော်ကို ကျွန်တော်တို့ ပေးပို့လာခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေကြမ်း ရောက်ရှိတဲ့နေ့ကစပြီး တော့မှ ဇူလိုင်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျွန်တော်တို့ကော်မတီမှာ ဆွေးနွေးပြီးတော့မှ အသေးစိတ် ဥပဒေကြမ်း ကိုလေ့လာခဲ့ပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအလို့ငှာ ဆက်သွယ်ရေး ဥပဒေကြမ်း ကိုနိုင်ငံနှင့်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင် ဆွေးနွေးအကြံပြုနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့မှ ကျွန်တော်တို့ ဇူလိုင်လ ၁၂ ရက်နေ့ထုတ်တဲ့ သတင်းစာများမှာ ဥပဒေကြမ်းကို လာရောက် ပြီးတော့မှ ဆွေးနွေးနိုင်ပါကြောင်း ကျွန်တော်တို့ ကြေညာခဲ့ပါတယ်။ ဇူလိုင်လ ၁၂ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့အထိလည်းပဲ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဆောင်မှ I -2 မှာ ကျွန်တော်တို့ဆွေးနွေး မှုများပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီလိုဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် များ၊ အကြံပြုရန်ရောက်ရှိလာတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများမှ လုပ်ငန်းရှင်များ၊ ကျွမ်းကျင်သူပညာ ရှင်များ၊ ကွန်ပျူတာအသင်းချုပ်နှင့်တာဝန်ရှိသူများ၊ နိုင်ငံခြားမှပါဝင်တဲ့ပညာရှင်များအပါအဝင် ကျွန်တော်တို့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ၁၀ ကြိမ်လောက်ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် Fax များ E-mail များနှင့် လူကိုယ်တိုင်လာရောက်ဆွေးနွေးခဲ့တဲ့ စိတ်ဝင်စားတဲ့ပြည်သူများရဲ့ တင်ပြချက်များကိုလည်းပဲ ကျွန်တော်တို့ကော်မတီရော၊ ကော်မရှင်ရောပူးပေါင်းပြီးတော့မှ ဥပဒေကြမ်းမှာ ထည့်သွင်းစဉ်းစားပြီး တော့မှလိုအပ်တဲ့နေရာမှာ အသုံးပြုခဲ့ခြင်းဖြစ်ပါတယ်။ ဒီဆက်သွယ်ရေးဥပဒေကြမ်းနှင့် ဆွေးနွေးမှုနှင့်

ပတ်သက်ပြီးတော့မှ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကနေမှ ကျွန်တော်တို့ အဲ့ဒီလိုပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အပေါင်ပန်းခံပြီးတော့မှ သဘောထားကြီးမားစွာနဲ့ ပြင်ပမှကျွမ်းကျင်သူပညာရှင်များအပါအဝင် ညှိနှိုင်းဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့် ကျွန်တော်တို့ဒီနေ့တင်ပြမယ့် ဆက်သွယ်ရေးဥပဒေကြမ်းဟာ ပိုမိုပြည့်စုံကောင်းမွန် လာခဲ့ပြီးတော့မှ နိုင်ငံနှင့်နိုင်ငံသားများအကျိုးအတွက် များစွာအကျိုးရှိပါကြောင်းနှင့် ကျွန်တော်တို့ နိုင်ငံနှင့်နိုင်ငံသားများအကျိုးအတွက် ဖြစ်ထွန်းမယ့် ဥပဒေတစ်ခုဖြစ်ကြောင်း ကျွန်တော်မှတ်ချက်ပြု ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ ဒီဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိတဲ့ကုမ္ပဏီများအနေနဲ့ ယခုထွက်ရှိလာမယ့်ဥပဒေနှင့်အညီ လုပ်ငန်းများလုပ်ဆောင်ခွင့်ပြုမှာ ဖြစ်ကြောင်း နိုင်ငံတော်အစိုးရအနေနဲ့လည်းပဲ ပြည်သူများစိုးရိမ်တဲ့အချက်များကို ပြည့်စုံအောင် စဉ်းစားစီရင်ဆောင်ရွက်ထားကြောင်းလည်းပဲ ဒီသက်ဆိုင်ရာဝန်ကြီးဌာနပုဂ္ဂိုလ်များနှင့် ဆွေးနွေး ညှိနှိုင်းတဲ့အခါမှာ ရှင်းလင်းတင်ပြချက်အရသိရှိရပါတယ်။ ကျွန်တော်တို့ဒီနေ့ ပြုစုရေးဆွဲထားတဲ့ ဥပဒေကြမ်းမှာလည်းပဲ အထက်ပါအချက်များ ခြုံငုံမိစေရန်နှင့် ပြည်သူများ၊ လုပ်ငန်းရှင်များ၊ ပညာရှင် များစိုးရိမ်ပူပန်တဲ့အချက်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြုစုလေ့လာရေးဆွဲတင်ပြ ထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဆက်သွယ်ရေးဥပဒေကြမ်းကို အိမ်နားနီးချင်းနိုင်ငံများနှင့် ကမ္ဘာ့ နိုင်ငံများက ကျွန်တော်တို့ဆက်သွယ်ရေးဥပဒေများကို လေ့လာပြီးတော့မှ ကျွန်တော်တို့နိုင်ငံနှင့် အပ်စပ်မယ့်ကိစ္စများကိုလည်း ကျွန်တော်တို့ထည့်သွင်းထားပါတယ်။ အလားတူပဲ ကျွန်တော်တို့ ပညာရှင်များ၊ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ ပေးပို့တဲ့အကြံဉာဏ်များကိုလည်းပဲ ဆက်သွယ်ရေးဥပဒေကြမ်း မှာအတတ်နိုင်ဆုံး ဖြည့်ဆည်းထားတဲ့အတွက် ကျွန်တော်တို့ဆက်သွယ်ရေးဥပဒေကြမ်းသည် အတိုင်း အတာတစ်ခုအထိ ပြည့်စုံမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အလားတူပဲ လွှတ်တော်ကိုယ်စားလှယ် များကလည်းပဲ ဆက်သွယ်ရေးဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ကိုယ်တိုင်လည်း လာရောက်ဆွေးနွေးပါတယ်။ မနေ့ကအထိပဲ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးချက်တွေ လုပ်ပြီးတော့မှ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ထားတဲ့အတွက် ကျွန်တော်တို့ဆက်သွယ်ရေးဥပဒေကြမ်းဟာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြိုးစားအားထုတ်မှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပညာရှင်များရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် ကျွန်တော်တို့နိုင်ငံနှင့်လူမျိုးအတွက် ဒါအကျိုးဖြစ်ထွန်း မယ့် ဥပဒေကြမ်းဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးယခု စတင်ဆွေးနွေးပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းကော်မတီအပါအဝင် ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေး နွေးခြင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူပြီး ဆုံးဖြတ်အတည်ပြုခြင်း ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက် မရှိသည့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်အချက်များကို ဥပဒေကြမ်းကော်မတီက လွှတ်တော်မှာတင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်စိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ကပြင်ဆင်ချက်များနှင့် ပြန်လည်ပေးပို့လာတဲ့ ဆက်သွယ်ရေးဥပဒေကြမ်းအပေါ်မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်တင်ပြထားတဲ့အချက်များကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ စာမျက်နှာ ၁၊ ၂၊ ၃ တို့မှာပါရှိတဲ့ အမှတ်စဉ် (၁)၊ (၂)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)တို့မှာရှိတဲ့ အခန်း(၁) မူလပုဒ်မ ၂၊ ပုဒ်မ ၂ ပုဒ်မခွဲ (ခ) ပုဒ်မ ၃ ပုဒ်မခွဲ (ခ) အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ပုဒ်မ ၃ ပုဒ်မခွဲ(င)၊ မူလပုဒ်မ ၃ ပုဒ်မခွဲ(င)၊ (ဇ) အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက် (ဍ)၊ (ဎ)၊ (ဏ)၊ (န) အသစ်ဖြည့်စွက်ချက် (ဖ) တို့ဖြစ်ပါတယ်။ စာမျက်နှာ ၃ အမှတ်စဉ်(၁၃) အခန်း(၂) မူလပုဒ်မ ၄ ပုဒ်မခွဲ(ဂ)၊ စာမျက်နှာ ၄ အမှတ်စဉ် (၁၆) အခန်း(၃) ခေါင်းစဉ် ပုဒ်မ ၅၊ ပုဒ်မ ၆ ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၅၊ ၆၊ ၇ မှာပါရှိတဲ့ အမှတ်စဉ် (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇) တို့မှာပါရှိတဲ့ အခန်း(၄) မူလပုဒ်မ ၇ ပုဒ်မခွဲ(ဂ) အမျိုးသား လွှတ်တော်၏အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၀ မူလပုဒ်မ ၉ အသစ်ဖြည့်စွက်ချက် ၂ ခု၊ ပုဒ်မ ၁၀ အသစ် ဖြည့်စွက်ချက် ပုဒ်မ ၁၂ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၃ ပုဒ်မခွဲငယ်(၂) အမျိုးသားလွှတ်တော် ၏အသစ်ဖြည့်စွက်ချက် ပုဒ်မခွဲ(ဂ)၊ စာမျက်နှာ ၇၊ ၈ မှာပါရှိတဲ့ အမှတ်စဉ် (၂၈)၊ (၂၉)၊ (၃၀) ပါ အခန်း (၆) မူလပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ နှင့် ပုဒ်မခွဲ(ခ)၊ စာမျက်နှာ ၈၊ ၉ မှာပါရှိတဲ့ အမှတ်စဉ် (၃၁)၊ (၃၂)၊ (၃၃)၊ (၃၄) တို့ပါ မူလအခန်း(၇) ခေါင်းစဉ် ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ ပယ်ဖျက်ခြင်းတစ်ခု၊ ပုဒ်မ

၂၂ အသစ်ဖြည့်စွက်ချက်နှင့် ပုဒ်မ ၃၂ ပုဒ်မခွဲ(က)၊ စာမျက်နှာ ၁၀ မှာပါရှိတဲ့ အမှတ်စဉ် (၃၅)၊ (၃၆)၊ (၃၇) မူလအခန်း(၁၃) မူလပုဒ်မ ၃၇၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၄၀၊ စာမျက်နှာ ၁၀ တွင်လည်းပါရှိသော အမှတ်စဉ် (၃၈)၊ (၃၉)၊ (၄၀)၊ (၄၁) တို့မှာရှိသည့် အခန်း(၁၄) ခေါင်းစဉ် မူလပုဒ်မ ၄၃ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ) စာမျက်နှာ ၁၀၊ ၁၁၊ ၁၂ တို့မှာပါရှိသော အမှတ်စဉ် (၄၂) အသစ်ဖြည့်စွက်ခြင်းအခန်း ဖြစ်ပါတယ်။ အခန်း (၁၇) အယူခံခုံရုံးဖွဲ့စည်းခြင်း၊ တာဝန်ပေးအပ်ခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း စသည်တို့ အသစ်ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ စာမျက်နှာ ၁၂၊ ၁၃ တို့မှာပါရှိတဲ့ အမှတ်စဉ် (၄၃)၊ (၄၄)၊ (၄၅) ပါ မူလအခန်း(၁၅) ခေါင်းစဉ် မူလပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၉၊ စာမျက်နှာ ၁၃ နှင့် ၁၄ တို့မှာပါရှိတဲ့ အမှတ်စဉ် (၄၆)၊ (၄၈) ပါ အခန်း(၁၆) ခေါင်းစဉ်နှင့် မူလပုဒ်မ ၅၃၊ စာမျက်နှာ ၁၄ တွင်ပါရှိသော အမှတ်စဉ် (၄၉)၊ (၅၀) ပါ အခန်း(၁၈) ခေါင်းစဉ် မူလပုဒ်မ ၅၈၊ စာမျက်နှာ ၁၄၊ ၁၅၊ ၁၆၊ ၁၇ နှင့် ၁၈ တို့တွင်ပါရှိသော အမှတ်စဉ်(၅၁)၊ (၅၂)၊ (၅၃)၊ (၅၄)၊ (၅၅)၊ (၅၆)၊ (၅၇)၊ (၅၉)၊ (၆၀)၊ (၆၂)၊ (၆၃)၊ (၆၄)၊ (၆၅)၊ (၆၆) မူလအခန်း(၁၉) မူလပုဒ်မ ၆၀၊ အခန်း (၁၉) ၏ခေါင်းစဉ် ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မ ၆၇၊ ပုဒ်မ ၆၈၊ ပုဒ်မ ၆၉၊ ပုဒ်မ ၇၀ နှင့် ပုဒ်မ ၇၁၊ စာမျက်နှာ ၁၈ နှင့် ၁၉ တို့တွင်ပါရှိသော အမှတ်စဉ် (၆၇)၊ (၆၈)၊ (၆၉)၊ (၇၀)၊ (၇၅)နှင့် (၇၃) တို့တွင် ပါရှိသည့် မူလအခန်း(၂၀) ခေါင်းစဉ် မူလပုဒ်မ ၇၂၊ ပုဒ်မ ၇၅၊ ပုဒ်မ ၇၆၊ ပုဒ်မ ၈၀ အမျိုးသား လွှတ်တော်၏အသစ်ဖြည့်စွက်ချက် ပုဒ်မ ၈၇ တို့အား ပြည်သူ့လွှတ်တော်၏ နည်းဥပဒေ ၁၉၀ (ဃ) အား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၆၄ ချက်အား လွှတ်တော်မှအတည်ပြုပေးနိုင် ရန်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်မှ ပြင်ဆင်သည့်အချက် ၈၂ ချက်ရှိတဲ့အနက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း ၃၄ ချက်ကိုသာ ဥပဒေကြမ်း ကော်မတီမှ သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီမှသဘောထူထားတဲ့ အချက် ၃၄ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန်အချက် ၈၂ ချက်ရှိတဲ့အနက် ဥပဒေကြမ်း

ကော်မတီက သဘောတူသည့် ၃၄ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ အချက် ၆၄ ချက်အား ဥပဒေကြမ်းကော်မတီက လွှတ်တော်မှာ တင်ပြဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီအား တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ စောစောက ကျွန်တော် တင်ပြခဲ့တာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြမယ့် ၆၄ ချက်ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင် ဆက်ပြီးတော့ ဆောင်ရွက်ပါမယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီကပြင်ဆင်ထားတဲ့ အချက် ၆၄ ချက်ကို လွှတ်တော်မှာတင်ပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၆၄ ချက်အား ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့မရှိတဲ့အတွက် ဆက်သွယ်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန်အချက် ၆၄ ချက်သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက် ၉ ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကြမှာဖြစ်ပါတယ်။ အခန်း(၁) အပိုဒ် ၃ အပိုဒ်ခွဲ(က)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်အား ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေးဥပဒေကြမ်း အခန်း (၁) အပိုဒ် ၃ အပိုဒ်ခွဲ (က) ကို မြန်မာစာရေးထုံးနဲ့ လျော်ညီအောင်ပြင်ဆင်မှာဖြစ်ပါတယ်။ ကျွန်တော်ပြင်ဆင်မယ့် အပိုဒ်ကတော့ အပိုဒ် (က) ဆက်သွယ်ရေး Tele Communication ဆိုသည်မှာ ဆိုပြီးတော့ အဲ့ဒီနောက်က အလင်းတန်းဆိုတဲ့ စကားရပ်နဲ့ အခြားသော လျှပ်စစ်သံလိုက်ဓာတ်ထုတ်လွှတ်သည့် နည်းတစ်ရပ်ရပ်ကိုဆိုတဲ့ ပုဒ်ကြားမှာ သို့မဟုတ် ဆိုတဲ့စကားလုံးထည့်ပေးမှာဖြစ်ပါတယ်။ ဒါမှသာ မြန်မာစာရေးထုံးရေးနည်းနဲ့ ညီပြီးတော့ ပိုမိုပြီးတော့ အဓိပ္ပာယ်ပြည့်စုံသွားမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အခန်း (၁)၊ ပုဒ်မ ၃(က) မှာ အလင်းတန်းနှင့် အခြားသော လျှပ်စစ်သံလိုက်ဓာတ်ဆက်သွယ်ရေးကြားမှာ သို့မဟုတ် ထည့်သွင်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ ပြင်ဆင်ချက်အဆိုမှ မူလအနှစ်သာရမပြောင်းလဲဘဲနဲ့ မြန်မာစာရေးထုံးနဲ့ကိုက်ညီတဲ့ အချက်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို အတည်ဖြစ်ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၄ ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်သည် မိုးနဲမဲဆန္ဒနယ်မှ စိုင်းကျော်မြင့်ဖြစ်ပါတယ်။ ဆက်သွယ်ရေးဥပဒေကြမ်း အမှတ်စဉ် (၁၄) အခန်း (၂) ပုဒ်မ ၄(ဂ) ၌ မူလပြဋ္ဌာန်းချက် ဆက်သွယ်ရေးကဏ္ဍအစား ဆက်သွယ်ရေးဆိုင်ရာနည်းပညာဟု ပြင်ဆင်ပါသည်။ အကြောင်းပြချက်အနေနဲ့ကဏ္ဍသည် အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာသည်

ဆက်သွယ်ရေးဥပဒေတစ်ခုလုံးကို ကိုယ်စားပြုသည့်အပြင် ဆက်သွယ်ရေးဆိုင်ရာနည်းပညာစာသားသည် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန အမည်ကိုလည်းဖော်ညွှန်းပါသည်။ ဤမူလဥပဒေ၌ပါရှိတဲ့ အမှတ်စဉ် (၃) အခန်း (၂)၊ ပုဒ်မ ၄(က)တွင်လည်းကောင်း၊ အမှတ်စဉ် (၃၆) အခန်း (၁၄) ပုဒ်မ ၄၃ (က) အပိုဒ်ခွဲ (၁)၊ (၂) ၌ ပုဒ်မ ၄၃ (ဂ)တို့၌ လည်းကောင်း ဆက်သွယ်ရေးဆိုင်ရာနည်းပညာတွေကို ထည့်သွင်းအသုံးပြုထားပါသဖြင့် ရှေ့နောက်စာသားညီညွတ်ရန်အတွက်လည်းဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာသောဆိုရာမှာ ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာဖြစ်ပါသည်။ သို့ပါ၍ ယခု ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် (၁၄) အခန်း (၂)၊ ပုဒ်မ ၄ (ဂ) ကိုဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးဆိုင်ရာနည်းပညာများနှင့်အတူ နိုင်ငံတော်တစ်ဝန်းလုံးတွင် ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်ပြီး အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရန်ဟုပြင်ဆင်ပြီး လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ မိုးနဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မြင့်ရဲ့ ပြင်ဆင်ချက်အဆိုများမှာ မူလရည်ရွယ်ချက်မပြောင်းလဲဘဲနဲ့ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်စေတဲ့ အသုံးအနှုန်းဖြစ်ပါသဖြင့် ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျော်မြင့်ရဲ့ ပြင်ဆင်အဆိုပြုချက်အားကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ် ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးနိုင်ငံလင်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်ငံလင်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်သွင်းမယ့်အဆိုပြုချက်ကတော့ စာမျက်နှာ ၄ အခန်း (၂) ပုဒ်မ ၄ (င) ဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူလုံခြုံရေးကိစ္စများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် လိုင်စင်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသော ဆက်သွယ်ရေးပစ္စည်းများကို ကြီးကြပ်နိုင်ရန်လို့ ကျွန်တော်တို့ ပြင်ဆင်

ထားပါတယ်။ ပြင်ဆင်ရတဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူ လုံခြုံရေးကိစ္စများအတွက် လိုအပ်ပါက ဆက်သွယ်ရေး Operator အပိုင်းကိုကြီးကြပ်နိုင်ပြီး အများ ပြည်သူတွေ၊ အထူးသဖြင့် သုံးစွဲသူတွေရဲ့အပိုင်းမှာတော့ လွတ်လွတ်လပ်လပ်ရှိဖို့ ရည်ရွယ်တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အဆိုကို အတည်ပြုနိုင်ဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန သဘောထားသိလိုပါတယ်။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန)**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးနိုင်ငံလင်းရဲ့ ပြင်ဆင်ချက်အဆိုမှာ အဓိပ္ပာယ်ဖွင့်ဆိုချက်ပိုမိုပေါ်လွင်ပါသဖြင့် ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ဦးနိုင်ငံလင်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးနိုင်ငံလင်း၊ ဒက္ခိဏသီရိမဲဆန္ဒနယ်ရဲ့ အဆိုအတည် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေး ဥပဒေကြမ်းမှာပါရှိတဲ့ အခန်း (၁၆)၊ အပိုဒ် ၅၂ ကို ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီအပိုဒ် ၅၂ မှာ မူလအဆိုမှာပါရှိတဲ့ အခြေခံဆက်သွယ်ရေးအဆောက်အအုံ နိမ့်ကျနေသေးသည့်ဒေသ များဆိုသည့် စကားရပ်ကို ကျွန်တော့်အနေနဲ့ အခြေခံဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေ သေးသည့် နယ်မြေဒေသများလို့ Under Sub Area ကို ဒီလိုကျွန်တော်ပြင်မှာဖြစ်ပါတယ်။ နောက် အောက်အကြောင်းမှာရှိတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုရရှိစေနိုင်မည့်ဆိုတဲ့စကားရပ်ကို ကျွန်တော့် အနေနဲ့ ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည်လို့ ဒီလိုကျွန်တော်ပြင်မှာဖြစ် ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်ရဲ့ပြင်ဆင်ချက်အဆိုဟာ ဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ရယူသုံးစွဲခွင့်ရရှိစေ ရန်အတွက် နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေသေးသည့် နယ်မြေ ဒေသများ Under Sub Area တွင် အခြေခံဆက်သွယ်ရေးအဆောက်အအုံ တိုးချဲ့တည်ဆောက်နိုင်

ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့် အစီအစဉ်များချမှတ်နိုင်ရန် ဦးစီးဌာနအား ညွှန်ကြားနိုင်သည်လို့ ပြင်ဆင်ချက်အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ ပြင်ဆင်ချက်အဆိုများမှာ ဥပဒေပြဋ္ဌာန်းချက်ရဲ့ မူလအနှစ်သာရတွေမပြောင်းလဲဘဲနဲ့ အဓိပ္ပာယ်ပိုမိုပေါ်လွင်လာတဲ့အတွက်ကြောင့် ကန့်ကွက်ရန်မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလားခင်ဗျား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်ဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၆ အမှတ်စဉ် ၆၄ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဆက်သွယ်ရေးဥပဒေကြမ်းနဲ့ပတ်သက်ရင် လုပ်ငန်းဆိုင်ရာပြဋ္ဌာန်းချက်များ ပြည့်စုံတဲ့အတွက်ကြိုဆိုပါတယ်။ ဒါပေမယ့် တစ်ကြိမ်တည်းမှာ လူတစ်ဦးချင်းလွတ်လပ်ခွင့်ကို ထိပါးပြီးတော့ မှားယွင်းတဲ့ ပြစ်ဒဏ်မပေးနိုင်ဖို့ ကျွန်တော်ဒီပြင်ဆင်ချက်များကို တင်ရခြင်းဖြစ်ပါတယ်။ ဒီ ၆၄ ကိုပယ်ဖျက်ဖို့ ကျွန်တော်တင်ရခြင်းအကြောင်းကတော့ မည်သူမဆို လိုင်စင်ရယူပြီးမှသာဆိုတဲ့အပိုဒ်က လိုင်စင်ဆိုတာနဲ့ပတ်သက်ရင် ဆက်သွယ်ရေးပစ္စည်းထဲမှာ တယ်လီဖုန်းတွေကအစပါပါတယ်။ ဒီလိုသုံးစွဲတဲ့အခါမှာ ဒီဟာနဲ့ပတ်သက်ပြီး လိုင်စင်ရယူဖို့ဟာ ဒီဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို တည်ထောင်လုပ်ကိုင်သူတွေနဲ့ပဲ အကျုံးဝင်ဖို့လိုအပ်ပါတယ်။ သာမန်သုံးစွဲသူတွေအဖို့ဟာ လိုင်စင်ရယူပြီးတော့ သုံးစွဲရမယ်ဆိုရင် ဒီပစ္စည်းဝယ်ယူသုံးစွဲခွင့်ကိုတောင် ထိပါးစေတဲ့အချက်များ ဖြစ်တဲ့အတွက် ဒီဟာ သာမန်သုံးစွဲသူတွေအတွက် ထိခိုက်နိုင်တဲ့အတွက် ဒီပုဒ်မ ၆၄ ကို ပယ်ဖျက်ပေးရန် ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ အဲဒါကို လွှတ်တော်ကဆုံးဖြတ်ပေးနိုင်ဖို့ အကျိုးအကြောင်းဖော်ပြပြီး တင်ခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ပြင်ဆင်ချက်အဆိုနဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြပါ့မယ်ခင်ဗျား။ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်ရဲ့ အဓိကရည်ရွယ်ချက်မှာ တစ်ကိုယ်ရည်သုံး တယ်လီဖုန်းကဲ့သို့သော ပစ္စည်းများကို ရည်ရွယ်ခြင်းမဟုတ်ပါဘူး။ ဆက်သွယ်ရေးဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီများအတွက် အဖွဲ့အစည်းများအတွက် လိုင်စင်ရယူပြီးမှ အသုံးပြုရန်သတ်မှတ်ထားတဲ့ ဆက်သွယ်ရေး၊ ပစ္စည်းတွေသာဆိုလိုခြင်းဖြစ်ပါတယ်။ ဥပမာဆိုလို့ရှိရင် ကျွန်တော်တို့အနေနဲ့ Satellite ဆက်သွယ်ရေးစနစ်မျိုး၊ နောက်လုံခြုံရေးနဲ့ပတ်သက်တဲ့ ဆက်သွယ်ရေးစနစ်ပစ္စည်းမျိုး၊ နောက် Frequency ကန့်သတ်ချက်အရ အခြားအရေးပေါ်ကာလတွေမှာ SOS လိုဟာမျိုးခေါ်ဆိုတဲ့ကိစ္စတွေမှာ အနှောင့်အယှက်ဖြစ်နိုင်တဲ့ ပစ္စည်းမျိုးတွေအတွက် ကျွန်တော်တို့ကန့်သတ်ထားတာဖြစ်ပါတယ်။ အဲ့ဒီလိုလိုင်စင်ရယူရမယ့် ပစ္စည်းမျိုးတွေဆိုလို့ရှိရင် နည်းဥပဒေမှာ စာရင်းနဲ့အတိအကျ ဖော်ပြသွားမှာဖြစ်ပါတယ်။ အဲလိုဖော်ပြတဲ့အခါမှာ တစ်ကိုယ်ရည်သုံးပစ္စည်းဖြစ်တဲ့တယ်လီဖုန်းပစ္စည်းမျိုးပါရှိမှာမဟုတ်ပါဘူး။ အဲ့လိုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်အတိုင်းပဲ မူလပြဋ္ဌာန်းချက်မှာ မူလပြဋ္ဌာန်းချက်ရဲ့ရည်ရွယ်ချက်က လိုင်စင်ရရှိပြီးမှဆိုတာက ဆက်သွယ်ရေးဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီများကိုသာ ရည်ညွှန်းတာဖြစ်တဲ့အတွက်ကြောင့် မူလပြဋ္ဌာန်းချက်အတိုင်းပဲထားရှိဖို့ ကျွန်တော်တို့တင်ပြအပ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးရဲ့ရှင်းလင်းတင်ပြချက်က နည်းဥပဒေမှာ တစ်ကိုယ်ရည်သုံးသူများမထိခိုက်ဘဲနဲ့ ဒီတည်ထောင်သူများသာရည်ညွှန်းတယ်ဆိုတာသိရတဲ့အတွက် ကျွန်တော့်ပြင်ဆင်ချက်ကို ပြန်လည်ရုပ်သိမ်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် အခုမူလပြင်ဆင်ချက်အတိုင်းပဲထားရှိဖို့ ဦးသိန်းညွန့်ကလည်း ပြန်လည်ရုပ်သိမ်းသွားပါတယ်။ ဒါ့ကြောင့်မို့လို့ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ မရှိတဲ့အတွက် မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သို့ရာတွင် ဒုတိယဝန်ကြီးရှင်းလင်းသွားတဲ့အတိုင်း နည်းဥပဒေမှာ တိတိကျကျ ဖော်ပြပေးဖို့ တိုက်တွန်းလိုပါတယ်။ အမှတ်စဉ် ၆၁ ဦးသိန်းညွန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်ယ်န်းကွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်သည် ပုဒ်မ ၆၆ မှာ (က)နှင့်(ခ) ကို ပယ်ဖျက်ဖို့ကျွန်တော် ပြင်ဆင်ချက်တင်ပါတယ်။ သို့သော် (ခ)ကိုတော့ ဥပဒေကြမ်းကော်မတီက ကျွန်တော်နဲ့ သဘောတူညီပြီးတော့ ပယ်ဖျက်ထားပြီးဖြစ်ပါတယ်။ (က) နဲ့ပတ်သက်ပြီးတော့ရှင်းလင်းပြရရင် ကျွန်တော့်အမြင်ကတော့ ၆၆ (က)နဲ့(ခ) ဟာ သဘောထားခြင်းအတူတူပဲ ဖြစ်ပါတယ်။ နောက်ဒီမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များက အင်မတန်ကျယ်ဝန်းတဲ့ အဓိပ္ပာယ်တွေပါပါတယ်။ အဲ့တော့ ခုလို ကျွန်တော်တို့ တရားစီရင်ရေးစနစ်ကြီးဟာ ပြုပြင်ပြောင်းလဲဖို့လိုအပ်နေတဲ့အချိန်မှာ ဒီပုဒ်မကိုပြဋ္ဌာန်းခြင်းအားဖြင့် သတင်းမီဒီယာသမားတွေနဲ့ သာမန်လူတစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်ကို ခြိမ်းခြောက်နိုင်ပြီးတော့ အနိုင်ယူတဲ့အချက်ဖြစ်နေပါတယ်။ နောက်တစ်ချက်ကတော့ ဒီပုဒ်မ (ခ)ကို ပြဋ္ဌာန်းခြင်းဟာ ဒီဥပဒေရဲ့ရည်ရွယ်ချက် အခန်း(၂)မှာပါတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတည်ဆောက်ရေးလုပ်ကိုင်သူနှင့် အသုံးပြုမှုတို့ကို ဥပဒေနှင့်အညီအကာအကွယ်ပေးနိုင်ရန်ဆိုတဲ့ရည်ရွယ်ချက်နဲ့လည်း ဆန့်ကျင်ကွဲလွဲပြီးတော့ ဒီကျယ်ဝန်းတဲ့ အဓိပ္ပာယ်ကြောင့် လိုရင်လိုသလို အရေးယူနိုင်တဲ့ပုဒ်မဖြစ်တဲ့အတွက် ပယ်ဖျက်ပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ပြင်ဆင်ချက်တင်သွင်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၆၆ ပုဒ်မခွဲ(က)ကို ကျွန်တော် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးဖြောင့်သောသဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှင့်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း ဆိုတဲ့အချက်ဟာ လက်ရှိဥပဒေနဲ့ လက်ရှိကာလမှာ Cyber Law တို့ မပေါ်သေးတဲ့ အချိန်မှာ သုံးစွဲသူတွေအတွက်ရည်ရွယ်ပြီးတော့ ကာကွယ်ထားတာဖြစ်ပါတယ်ခင်ဗျား။ တည်ဆဲမြန်မာနိုင်ငံ ကြေးနန်းအက်ဥပဒေ ပုဒ်မ ၂၃ ကိုကိုးကားပြီးတော့လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေတွေဖြစ်တဲ့ မလေးရှားနိုင်ငံရဲ့ Communication and multimedia Act 1998 မှာပြဋ္ဌာန်းချက်တွေအရလည်းကောင်း၊ ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာထုတ်ထားတဲ့ WAN ဆိုင်ရာအမိန့်တွေဖြစ်တဲ့ကြော်ငြာစာ အမိန့် (၃/၂၀၁၂) အဲဒီအခန်း(၃) ပုဒ်မ ၂၁ မှာပါတဲ့ တားမြစ်ချက်တွေအရသော်လည်းကောင်း မူလဝန်ကြီးဌာနက တင်ပြထားတဲ့ မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးဖြောင့်သော သဘောဖြင့် လက်ခံခြင်းဆိုတဲ့နေရာမှာ ပြင်ပပညာရှင်များနှင့် အသင်းအဖွဲ့များဝင်ရောက်ဆွေးနွေးတဲ့အခါမှာ E-

mail တစ်ခုတည်းကို ဘယ်သူက ပို့လိုက်မှန်းမသိဘဲနဲ့ ရောက်လာတဲ့ လက်ခံခြင်းမျိုးအတွက်နဲ့ ပြည်သူလူထုတစ်ယောက် အပြစ်ပေးခံရတာမျိုးကိုတော့ သူတို့လက်မခံနိုင်ပါဘူး။ အဲဒီလက်ခံခြင်း မသိဘဲနဲ့ လက်ခံရတဲ့အနေအထားမှာ ဒါတွေကို ပယ်ဖျက်ပြီးတော့ ဒီဥပဒေ၊ ဒီပုဒ်မ မူလပုဒ်မ ၆၆ (က)ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ထားချက်အတိုင်းထားမယ်ဆိုရင်တော့ လက်ခံနိုင်ပါတယ်ဆိုပြီး အားလုံးသဘောတူညီထားတာဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်းသာ အတည်ပြုပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်အားမေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်ရဲ့ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)အား ပြင်ဆင်ဆွေးနွေးမှုများမှာ တစ်ဦးချင်းသုံးစွဲသူများကို ကာကွယ်ပေးရန် ရည်ရွယ်တဲ့အတွက်ကြောင့် အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ ဒီလို တစ်ဦးချင်းသုံးစွဲသူများကို ကာကွယ်ရန်အတွက်ဆိုပြီး ရည်ရွယ်ပြီးတော့ ပုဒ်မ ၆၆ ပုဒ်မခွဲ(ခ)ကို ဥပဒေကြမ်းကော်မတီနှင့်ညှိနှိုင်းပြီးတော့ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါတယ်ခင်ဗျား။ ယခု ဆွေးနွေးနေတဲ့ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဃ)မှာတော့ ဆက်သွယ်ရေးဥပဒေရဲ့ ပြဋ္ဌာန်းချက်များအတိုင်း တစ်ဦးချင်းသုံးစွဲသူများကို ကာကွယ်ရုံတင်မက ယခုလက်ရှိ Online အဖွဲ့အစည်းမှာဖြစ်ပေါ်နေတဲ့ အဖွဲ့အစည်းအလိုက် Organized Crime လိုကိစ္စရပ်များ Social Networking Site တစ်လွဲသုံးစွဲမှုများအတွက် ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်ခင်ဗျား။ အဲဒီအတွက် ကျွန်တော့်တို့အနေနဲ့ တစ်ဦးချင်းသုံးစွဲသူများကို ကာကွယ်ဖို့အတွက် ပုဒ်မ ၆၆ ပုဒ်မခွဲ (ခ)ကို ပယ်ဖျက်ပြီးဖြစ်ပါတယ်။ ယခု ဥပဒေအနေနဲ့တော့ ကျွန်တော်တို့ ဆက်လက်တည်ရှိမယ်ဆိုလို့ရှိရင် သုံးစွဲသူများကို စနစ်တကျအကာအကွယ်ပေးနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို ကျွန်တော်တို့အနေနဲ့ ထောက်ခံပါတယ် ခင်ဗျား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒုတိယဝန်ကြီးရဲ့ ရှင်းလင်းတင်ပြချက်က ကျိုးကြောင်းဖော်ပြပြီး လက်ခံနိုင်တဲ့အတွက် ကျွန်တော်ပြင်ဆင်ချက်ကို ပြန်ရုပ်သိမ်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၈ အမှတ်စဉ် ၆၆ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ် ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမှတ်စဉ် ၆၆ အမျိုးသားလွှတ်တော် ပြင်ဆင်ချက် အခန်း(၁၉) အမျိုးသားလွှတ်တော် ပြင်ဆင်ချက်ပုဒ်မ ၇၃ အဲ့ဒီမှာ ကျွန်တော်ပြင်ထား တာက အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ မည်သူမဆိုဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှု အတွက် ဤဥပဒေတွင်ပြဋ္ဌာန်းသည့် ပြစ်ဒဏ်များချမှတ်ခြင်းခံရမည်ဆိုပြီးတော့ လွှတ်တော်တွင် ကျန်တဲ့ ပြင်ဆင်ချက်ကတော့ မည်သူမဆို ဤဥပဒေပါပြစ်မှုကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ ပြစ်မှုကျူး လွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဥပဒေတွင် ပြဋ္ဌာန်းသည့်ပြစ်ဒဏ်များချမှတ်ခြင်းခံရမည်ဆိုပြီးတော့ ပြင်ထားရခြင်းကတော့ သဘာဝကျစေရန်နှင့် အဓိပ္ပာယ်ပိုမိုလေးနက်စေရန်ဖြစ်ပါတယ်။ အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန)**။ ။ ကန့်ကွက်ရန်မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဒေါက်တာစိုင်းကျော်အုန်း နမ့်ခမ်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာစိုင်းကျော်အုန်းရဲ့ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆၈ ဒေါက်တာစိုင်းကျော်အုန်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၆၈ အခန်း(၂၀) မူလပြဋ္ဌာန်းချက် ပုဒ်မ ၇၄ ဖြစ်သွားမှာဖြစ်ပါတယ်။ အဲဒီ ပုဒ်မ ၇၄ ထဲက ကျွန်တော် ပြင်ထားတဲ့ဟာကို ကျွန်တော်အချိန်ကို ငဲ့ညာတဲ့အတွက်ကြောင့် ကျွန်တော်ပြင်တဲ့ဟာပဲပြောသွားမှာ ဖြစ်ပါတယ်။ အခန်း(၁၉) ပုဒ်မ ၇၄ စာကြောင်းရေ ၆ မှာ အသုံးပြုသူကို အကာအကွယ်ပေးခြင်းကိစ္စ များဆိုတဲ့နေရာမှာ ကျွန်တော်က အသုံးပြုသူကို အကာအကွယ်ပေးခြင်းဆိုင်ရာဆိုပြီးတော့ ထပ်ပြီး တော့ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ စာကြောင်းရေ ၁၂ ဝန်ကြီးဌာနမှ တာဝန်ပေး အပ်သူက ဥက္ကဋ္ဌအဖြစ်လည်းကောင်းဆိုတဲ့နေရာမှာ ကျွန်တော်က ဝန်ကြီးဌာနမှတာဝန်ပေးအပ်သူအား ဥက္ကဋ္ဌအဖြစ်လည်းကောင်းလို့ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ (က)နေရာမှာ အားအစားထိုးခြင်းဖြစ်ပါ တယ်။ နောက်ပြီးတော့ စာကြောင်းရေ ၁၇ ကျွမ်းကျင်ပညာရှင်များဦးစီးဌာန စသည်တို့သည်တို့မှ ကိုယ်စားလှယ်များ ပုဒ်ထီးနေရာမှာ ကျွန်တော်က အားဆိုပြီးတော့ ပြန်ပြီးတော့ ဖြည့်ထားခြင်းဖြစ်ပါ တယ်။ ဒီလိုပြင်ဆင်ရခြင်းအကြောင်းကတော့ မြန်မာစာရေးထုံးနဲ့ ညီညွတ်စေရန်ဖြစ်ပါတယ်။ သဒ္ဒါနည်း လမ်းကျစေရန်ဖြစ်ပါတယ်။ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီး ဌာန)**။ ။ နမ့်ခမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်းရဲ့ ပြင်ဆင်ချက် အဆိုများမှာ မူလပြဋ္ဌာန်းချက်များရဲ့ အနှစ်သာရကို မထိခိုက်စေဘဲနဲ့ အသုံးအနှုန်းပိုမိုမှန်ကန် ပြည့်စုံပြီး အဓိပ္ပာယ်ပေါ်လွင်စေတဲ့အတွက် ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဒေါက်တာစိုင်းကျော်အုန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာစိုင်းကျော်အုန်းရဲ့ ပြင်ဆင်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၉ အမှတ်စဉ် ၇၁ ဦးသိန်းညွန့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ဒီဥပဒေဟာ အရေးယူပိုင်တဲ့ပြစ်မှုဖြစ်ပါတယ်ခင်ဗျား။ ပြီးတော့ အခုချိန်မှာ တစ်ဦးချင်း သုံးစွဲသူများအတွက် နည်းဥပဒေလည်းမပြဋ္ဌာန်းနိုင်သေးပါဘူး။ အဲ့ဒီတော့ ဒီလိုအချိန်မျိုးမှာ လူတစ်ဦး

ချင်းရဲ့ လွတ်လပ်ခွင့်နဲ့ ဒီသုံးစွဲမှုတွေအပေါ်မှာ မှားယွင်းစွာပြစ်ဒဏ်မပေးနိုင်ဖို့ ထိန်းချုပ်နိုင်ဖို့အတွက် ဒီဥပဒေဟာတရားစွဲမယ်ဆိုရင် ဝန်ကြီးဌာနရဲ့ကြိုတင်ခွင့်ပြုချက်ထက်ကို နိုင်ငံတော်သမ္မတရဲ့ ကြိုတင်ခွင့်ပြုချက်ရယူပြီးမှ ထိန်းကျောင်းထားခြင်းအားဖြင့် ဒီပြစ်ဒဏ်ပေးခံရမယ့်လူအရေအတွက် နည်းပါးလာမှာဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်ကို တင်ရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန)**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်ရဲ့ တင်ပြချက်စပ်လျဉ်းလို့ ကျွန်တော်ရှင်းလင်းတင်ပြပါမယ်။ ဦးသိန်းညွှန့်ရဲ့ ရှင်းလင်းတင်ပြချက်က အလွန်မှန်ကန်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ တစ်ဦးချင်းကို မှားယွင်းပြီးတော့တရားစွဲဆိုမှုမဖြစ်စေရေးအတွက် ကျွန်တော်တို့ တင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒီဥပဒေရဲ့ပြဋ္ဌာန်းချက်က တရားစွဲဆိုဖို့ကိစ္စပေါ်လာတဲ့အခါမှာ အလွယ်တကူ တရားစွဲဆိုခြင်းမပြုဘဲနဲ့ ဒီဟာက နည်းပညာနဲ့ပတ်သက်ဆက်နွှယ်နေတဲ့ ကိစ္စ များဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ နည်းပညာကျွမ်းကျင်တဲ့ ဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်နဲ့ ကြိုတင်သဘောတူညီချက်ယူပြီးမှ ခွင့်ပြုချက်ယူပြီးမှ တရားစွဲဖို့ဆိုတာမျိုးကို ကျွန်တော်တို့ ထည့်သွင်းထားတာဖြစ်ပါတယ်။ အဲ့ဒီအတွက် မူလပြဋ္ဌာန်းချက်အတိုင်းထားရှိဖို့ ပိုမိုသင့်တော်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွှန့် မပြောတော့ဘူးလား။ ကဲဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ မူလပြဋ္ဌာန်းချက်အတိုင်းပဲ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ကိုယူတာ ပိုပြီးသင့်တော်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးသိန်းညွှန့်ရဲ့ အဆိုပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ ဝန်ကြီးဌာနကလည်း မူလအတိုင်းထားရှိဖို့လည်း၊ ဥပဒေကြမ်းကော်မတီကလည်း မူလအတိုင်းထားရှိဖို့ ဆွေးနွေးသွားတာရှိပါတယ်။ ဒါ့ကြောင့်မို့လို့ မူလအတိုင်းထားရှိဖို့အတွက် လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ တစ်ယောက်ရှိပါတယ်။ ဦးသိန်းညွှန့်ပါ။ ဒါ့ကြောင့်မို့လို့ ဦးသိန်းညွှန့်တစ်ယောက်တည်းပဲ ကန့်ကွက်ပြီး ကျန်တဲ့သူတွေ

ကန့်ကွက်မှုမရှိတဲ့အတွက် မူလအတိုင်းပြဋ္ဌာန်းချက်အတိုင်းထားရှိရန်အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်သွယ်ရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဆက်သွယ်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ဆက်သွယ်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကိုထပ်မံအသိပေးမည်ဖြစ်ကြောင်းနဲ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်သွယ်ရေးဝန်ကြီးဌာနကိုလည်း ကျန်တဲ့ဝန်ကြီးဌာနများကအားပေးတဲ့အတွက် အားပေးသူများကို ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။

**အချိန်၊ ၁၆း၃၀။**

7-8-2013(Record)

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၉) ရက်မြောက်နေ့ကို ၁၆း၃၀ နာရီတွင် ရပ်နားပါသည်။ ]